မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၆ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၇)

# လာမည့်နွေ ယခင်ပုံမှန် နွေရာသီထက် ပိုပူမည်

**ရန်ကုန် မတ် ၅**

မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သည့် တပေါင်းလဆန်းသို့ ကူးပြောင်းလာသည်နှင့် ရန်ကုန်နွေဦးက ယခုနှစ် အထူးပူပြင်းလာသည်။ နံနက် ၁၀ နာရီကျော် နွေနံနက်ခင်းမှာပင် နေပူဒဏ်က စူးရှလှသည်။ မွန်းတည့်၊ မွန်းလွဲအချိန်များတွင်မူ အပူဒဏ်က မီးစနှင့် ထိုးသည့်နှယ် တစ်စတစ်စ ပိုပြင်းထန်လာသည်။ ရန်ကုန်မြို့ခံ အများစုသည်လည်း ရန်ကုန်နွေဦး၌ပင် ထီးကိုယ်စီနှင့် တွေ့မြင်လာရသည်။

သို့ဖြင့် မြန်မာနိုင်ငံ၏ လတ်တလောအပူရှိန်မြင့်တက်လာမှုနှင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✳

## မိုဆူးလ်မြို့၏ အချက်အချာမြို့ဟောင်းကို အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အီရတ်တပ်ဖွဲ့များ ထပ်မံထိုးစစ်ဆင်

စာ-၁၀



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ၊ ညောင်ပင်သာရပ်ကွက်၌ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များက သောက်သုံးရေ ခက်ခဲနေသည့် ပြည်သူများအတွက် ဂါလန် ၁၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် မတ် ၄ ရက်က သွားရောက်လှူဒါန်းစဉ်                    ကိုရဲ



ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကွင်းဆင်းဆောင်ရွက်စဉ်

# ငှက်ဖျားရောဂါကို ပပျောက်သည်အထိ စီမံချက်ဖြင့် မြန်မာနိုင်ငံဒေသငါးခု၌ ဆောင်ရွက်မည်

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံရှိ ဒေသငါးခု၌ ငှက်ဖျားရောဂါပပျောက်သည်အထိ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ငှက်ဖျားရောဂါ စီမံချက်မန်နေဂျာ ဒေါက်တာမျိုးဝင်းက ပြောကြားသည်။

"ငှက်ဖျားရောဂါကို ကျွန်တော်တို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ငှက်ဖျားရောဂါ စီမံချက်ဌာနကနေပြီး လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်ကနေ ယခုအထိ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေတာပါ။ အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတို့မှာရှိတဲ့ မြို့ရွာကျေးလက်ဒေသတွေအထိ ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို ကွင်းဆင်းဆောင်ရွက်နေတာ အခုဆိုရင် မရှိသလောက်ကို ပပျောက်နေပါပြီ။ ငှက်ဖျားဖြစ်ပွားမှုလည်း မရှိသလောက် ဖြစ်နေပါပြီ။ ဒီဒေသငါးခုကို ငှက်ဖျားကင်းစင်ရေး နယ်မြေ အဖြစ် သတ်မှတ်နိုင်ဖို့ အပြီးသတ်ဆောင်ရွက်သွားမှာပါ။ ပြင်ပကနေပြီး ဝင်လာတဲ့ငှက်ဖျားပိုးတွေကတော့ ရှိကောင်းရှိနိုင်တယ်။ ဒေသကနေပြီး ပေါက်ဖွားလာတဲ့ငှက်ဖျားပိုးတော့ မရှိတော့လောက်အောင် ရှားသွားပါပြီ" ဟု ငှက်ဖျားရောဂါ စီမံချက် မန်နေဂျာ ဒေါက်တာမျိုးဝင်းက ပြောသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ငှက်ဖျားရောဂါ စီမံချက်မှ ငှက်ဖျားဆေးခန်း ၁၉ ခုအား မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ဖွင့်လှစ်ထားပြီး ငှက်ဖျားရောဂါသွေးစစ်ဆေးပေးခြင်း၊ ကာကွယ်တားဆီးရေးနှင့် ကုသရေးတို့ကို ကျေးရွာပေါင်း ၆၀၀ ခန့်၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ●



## မြန်မာ့အလင်း

# ဥတုရာသီနှင့်ညီစွာ စားသောက်နေထိုင်ရာ၏

နိုင်ငံတစ်ဝန်းဒေသအသီးသီးတို့တွင် နေ့အပူချိန်များက တရိပ်ရိပ်မြင့်တက်လာပြီဖြစ်သည်။ ယခုကာလသည် မြန်မာပြက္ခဒိန်အရ နှစ်တစ်နှစ်၏နောက်ဆုံးလဖြစ်သကဲ့သို့ ဥတုရာသီအပြောင်းအလဲ၊ ရေမြေတောတောင်သဘာဝပတ်ဝန်းကျင်တို့၏ အပြောင်းအလဲတို့ကို ပြက်ပြက်ထင်ထင်မြင်ရသော ကာလလည်းဖြစ်သည်။ "တပေါင်းသာခေါင် လများနောင်" ဟု စာဆိုနှင့်အညီ မြန်မာစာဆို၊ ပါဠိစာဆို၊ သက္ကတစာဆိုတို့က တပေါင်းလ၏ သာယာလှပပုံကို ရှေးစာများ၌ ဂန္ထဝင်မြောက်စွာ ဖွဲ့ဆိုခဲ့ကြသည်။

"တပေါင်း၊ တန်ခူးနှစ်လတို့သည် ဝသန္တဥတုမည်၏။ လောကသည် စဉ်းငယ်ပူ၏။ ကောင်းကင် ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချရား၊ သော်က၊ သရဖီ အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။ ဥသြငှက်၊ ပျားပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။ တောင်လေလာ၏" ဟု ဥတုဘောဇနသင်္ဂဟကျမ်းတွင် တွေ့ရသည်။ ဥတုအာဟာရဖြင့် သတ္တဝါတို့၏ မာခြင်း၊ နာခြင်းသည်လည်းကောင်း၊ အသက်ရှည်ခြင်းသည်လည်းကောင်း ဖြစ်သောကြောင့် အထူးထူးသော ဆေးကျမ်းတို့၌ဆိုအပ်သော ဥတုဘောဇဉ်တို့ကို ပေါင်းစုရာဖြစ်သောကျမ်းဟူ၍ ဥတုဘောဇနသင်္ဂဟကျမ်းကို ဖွင့်ဆိုထားရာ ရာသီဥတုနှင့်လိုက်လျောညီထွေစွာ နေထိုင်စားသောက်တတ်စေရန်အတွက် လမ်းညွှန်ပြသောကျမ်းဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့ရိုးရာဆေးကျမ်းတို့အလိုအရ တပို့တွဲလနှင့် တပေါင်းလတို့ကို သိသိရ ရတုဟူ၍လည်းကောင်း၊ တန်ခူးလနှင့် ကဆုန်လတို့ကို ဝသန္တရတုဟူ၍လည်းကောင်း ခွဲခြားသတ်မှတ်ထားရာ အဆိုပါလများ၌ ပင်ပန်းစွာ ပြုလုပ်ရမည့် အမှုတို့ကို မပြုလုပ်ရန် မဃဒေဝလင်္ကာတွင် အကြံပြုထားသည်ကို တွေ့ရသည်။ " ထိုမှတစ်ထူး၊ အတာကူးသား၊ တန်ခူးကဆုန်၊ ပူဟုန်တက်ကြွ၊ ဝသန္တနှင့်၊ တဝထိုမျှ၊ တပို့-တပေါင်း၊ ကြက်ဆောင်းမာသ၊ သိသိရ၌၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြင်းစွာ၊ မပြုရာတည့်" ဟူ၍ ဆိုထားသည်။ ဤကာလတွင် ကြေလွယ်သော၊ သလိပ်ကိုနိုင်သော အစပ်၊ အပူ၊ အငန်၊ အခါးအရသာတို့ကိုသာ စားရန်၊ ကုန်းသတ္တဝါတို့၏ အသားကိုသာစားရန်၊ နှိပ်နယ်ခြင်း၊ မျက်စဉ်းခတ်ခြင်း၊ နှာနှပ်ခြင်း၊ သလိပ်ထွက်စေသည့် ဆေးမှိုဝဲခြင်း၊ စိမ့်စမ်းရေတံခွန်တို့မှ ရေကိုသုံးဆောင်ခြင်းစသည်တို့ကို ခေတ်နှင့်အညီပြု၍ နေ့ဘက်တွင် အိပ်စက်ခြင်း၊ အချိုအဆိမ့်၊ အဖန်၊ အေးသော၊ ကြေခဲသောအစာနှင့် တက်သောအစာတို့ကို ရှောင်ကြဉ်ရန် လမ်းညွှန်ထားကြသည်ကို တွေ့ရသည်။

အပူချိန်မြင့်မားသည့် အချိန်ကာလတွင် အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဆားဓာတ်များ ဆုံးရှုံးမှုများပြားကာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်၍ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်ကြောင်းနှင့် အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နှစ်စဉ်နှိုးဆော်ပေးလျက်ရှိသည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးအတွက် နေပူရှိန်မြင့်တက်လာသည့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်၊ မြစ်ကမ်းနား၊ ရေဆိပ်တို့၌ ရေချိုးခြင်းကို ရှောင်ကြဉ်၍ အရိပ်ရပြီး အေးမြသောနေရာများတွင် နေရန်၊ နေပူမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရန်၊ နေပူအောက်တွင် ကိုယ်လက်လှုပ်ရှားခြင်း၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ခြင်းတို့ မပြုရန်၊ အပူရှိန်ပြင်းထန်သော နေ့ခင်းအချိန်တွင် ခရီးသွားခြင်း၊ အရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊ နေ့ခင်းဘက်အပြင်ထွက်ပါက အရိပ်လုံလောက်စွာရသည့် ထီး၊ ဦးထုပ်များဆောင်းရန်နှင့် အဖြူရောင်၊ အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်ကိုသာ ဝတ်ဆင်ရန်၊ ရေ၊ ဖျော်ရည်နှင့် ဓာတ်ဆားရည်တို့ သောက်သုံးရန်၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ နေ့လယ်နေ့ခင်းတွင် လေဝင်လေထွက်ကောင်းသည့် အရိပ်ရသောနေရာများ၌ နေရန်၊ ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ရန်နှင့် ကိုယ်အပူချိန်မြန်မြန်ကျဆင်းစေရန်အတွက် လည်ပင်း၊ ချိုင်းကြားနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် စုစုပေါင်းငါးနေရာတွင် ရေအေးဖတ်ကပ်ကာ ရေများများသောက်စေရန်၊ အပူဒဏ်ကြောင့် နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့ဖြစ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကုသရန် နှိုးဆော်ထားသည်တို့ကို ထပ်ဆင့်မျှဝေအကြံပြုအပ်ပါကြောင်း။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးဆောင်ရွက်

**ပဲခူး မတ် ၅**

ပဲခူးမြို့ ဉဿာမြို့သစ် ရန်ကုန်-မန္တလေး ကားလမ်းဘေး ရပ်ကွက်ကြီး (၇) ရှိ လျှပ်စစ်ဓာတ်အားခွဲရုံအမှတ် (၂) ၌ မတ် ၅ ရက်က 10 MVA 33/11KV (NLTC-7) အစား 20 MVA 33/11KV(NLTC-7) ကို တိုးမြှင့်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ 20 MVA 33/11KV (NLTC-7) တပ်ဆင်ပြီးပါက ပဲခူးမြို့ ဇိုင်း/တောင်၊ ကျွန်းသာယာ၊ မဇင်း၊ ကလျာဏီ၊ ရပ်ကွက်ကြီး(၁)၊ ရပ်ကွက်ကြီး(၂)၊ ရပ်ကွက်ကြီး(၃)၊ ရပ်ကွက်ကြီး(၄)၊ ရပ်ကွက်ကြီး(၅)၊ ရပ်ကွက်ကြီး(၆)၊ ရပ်ကွက်ကြီး(၇)ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲရမည်ဖြစ်ပြီး ဓာတ်အားတည်ငြိမ်ရေးအတွက် ကိုယ်ပိုင်ထရန်စဖော်မာများဖြင့်ပါ လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**




# အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၅**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်အရှေ့ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၅-၃-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် | (လက်ကားစျေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားစျေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားစျေး) |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ ・ ၆၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၉ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ ဗီယက်နမ်သို့ ထွက်ခွာ



## ပို့ဆောင်နှုတ်ဆက်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်** (သတင်းစဉ်)

**နေပြည်တော် မတ် ၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Ngo Xuan Lich ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး သွားရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mrs. Luan Thuy Duong၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sok Chea နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အတူ အဖွဲ့ဝင်များအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ဗီယက်နမ်တပ်မတော် နိုင်ငံခြားဆက်ဆံရေးဌာနအကြီးအကဲ Lt. General Vu Chien Thang နှင့် တပ်မတော်အရာရှိကြီးများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိကြပြီး သံရုံးညှော်ခန်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးတို့မှ မိသားစုများ၊ ဗီယက်နမ်နိုင်ငံတွင် သင်တန်းတက်ရောက်နေသည့် သင်တန်းသားများအား အမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ၊ တပ်မတော်အထည်ချုပ်စက်ရုံများမှ အဝတ်အထည်များအား ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမိသားစုများ၊ စစ်သံမှူးနှင့်ဇနီး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် ဒေါက်တာခါလစ် ဟူစိန် မန်မွန်အား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ဒေါက်တာခါလစ် ဟူစိန် မန်မွန်အားခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာခါလစ် ဟူစိန် မန်မွန်ကို ၁၉၆၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ဆေးပညာဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဆိုင်ရာဘွဲ့များ ရရှိထားသည်။ ၁၉၈၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ကြီးဌာနတွင် အစ္စလာမ္မစ် ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့နှင့် အာဖရိကနိုင်ငံများဆိုင်ရာဌာနတွင် အရာထမ်းအဖြစ် လည်းကောင်း၊ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာဌာနနှင့် ဘဏ္ဍာရေးဌာနတို့၏ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ဘဏ္ဍာရေးဌာနနှင့် ဌာနချုပ်တွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အော်စလိုမြို့ရှိ ပါကစ္စတန်သံရုံး၌လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ကိုင်ရိုမြို့ရှိ ပါကစ္စတန်သံရုံး၌ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ စ၍ ပိုလန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

ထိုဆောင်ရွက်မှုများအား ယခု ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ငှက်ဖျားရောဂါစီမံချက်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၁၃၅ မြို့နယ် မှ ဆရာဝန် ၄၀၀ ခန့်အား ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေးသင်တန်းများပေးခြင်းနှင့် ငှက်ဖျားရောဂါအတွက် လိုအပ်သောဆေးဝါးများအား ဖြန့်ဝေပေးပြီးဖြစ်သည်။ ဒေသခံပြည်သူလူထုအနေဖြင့် ငှက်ဖျားရောဂါ ခံစားနေရပြီးဆိုလျှင် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးခန်းများ၌ အခမဲ့ကုသမှုခံယူနိုင်ကြောင်း သိရသည်။ ယခုအခါတွင် ငှက်ဖျားရောဂါသည် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ဖြစ်ပွားမှုများရှိကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ငှက်ဖျားရောဂါဌာန ရန်ကုန်ရုံးမှ သိရသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

## လိမ္မာယဉ်ကျေး ပြည့်ရွှေသွေး လူငယ်တရားစခန်းဖွင့်

**နတ်မောက် မတ် ၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောအုပ်စု ကျွန်းတောကျေးရွာ ကျွန်းတောကျောင်းတိုက်၌ နေပြည်တော်ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိလာသ၊ မြို့မဈေးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တတေဇောသာရ၊ တံခွန်တိုင်ကျောင်းဆရာတော် ဒေါက်တာ ဝါယမတို့ ဦးဆောင်၍ လိမ္မာယဉ်ကျေး ပြည့်ရွှေသွေး လူငယ်တရားစခန်းကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၇၊ ၈၊ ၉ ရက် သုံးညအိပ်တရားစခန်းကို သင်တန်းနည်းပြ ဆရာတော်များ၊ သင်တန်းဆရာ ဆရာမများ၊ တရားစခန်းဝင် ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

## ရွှေတိဂုံစေတီတော်ကျောက်စာကြေးကမ္ပည်း ပြန်လည်ရေးထွင်း၍ ဖွင့်လှစ်

**ရန်ကုန် မတ် ၅**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏ ဦးဆောင်မှု၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုများနှင့်အတူ စေတီတော်မြတ်ကြီး၏ အလယ်ပစ္စယံ အရှေ့မြောက်ထောင့်တွင် စိုက်ထူထားသောဓမ္မစေတီမင်းကြီး (ရာဇာဓိပတိ) ၏ ခေတ်အဆက်ဆက် မွန်မင်းများက ရွှေတိဂုံစေတီတော်ကြီးအား တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ သမိုင်းကောင်းမှုတော် ကျောက်စာတိုင်အား မြန်မာမှုအနုလက်ရာများဖြင့် ကြေးထွင်းကမ္ပည်း ပြန်လည်ရေးထိုးရာတွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီး၍ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်စာတိုင်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလ ဆောက်တည်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ ကျောက်စာတိုင် ကြေးထွင်းကမ္ပည်းများအား အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။

"၁၄၊ ၁၅ ရာစုခေတ်က ဓမ္မစေတီမင်းကြီးရေးထိုးထားတဲ့ ရွှေတိဂုံစေတီတော်သမိုင်းကျောက်စာကို အများပြည်သူများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ဖို့ ကြေးထွင်းကမ္ပည်းအဖြစ် မွန်၊ မြန်မာနှစ်ဘာသာဖြင့် ပြန်လည်ရေးထွင်းလှူဒါန်းခဲ့တာ ဖြစ်ပါတယ်" ဟု မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်စိုးအောင်က ယင်းအခမ်းအနားတွင် ပြောကြားသည်။

မူလသဲကျောက်ပေါ်၌ ရေးထွင်းထားသော ကျောက်စာမှာ နှစ်ကာလကြာညောင်းလှပြီဖြစ်၍ ဘုရားဖူးပြည်သူများ ဖတ်ရှုလေ့လာရန် အခက်အခဲရှိခြင်းကြောင့် ကြေးထွင်းကမ္ပည်းအဖြစ် ပြန်လည်ရေးထွင်းပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း နိုင်စိုးအောင်က ဆက်လက်ရှင်းပြသည်။

အဆိုပါ ကြေးကမ္ပည်းတွင် မွန်ဘာသာဖြင့်(က)(ခ)၊ မြန်မာဘာသာဖြင့် (က) (ခ) တစ်မျိုး နှစ်ချပ်စီပါဝင်သည့်အပြင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်း ကြေးပြားကမ္ပည်းကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရသည်။

ဓမ္မစေတီမင်း၏ ကျောက်စာတွင် ရေးထွင်းထားသော ရွှေတိဂုံစေတီတော် သမိုင်းအကျဉ်းတွင် ရှင်တော်မြတ်ဘုရား၏ ဆံတော်ဓာတ်ရရှိပြီး တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ပါး အသိတဥ္စန၊ နဂိုရ်မြို့ တမ္ဗဂုတ္တတောင်ထိပ် (ယခု ရွှေတိဂုံကုန်းတော်) ပေါ်၌ စေတီတည်ထားကိုးကွယ်ခြင်းကို ပြဆိုခြင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ၂၃၆ နှစ်အလွန် သုဝဏ္ဏဘူမိ သထုံပြည်သို့ သောဏထေရ်နှင့် ဥတ္တရထေရ်နှစ်ပါး သာသနာပြုခရီး ရောက်ရှိပြီး သီရိဓမ္မာသောကမင်းကို အမှူးထားလျက် လူအပေါင်းတို့ပူဇော်ရန် ထပ်မံတည်ဆောက်ထားခြင်းကို ပြဆိုခြင်း၊ ထို့နောက် ဗညားဦးမင်း လက်ထက်မှစ၍ ဓမ္မစေတီမင်းအထိ မွန်မင်းရှစ်ပါးတို့က စေတီတော်အား အဆင့်ဆင့်ငုံလျက် တည်ထားကိုးကွယ်ပုံ၊ မဟာရံတံတိုင်းခတ်ပုံ၊ မြေပြင်ချိုင့်ဝှမ်းများအား ပြုပြင်ပုံ၊ ရွှေသင်္ကန်းကပ်ခြင်းကို မှတ်တမ်းတင်ထားသောရွှေတိဂုံစေတီတော် သမိုင်းအကျဉ်းဖြစ်သည်။ ယင်းကျောက်စာပါအတိုင်း ကြေးကမ္ပည်းထွင်းထားခြင်းဖြစ်ပြီး မူလသဲကျောက် ကျောက်စာတိုင်နှင့်အတူထားရှိကာ ဖွင့်လှစ်ထားသည်ကို တွေ့ရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**





မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်

* ရှေ့ဖုံးမှ

**မေး။ ။ ဒီနှစ် နွေရာသီက နွေဦးကာလမှာပဲ ပိုပြီးပူပြင်းလာတယ်လို့ ထင်ရပါတယ်။ ဆရာ့အနေနဲ့ ဒီအပေါ်မှာ သုံးသပ်ပြောကြားပေးပါ။**

ဖြေ။ ။ ဒီနှစ်နွေက ပူမယ်၊ ပုံမှန်နွေထက် ပိုပူမယ်၊ အဲဒါက ပြောနိုင်တဲ့အကြောင်းတွေ ရှိတယ်။ ကမ္ဘာတစ်ခုလုံး လောလောဆယ်အပူချိန်တွေ မြင့်နေတယ်။ မြင့်တော့ ၂၀၁၄ နွေရာသီအပူချိန်က ကမ္ဘာ့သမိုင်းမှာ အပူဆုံးနှစ်ဖြစ်သွားတယ်။ ၂၀၁၄ ထက် ၂၀၁၅ က ပိုပူတယ်။ ၂၀၁၅ ထက် ၂၀၁၆ က ပိုပူတယ်။ ၂၀၁၇ ကလည်း ပူမယ့် နှစ်တစ်နှစ်ဖြစ်ဖို့ အလားအလာများနေတယ်။ တစ်ခုရှိတာက ၂၀၁၅-၂၀၁၆ တုန်းက အယ်နီညိုဖြစ်ခဲ့တော့ ၂၀၁၅-၂၀၁၆ လောက် ၂၀၁၇ က မပူလောက်ဘူးလို့တော့ ထင်တယ်။ စံချိန်ချိုးတဲ့ နှစ်လိုတော့ ပြောလို့မရဘူး။ ဒါပေမယ့် ပုံမှန်နွေရာသီထက်တော့ ပိုပူမယ်လို့ ပြောချင်တယ်။

၂၀၁၅ ဇန်နဝါရီကနေ ၂၀၁၇ ဇန်နဝါရီလအထိ ၂၅ လ ရှိတယ်။ ၂၅ လ မှာ တစ်လချင်းအပူချိန်ကို ပြန်စစ်ကြည့်ရင် လွန်ခဲ့သော နှစ် ၃၀ (၁၉၈၁-၂၀၁၀) အထိ နှစ်ပေါင်း ၃၀ ပျမ်းမျှအပူချိန်ကို လအလိုက်ယှဉ်ကြည့်ရင် ၂၀၁၅ ဖေဖော်ဝါရီတစ်လပဲ ပျမ်းမျှအောက်လျော့တယ်။ ကျန်လတိုင်းလတိုင်းက ပျမ်းမျှထက် ပိုနေတာ တွေ့ရတယ်။ ၂၀၁၇ ရောက်တော့ နှစ် ၃၀ ပျမ်းမျှထက် ၀ ဒသမ ၀၃ ဒီဂရီစင်တီဂရိတ် ပိုနေတာတွေ့ရတယ်။ နောက်တစ်ခါ ၂၀၁၇ ဇန်နဝါရီလကိုကြည့်တဲ့အခါ ကမ္ဘာ့ သမိုင်းတစ်လျှောက် ဇန်နဝါရီလတွေ အားလုံးထဲမှာ ကမ္ဘာမှာ တတိယအပူဆုံးနှစ်ဖြစ်နေတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံအပါအဝင် အာရှတိုက်ဒေသ ကမ္ဘာတစ်ခုလုံးနီးပါး လွန်ခဲ့သောသုံးနှစ်က အပူချိန်တွေကိုကြည့်တာ ပျမ်းမျှအောက် လျော့တာမရှိဘူး၊ ပိုနေတာပဲ တွေ့ရတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့လတ်တလောရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရရော ဘယ်လိုဆက်ဖြစ်လာနိုင်ပါသလဲ။**

ဖြေ။ ။ ၂၀၁၇ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ သုံးလ၊ နောက်တစ်ခါ မတ်၊ ဧပြီ၊ မေမှာ သုံးလချင်း သုံးလချင်း အပူချိန်ကို ကြိုပြီးခန့်မှန်းကြည့်တာ မြန်မာနိုင်ငံရဲ့အပူချိန်ဟာ လာမယ့် ဧပြီလ၊ မေလအထိ အပူချိန်ဟာ ဖြစ်မြဲထက်ပိုမယ်လို့ အဖြေထွက်တယ်။ နေရာတော်တော်များများမှာ ပူမယ်။ ခြွင်းချက်ကတော့ ရှမ်းပြည်နယ်တစ်ခုပဲ ဖြစ်မြဲအောက် လျော့မယ်လို့ အဖြေထွက်တယ်။ ကချင်၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူး၊ ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်၊ ကရင်၊ မွန်၊ တနင်္သာရီ၊ အလယ်နဲ့ အနောက်ဘက်ခြမ်းတစ်ခုလုံး ဖြစ်မြဲထက် ပိုမယ်လို့အဖြေထွက်တယ်။ ဒါပူမယ်ဆိုတဲ့ ကဏ္ဍတစ်ခုကို ပြနေတာ။

နောက်တစ်ချက် ကမ္ဘာကြီးနဲ့ပတ်သက်ပြီး ရာသီဥတုကို ပြောရရင် အခုလက်ရှိ အနေအထားတွေမှာ အပူချိန်က ပိုပူတာပဲရှိတယ်။ ပိုအေးတယ်လို့ဖြစ် သွားတာမရှိဘူး။ ဒီလိုပူတဲ့အတွက် မိုးဆိုရင် ပိုပြီး စိုစွတ်တယ်။ ပိုပြီး ခြောက်သွေ့တယ်၊ အစွန်းနှစ်စွန်း ဖြစ်နိုင်တယ်။ မိုးသိပ်များပြီး ရေကြီးတဲ့နေရာတွေ ရှိနိုင်တယ်။ မိုးလုံးဝ မရွာတဲ့နေရာလည်း ရှိနိုင်တယ်။အပူချိန်ကျတော့ ပိုပူတယ်ပဲရှိတယ်။ လျော့တယ်ဆိုတာမရှိဘူး၊ အပူချိန်နဲ့ ပတ်သက်လို့ ဆရာတို့ခန့်မှန်းတဲ့အကြောင်း တစ်ချက်ပေါ့၊ နောက်ဆုံးအယ်နီညိုက ၂၀၁၅ ဇွန်လကစဖြစ်တယ်။ ၂၀၁၅ ခုနှစ် ဇွန်လကနေ ၂၀၁၆ ခုနှစ် မေလအထိ ၁၂ လဖြစ်ခဲ့တဲ့ အယ်နီညို က ကမ္ဘာ့သမိုင်းစဉ်မှာ အားအကောင်းဆုံးဖြစ်ခဲ့တယ်။

၂၀၁၆ မေလမှာ အယ်နီညို ပြီးသွားတယ်။ ၂၀၁၆ အောက်တိုဘာလမှာ လာနီညာဖြစ်တယ်။ ဒါပေမယ့် မသိလိုက်ဘူး။ လာနီညာ အားမကောင်းဘူး။ ၂၀၁၇ ကျန်တဲ့လတွေမှာ ဘာဖြစ်မလဲလို့တွက်ကြည့်တော့ အဖြေက အယ်နီညိုတစ်ကျော့ပြန်လာမယ့် အဖြေထွက်နေတယ်။ လာမယ့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ အယ်နီညို ပြန်ဖြစ်ဖို့ ရာခိုင်နှုန်း၅၀ သေချာတယ်။ ဒီနှစ်ကလည်း အယ်နီညို ဖြစ်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်နေတယ်။ ဒီတော့ အားလုံးခြုံကြည့်ရင် လက်ရှိအားလုံးမှာ ပူနေတယ်။ နာဆာတို့ ဘာတို့က တွက်တာလည်း မြန်မာပြည် အပူချိန်က လာမယ့်ဧပြီလအထိ ဖြစ်မြဲထက် ၀ ဒသမ၅ ကနေ ၁ ဒီဂရီစင်တီဂရိတ် ပိုမယ်လို့ ခန့်မှန်းထားတယ်။ အတော်အသင့်ပူမယ်ဆိုတဲ့ သဘောကိုပြနေတယ်။ ဒီအချက်တွေ အားလုံးအပေါ် အနီးစပ်ဆုံးသုံးသပ်ရရင် ၂၀၁၇ က ၂၀၁၆ လောက်တော့ မပူဘူး။ ဒါပေမယ့် ဖြစ်နေကျ တွေ့နေကျ ပုံမှန်နွေရာသီထက် နှစ်ပေါင်း ၃၀ ပျမ်းမျှ နွေရာသီထက်တော့ ၂၀၁၇ က ပိုပူမယ့် နှစ်တစ်ခုဖြစ်လာလိမ့်မယ်လို့ ဆရာ ခန့်မှန်းတယ်။

တစ်ပတ်အတွင်းခန့်မှန်းချက်အရ ဖေဖော်ဝါရီလက ဆောင်းအကုန်ပါပဲ။ မတ် ၁ ရက်ကနေ နွေစပြီ၊ ဆောင်းရာသီကာလမှာအပူချိန်က ၄၀ ကျော်နေပြီ၊ အခုဆို ၄၀ နားကပ်နေပြီ၊ ဖေဖော်ဝါရီလကုန်ပိုင်းမှာ မကွေးတိုင်းဒေသကြီးတောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်မြောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးအလယ်ပိုင်းမှာ အပူချိန်က ၄၀ ကနေ ၄၂ ဒီဂရီစင်တီဂရိတ်ရှိမယ်လို့ ခန့်မှန်းထားတယ်။ သိပ္ပံသဘောအရတွက်ချက်မှု အားလုံး အရ ၂၀၁၇ နွေရာသီက အထူးသဖြင့် မတ်၊ ဧပြီလတွေရဲ့ အပူချိန်တွေက ပူပြင်းတဲ့ နှစ်တစ်နှစ် ဖြစ်လာလိမ့်ဦးမယ်လို့ ခန့်မှန်းတယ်။ ဒါက ကမ္ဘာကြီး တစ်ခုလုံးပူနေတာ၊ အပူချိန်တွေက တက်နေတာ၊ ထိန်းမှ မထိန်းနိုင်တာ။ ၁၉၈၀ ကတည်းက တရိပ်ရိပ်တက်နေတာ၊ အခုချိန်အထိ အပူချိန်တိုးလာတာကို ရပ်တန့်လို့မှ မရတာ။

**မေး။ ။ ဒီလိုပူပြင်းလာတဲ့အတွက် သက်ရောက်မှုတွေ ဘယ်လိုများဖြစ်ပေါ်လာနိုင်ပါသလဲ။**

ဖြေ။ ။ ဒီလိုရာသီဥတုပူပြင်းတဲ့အတွက် သာဓကအနေနဲ့ပြောရရင်၂၀၁၅-၂၀၁၆ တုန်းက ကဏ္ဍငါးခုမှာ ထိခိုက်မှု အများဆုံးဖြစ်ခဲ့တယ်။ ပထမတစ်ခုက အလွန်ပူပြင်းတဲ့ နွေရာသီဖြစ်ခဲ့တယ်။ အပူချိန်တွေ စံချိန်တင်တဲ့အထိ မြင့်တယ်။ အပူချိန်မြင့်တဲ့အတွက် အခြားကဏ္ဍတွေပါ ထိခိုက်လာတယ်။ နောက်တစ်ခုက ရေရှားတာ၊ ဒုတိယက ၂၀၁၆ မှာရေရှားတာ ကျေးရွာပေါင်း ၁၈၀၀ ကျော်လောက်ရှိတယ်။ အပူချိန်စံချိန်မြင့်တာလည်း မြို့ပေါင်း ၃၀ လောက် စံချိန်တင်တယ်။ တတိယက မီးလောင်တယ်၊ မီးလောင်တာ ၂၀၁၆ နွေရာသီကုန်တဲ့အထိ မီးလောင်မှုပေါင်း ၁၈၀၀ ကျော်တယ်။ ပျက်စီးဆုံးရှုံးမှုတွေ များတယ်။ စတုတ္ထ စိုက်ပျိုးရေးမှာထိခိုက်တယ်။ သီးနှံအထွက် လျော့ပြီး စပါးဈေးတွေ မြင့်တက်သွားတယ်။ စားနပ်ရိက္ခာတွေ အထွက်ကျဆင်းပြီး ကုန်ဈေးနှုန်းတွေ မြင့်တက်သွားတယ်။ အခြေခံလူတန်းစားတွေအတွက် ကြီးမားတဲ့ပြဿနာတစ်ခု ဖြစ်တယ်။ လယ်ယာလုပ်ငန်းကို စွန့်ခွာတဲ့လူတွေ များလာတယ်။ များလာတဲ့အတွက် ရန်ကုန်မှာ လူဦးရေက အမြဲတမ်းတိုးနေတယ်။ ဒီ့အပြင် နယ်စပ်တွေ၊ နိုင်ငံခြားတွေကိုလည်း ရောက်သွားကြတယ်။ နောက်တစ်ခုက ကျန်းမာရေးအရ Heatstroke ဖြစ်မယ်။ လေဖြတ်မယ်။ ဦးနှောက်သွေးကြောပြတ်မယ်၊ ၂၀၁၀ ကနေ ၂၀၁၆ အတွင်းမှာ ပိုဖြစ်တယ်။ ရောဂါဆန်းတွေဖြစ်တယ်။

၂၀၁၆ မှာ ဦးနှောက်အမြှေးပါးရောင်တဲ့ရောဂါ ဖြစ်တယ်။ ၂၀၁၅ မှာအလွန်ပူပြင်းတဲ့ နိုင်ငံက ဘရာဇီးနိုင်ငံ၊ ဘရာဇီးမှာ ဇီကာဗိုင်းရပ်ပေါ်တယ်၊ ကူးစက်ခံရတဲ့သူက ကိုယ်ဝန်ဆောင်အမျိုးသမီးဆိုရင် မွေးလာတဲ့ ကလေးက ဦးနှောက်မပြည့်တဲ့ ခေါင်းသေးတဲ့ရောဂါဖြစ်မယ်။ အမျိုးသားတွေဆိုရင် သားသမီးမရနိုင်တဲ့ ရောဂါဖြစ်မယ်။ ကုစရာဆေးမရှိဘူး။ ဘရာဇီးမှာ ဇီကာဗိုင်းရပ်ကူးစက်ခံရတဲ့ လူတစ်သန်းသုံးသိန်းခန့်ရှိတယ်။ ဇီကာဗိုင်းရပ်ကူးစက်ခံရပြီး မွေးလာတဲ့ကလေးက ၅၅၀၀ခန့်ရှိတယ်။ ၂၇ နိုင်ငံကိုကူးစက်ပျံ့နှံ့သွားတယ်။ မြန်မာနိုင်ငံအထိ ရောက်တယ် လို့ သိရတယ်။ အလွန် ပူပြင်းခြောက်သွေ့တဲ့အတွက်၊ ရေရှားတဲ့အတွက် စိုက်ပျိုးရေးမှာ တော်တော်ဒုက္ခရောက်တယ်။ စိုက်ပျိုးရေးလုပ်တဲ့အခါ ရေလိုတယ်။ ရေရနိုင်ဖို့က နည်းလမ်းသုံးခုရှိတယ်။ မိုးရွာရင် ရေရမယ်။ ဆည်မြောင်းက ရမယ်။ နောက်တစ်ခုက မြေကြီးထဲက သဘာဝမြေဆီလွှာ အစိုဓာတ်က ရေရမယ်။ သုံးမျိုးရှိတော့ မိုးမရွာသေးတဲ့ဒေသမှာ ဆည်မြောင်းကရေပေးတယ်။ မိုးကလည်းမရွာ၊ ဆည်ရေမသောက်တဲ့ လယ်တွေကများတဲ့အတွက် အားကိုးစရာမြေဆီလွှာအစိုဓာတ်ပဲရှိတယ်။ ဒီနှစ်တွက်ထားတာ တစ်လလောက်ရှိနေပြီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် တော်တော်များများမှာ မြေဆီလွှာအစိုဓာတ်က ခြောက်သွေ့တဲ့အနေအထားမှာ ရောက်နေတယ်။ စိုက်ပျိုးသစ်ပင်တွေအတွက် ရေဟာ ကြီးမားတဲ့ပြဿနာတစ်ခု ဖြစ်နေတယ်။ ၂၀၁၇ က ၂၀၁၆ လောက် မဆိုးပေမယ့် ဆိုးနိုင်မယ့်အနေအထားတစ်ခု ရှိနေတယ်။ ဒါတွေကို ကြိုတင်သိဖို့ ပြောတာပါ။ စိုက်ပျိုးပင်တွေ မအောင်နိုင်ဘူး၊ သီးနှံအထွက်လျော့မယ်၊ နည်းမယ်၊ နောက်ဆက်တွဲ ပြဿနာတွေဖြစ်လာနိုင်တယ်။ ဒါက နှစ်တိုင်းလိုလို နွေရာသီမှာတွေ့နိုင်တဲ့ ပြဿနာတွေဖြစ်တယ်။ နွေရာသီမှာ ဒါတွေဖြစ်နေတော့ ကဏ္ဍအလိုက် သက်ဆိုင်ရာ တာဝန်ယူတဲ့သူတွေအားလုံးစုပေါင်းပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုတွေ လုပ်စေချင်တယ်။

အခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**



ရန်ကုန်မြို့၌ နွေဦးကာလမှာပင် အပူရှိန်မြင့်တက်လာမှုနှင့်အတူ ရန်ကုန်မြို့ခံများက အပူဒဏ်ကို ထီးဆောင်းကာကွယ်သွားလာလျက်ရှိနေကြစဉ်

# ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ကျောင်းသား ကျောင်းသူ ၁၀၅၀၀၀ ဝင်ရောက်ဖြေဆိုမည်



**မန္တလေး မတ် ၅**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် မတ် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဝင်ရောက်ဖြေဆိုမည့်စာရင်း ရှိဦးရေမှာ ၁၀၅၀၀၀ ရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံး စာရင်းများအရ သိရှိရသည်။

ထို့ပြင် ယခုနှစ် ဖြေဆိုမည့်ဦးရေမှာ ယမန်နှစ်ထက် ပိုမို များပြားသည့်အတွက် စာစစ်ဌာနများ တိုးချဲ့ဖွင့်လှစ်ထားသည့်အပြင် အိုးဘိုအကျဉ်းထောင်နှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံ၌ လည်း စာစစ်ဌာနများ သီးသန့်ဖွင့်လှစ်ပေးထားကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောကြားသည်။ "စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူအားလုံး သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဖြေဆိုကြဖို့ မေတ္တာရပ်ခံလိုပါတယ်၊ စာမေးပွဲဖြေဆိုနေတဲ့အတွင်းမှာလည်း အခက်အခဲမရှိရအောင် ကျွန်တော်တို့ ပညာရေးဝန်ထမ်းအားလုံးက အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ ဒါကြောင့် အားလုံးအထူးချွန်ဆုံး ဖြေဆိုနိုင်စေဖို့ ဆုတောင်းပေးပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ်စာမေးပွဲတွင် စာဖြေခန်းတစ်ခန်းလျှင် ဖြေဆိုသူဦးရေ ၃၀ သတ်မှတ်ထားပြီး လက်ထောက်ကြီးကြပ်ရေးမှူးနှစ်ဦးက ကြီးကြပ်မည်ဖြစ်သည်။ ထို့ပြင် ဖြေဆိုသူဦးရေ ၈၀၀ ရှိသော စာစစ်ဌာနတစ်ခုကို ကြီးကြပ်ရေးမှူးတစ်ဦးတာဝန်ချထားပြီး ၈၀၀ ထက်ကျော်လွန်ပါက တွဲဖက်ကြီးကြပ်ရေးမှူးတစ်ဦးကိုပါ အပိုချထားပေးကြောင်း သိရသည်။

ယမန်နှစ်က ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၉၁၆၈၈ ဦးရှိခဲ့ပြီး စာစစ်ဌာန ၁၆၅ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ အောင်မြင်သူ ၃၂၅၅၁ ဦး ရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနက် အိုးဘိုအကျဉ်းထောင်စာစစ်ဌာနမှ ၁၁ ဦး၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး စာစစ်ဌာနမှ သုံးဦးနှင့် ဆွံ့အနားမကြား ကျောင်းသား ကျောင်းသူ ကိုးဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မတ် ၄ ရက် စာရင်းများအရ သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နှလုံးခွဲစိတ်ကုသမှုခံယူပြီး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိ

ရန်ကုန် မတ် ၅

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီး၌ နှလုံးခွဲစိတ်ကုသခဲ့ရာ မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ခွဲစိတ်ပြီးစီးခဲ့ကြောင်းနှင့် ဝန်ကြီးချုပ်၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကာ ဆက်လက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား နှလုံးခွဲစိတ်ကုသပေးခဲ့သည့် ပါမောက္ခဆရာဝန်ကြီးများနှင့် အဖွဲ့အား တွေ့ရစဉ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ မွေးရာပါနှလုံးအဆို့ရှင် မလုံခြင်းနှင့်ဆိုင်သော သွေးကြောမကြီး မှာ ကြီးနေသဖြင့် ရန်ကင်းကလေးဆေးရုံ ကြီးမှ နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာန ၏ အစီအစဉ်ဖြင့် မြန်မာဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်း များက ယနေ့ နံနက် ၇ နာရီမှ စတင်၍ နှလုံးခွဲစိတ်ကုသခဲ့ရာ မွန်းလွဲ ၁ နာရီခွဲ တွင် အောင်မြင်စွာ ခွဲစိတ်ပြီးစီးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမြဲတမ်းအတွင်းဝန်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်း ဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ရန်ကင်းကလေး ဆေးရုံအုပ်ကြီးတို့မှ ကော်မတီများ အသီးသီးအဖွဲ့စည်း၍ စနစ်တကျ ကြိုတင်စီမံဆောင်ရွက် ခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသရာတွင် ဒေါက်တာမြင့်မြင့်ခိုင် (ဆေးရုံအုပ်ကြီး၊ ရန်ကင်းကလေးဆေးရုံကြီး)၊ ပါမောက္ခ အောင်ရဲဦး (နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး၊ UK)၊ ပါမောက္ခ ဝင်းဝင်းကျော် (နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ အောင်သူ (နှလုံးသွေးကြောခွဲစိတ် အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခ အောင်ကြည် (မေ့ဆေးအထူးကု ဆရာ ဝန်ကြီး)၊ ပါမောက္ခ အေးအေးအေး (နှလုံးမေ့ဆေးအထူးကု ဆရာဝန်ကြီး)၊ ပါမောက္ခသီတာအောင် (အမျိုးသား သွေးဌာန)၊ ပါမောက္ခ ဇော်သန်းထွန်း (သမားတော်ကြီး)၊ ပါမောက္ခ ကျော်ဇင် ဝေ (ကလေးအထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခ ခင်ယဉ်ယဉ်ထွေး (နှလုံးမေ့ဆေးအထူးကုဆရာဝန်ကြီး)၊ တွဲဖက်ပါမောက္ခ သန်းဦး (ခာတ်မှန် အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာ လဲ့လဲ့ထွန်း(အထူးကုဆရာဝန်ကြီး၊ ရောဂါ ဗေဒ)၊ ဒေါက်တာညီညီ (နှလုံးမေ့ဆေး အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာ ဉာဏ်လင်းအောင် (Perfusionist ၊ နှလုံးမေ့ဆေးအထူးကု ဆရာဝန်)၊ ဒေါက်တာ အောင်သိန်းထွဋ် (လက်ထောက်ဆရာဝန်၊ ကလေးနှလုံး)၊ ဒေါက်တာသတိုးသိန်းဇံ(လက်ထောက် ဆရာဝန်၊ ကလေးနှလုံး)၊ ဒေါက်တာ သန်းထိုက်အောင် (နှလုံးအထူးကု သမားတော်ကြီး)တို့မှ အနီးကပ်ပါဝင် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

နှလုံးခွဲစိတ်ကုသအဖွဲ့ကို ပါမောက္ခ အောင်ရဲဦး ဦးဆောင်၍ ပါမောက္ခ ဝင်းဝင်းကျော်နှင့် ပါမောက္ခ အောင်သူ တို့ ပူးပေါင်းခွဲစိတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပါမောက္ခ အောင်ရဲဦးသည် ဆေး တက္ကသိုလ်(၁) ရန်ကုန်မှ ဆေးပညာဘွဲ့ကို ၁၉၈၈ ခုနှစ်တွင် ရရှိခဲ့ပြီး ယခုအခါ အင်္ဂလန်နိုင်ငံလီဗာပူးမြို့ရှိ Liverpool Heart and Chest Hospital တွင် ၂၀၁၄ ခုနှစ်မှ စတင်၍ Chief of Surgery နှင့် Professor အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းသည် UK Aortic Forum (အင်္ဂလန်နိုင်ငံ နှလုံးသွေးကြောမကြီး ကျွမ်းကျင်ပညာ ရှင်များအဖွဲ့)၏ လက်ရှိဥက္ကဋ္ဌဖြစ်ပြီး ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်၍ ရန်ကင်းကလေး ဆေးရုံကြီး၌ ခုနှစ်ကြိမ်၊ နှလုံးနှင့် သွေးကြောဝေဒနာရှင် ၉၀ ကျော်ခန့်ကို ဦးဆောင်၍ ခွဲစိတ်ကုသပေးခဲ့သူ ဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုတွင် နှလုံးမေ့ဆေး ဆရာဝန်အဖွဲ့ကို ပါမောက္ခ အေးအေးအေး ဦးဆောင်၍ တွဲဖက်ပါမောက္ခ ခင်ယဉ် ယဉ်ထွေး၊ အထူးကုဆရာဝန် ဒေါက်တာ ဉာဏ်လင်းအောင်တို့ ပါဝင်ဆောင်ရွက် ခဲ့ပြီး ခွဲစိတ်ခန်းသူနာပြုအဖွဲ့ကို သူနာပြု ဆရာမကြီး ဒေါ်ထွေးခင် ဦးဆောင်သည့် သူနာပြုအဖွဲ့မှ ကူညီဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ၏ နှလုံးခွဲစိတ်ကုသမှုကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မြန်မာဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း သည် ထူးခြားသော အောင်မြင်မှုမှတ်တိုင် တစ်ခုဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်း ထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ နှလုံးခွဲစိတ်မှု ပြည်တွင်း၌ အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့

**တွေ့ဆုံမေးမြန်း - ဇော်ကြီး(ပဏ္ဍိတ)၊ မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-ဇော်ဇော်ကြီး**

ရန်ကုန် မတ် ၅

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ နှလုံးခွဲစိတ်ကုသမှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကင်းကလေးဆေးရုံကြီး၌ မြန်မာဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ခြောက်နာရီခွဲခန့်ကြာ ခွဲစိတ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ထူးခြားသော အောင်မြင်မှုမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။**

**ထိုသို့ အောင်မြင်စွာခွဲစိတ်ကုသမှုများ ပြုလုပ်ခဲ့သည့်အပေါ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။**



ဒေါက်တာမြင့်မြင့်ခိုင်



ပါမောက္ခ အောင်ရဲဦး



ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော်



နော်ပန်းသဉ္ဇာမျိုး

**ဒေါက်တာမြင့်မြင့်ခိုင်**
**(ရန်ကင်းကလေးဆေးရုံ၊ ဆေးရုံအုပ်ကြီး)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ နှလုံးခွဲစိတ်ကုသမှုနဲ့ပတ်သက်ပြီး ရန်ကင်း ဆေးရုံမှာ ခွဲစိတ်ဖို့ဆုံးဖြတ်ပြီးတဲ့ အချိန်မှာ ကျွန်မတို့အနေနဲ့ ခွဲစိတ်ကုသမှုအပိုင်း တွေ အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ အတွက် ခွဲစိတ်ကုသမှုအဖွဲ့အပါအဝင် အစည်းအဝေးတွေလုပ်ခဲ့ပါတယ်၊ မခွဲစိတ် မီအချိန်၊ ခွဲစိတ်နေစဉ်နဲ့ ခွဲစိတ်ပြီး နောက်ပိုင်း အချိန်တွေမှာ ဆေးရုံအနေနဲ့ လိုအပ်တဲ့ ဝန်ထမ်းအင်အား၊ စက်ပစ္စည်း၊ အောက်ဆီဂျင်စတာတွေ အပါအဝင် ဆေးရုံအုပ်ချုပ်မှုအပိုင်းစတဲ့ လုပ်ဆောင် မှုတွေကို ရက်ပေါင်း ၂၀ လောက် ကြိုတင် ပြီး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့တာပါ၊ ခွဲစိတ်ကုသတဲ့အခါမှာတော့ အင်္ဂလန်နိုင်ငံ မှာ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင် နေတဲ့ ပါမောက္ခ အောင်ရဲဦးက ဦးဆောင် ပြီး ရန်ကင်းကလေးဆေးရုံကြီးမှာရှိတဲ့ ခွဲစိတ်ကုသတဲ့အဖွဲ့နဲ့ မြန်မာနိုင်ငံက ဆရာဝန်တွေ ပူးပေါင်းပြီး စီစဉ်ဆောင် ရွက်ခဲ့တာပါ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူတွေက ဦးဆောင်ပြီးတော့ ဝိုင်းဝန်းကူညီ စီစဉ်ဆောင်ရွက်ပေးခဲ့တာ ဖြစ်တဲ့အတွက် ဝန်ကြီးချုပ်ကို ခွဲစိတ်ကုသ တဲ့အခါမှာ အခက်အခဲမရှိဘဲ အားလုံး အဆင်ပြေချောမွေ့စွာနဲ့ အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပါတယ်၊ အခုလို အောင် မြင်စွာခွဲစိတ်နိုင်ခဲ့တဲ့အတွက် ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ ဆရာဝန်တွေနဲ့ အတူ ကျန်းမာရေး ဝန်ထမ်းတွေအတွက် တကယ့်ကို အောင်မြင်တဲ့နေ့တစ်နေ့ အဖြစ် ဝမ်းသာဂုဏ်ယူမိပါတယ်။

**ပါမောက္ခ အောင်ရဲဦး ( အင်္ဂလန်နိုင်ငံမှ နှလုံးသွေးကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီး)**

ဝန်ကြီးချုပ်ကို ခွဲစိတ်ကုသမှုတွေ လုပ်ဖို့အတွက် ပြီးခဲ့တဲ့ သုံးလလောက်က ကျွန်တော့်ဆီကို ဝန်ကြီးချုပ်ရဲ့ ကျန်းမာ ရေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေ ကို ပို့ပေးတယ်။ အချက်အလက်တွေအရ အဆို့ရှင်က ယိုယွင်းပြီး သွေးကြောမကြီး က ဖောင်းနေတော့ ခွဲစိတ်ဖို့လိုတယ်လို့ အကြံဉာဏ်ပေးခဲ့ပါတယ်၊ ခွဲမယ်ဆိုရင် ဒီနားက နိုင်ငံတွေမှာပဲဖြစ်ဖြစ်၊ အင်္ဂလန် လာချင်လည်း လာပေါ့။ ကျွန်တော်က ဒီလာပြီးခွဲပေးနေတော့ ဒီမှာလည်း ခွဲလို့ ရတယ်လို့ ပြောခဲ့ပါတယ်။ အဲဒါကြောင့် ပါမောက္ခ ဒေါ်ဝင်းဝင်းကျော်တို့နဲ့ တိုင်ပင် ပြီး ကြိုတင်ပြင်ဆင်ထားတယ်၊ ဒါ့ကြောင့် အခုလိုအောင်မြင်စွာနဲ့ ခွဲစိတ်ပေးနိုင်ခဲ့ တာပါ၊ ဝန်ကြီးချုပ်က အထူးကြပ်မတ် ဆောင်မှာ နောက်ထပ်တစ်ရက်၊ နှစ်ရက် လောက်နေရမယ်၊ ပြီးရင် ဆေးရုံမှာ တစ်ပတ်၊ ဆယ်ရက်လောက်နေပြီး အိမ်ပြန်လို့ရမှာပါ၊ အိမ်ပြန်ပြီးရင်တော့ ပုံမှန်ပြန်ရောက်သွားဖို့ဆိုရင် ပုံမှန်အား ဖြင့် လေးပတ်နဲ့ ခြောက်ပတ်၊ အလွန်ဆုံး ရှစ်ပတ်လောက် ကြာတတ်ပါတယ်၊ ပြန်လည်ကျန်းမာပြီး ပုံမှန်ပြန်ဖြစ်လာ မှာပါ။

**ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော် (နှလုံး၊ သွေးကြောခွဲစိတ်အထူးကု ဆရာဝန်ကြီး)**

ဝန်ကြီးချုပ်ကိုခွဲစိတ်ဖို့ ပါမောက္ခ အောင်ရဲဦးနဲ့ ဆက်သွယ်တယ်၊ ဝန်ကြီးချုပ်က မွေးရာပါအဆို့ရှင် သုံးခုရှိတဲ့နေရာမှာ မွေးရာပါအဆို့ရှင် နှစ်ခုပဲ ပါလာတာဆိုတော့ သွေးကြော မကြီးကလည်း ကြီးနေတာဆိုတော့ ရောဂါရှာဖွေတွေ့ရှိသွားတာပေါ့၊ သူက ဟိုမှာလည်းခွဲလို့ရတယ်၊ ဒီမှာလည်း ခွဲလို့ ရတယ်ပြောတော့ ဝန်ကြီးချုပ်က ဒီမှာပဲ ခွဲမယ်ပြောလို့ လိုအပ်တဲ့ကျန်းမာရေး စစ်ဆေးမှုတွေလုပ်ပြီး သုံးပတ်လောက် အချိန်ယူပြီး ပြင်ဆင်ခဲ့ပါတယ်၊ အားလုံး အသင့်ဖြစ်ပြီဆိုတော့မှ ပါမောက္ခ အောင်ရဲဦးက လာရောက်ခွဲစိတ်ပေးခဲ့ တာပါ၊ ဝန်ကြီးချုပ်ရဲ့ ကျန်းမာရေး အခြေအနေအားလုံး ကောင်းပါတယ်၊ ဝန်ကြီးချုပ်ကို လာရောက်ခွဲစိတ်ပေးတဲ့ နှလုံးသွေးကြော ခွဲစိတ်အထူးကု ဆရာဝန် ကြီး ပါမောက္ခ အောင်ရဲဦးက ရန်ကင်း ဆေးရုံမှာ တစ်နှစ်ကို နှစ်ခါလောက် လာခွဲစိတ်ပေးတယ်၊ ကျွန်မတို့ ရန်ကင်း ကလေးဆေးရုံကြီးမှာဆိုရင် နှလုံးခွဲစိတ်မှု ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်က စတင် ခဲ့ပြီး ယနေ့အထိလူနာပေါင်း ၁၈၀၀ ခန့်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။

**နော်ပန်းသဉ္ဇာမျိုး (ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး)**

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မွေးရာပါ နှလုံးအဆို့ရှင် မလုံတာနဲ့ ဆိုင်တဲ့ သွေးကြောမကြီး ကြီးနေတဲ့အတွက် ခွဲစိတ်ရခြင်းဖြစ်ပါတယ်၊ ဒီနေ့ မနက် ၇ နာရီမှာပဲ ရန်ကုန်မြို့က ရန်ကင်းကလေး ဆေးရုံကြီး နှလုံးနှင့် ခွဲစိတ်ဌာနရဲ့ အစီအစဉ်နဲ့ ခွဲစိတ်ကုသခဲ့ရာမှာ မွန်းလွဲ ၁ နာရီမှာပဲ အောင်မြင်စွာနဲ့ ခွဲစိတ် ပြီးစီးခဲ့ပါတယ်၊ ဝန်ကြီးချုပ်ရဲ့ကျန်းမာရေး အခြေအနေကတော့ တည်ငြိမ်ကောင်းမွန် လျက်ရှိပါတယ်၊ အထူးကြပ်မတ်ကုသ ဆောင်မှာ ကုသမှုကို ဆက်လက်ခံယူ နေပါတယ်၊ နှလုံးခွဲစိတ်ကုသမှု အဖွဲ့ကို တော့ အင်္ဂလန်နိုင်ငံက ပါမောက္ခ အောင်ရဲဦး ဦးဆောင်ပြီးတော့ ပါမောက္ခ ဝင်းဝင်းကျော်နဲ့ ပါမောက္ခအောင်သူတို့ ပူးပေါင်းခွဲစိတ်ခဲ့ကြပါတယ်၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ နှလုံးခွဲစိတ်ကုသမှုကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ မြန်မာ ဆရာဝန်၊ သူနာပြုတွေနဲ့ ကျန်းမာရေး ဝန်ထမ်းတွေက အောင်မြင်စွာ ဆောင် ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်၊ ဒါဟာ ကျွန်မတို့ နိုင်ငံရဲ့ ဆေးသမိုင်းမှတ်တမ်းမှာ အောင် မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ပါတယ်၊

ခွဲစိတ်ကုသမှုကလည်း တကယ် အဆင့်မြင့်ပါတယ်၊ အခုလို အောင်မြင်စွာ ခွဲစိတ်ကုသမှုကြောင့် ဝန်ကြီးချုပ်အနေနဲ့ အမြန်ဆုံး ပြန်လည်ကောင်းမွန်လာမှာပါ၊ အခုလို ဆေးကုသမှုခံယူနိုင်ဖို့ အတွက်ကိုလည်း ဝန်ကြီးချုပ်အနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးတွေကိုလည်း ရှေ့ဆက်လုပ်ဆောင်ရမယ့် အပိုင်းတွေ ကို တိတိကျကျ ညွှန်ကြားထားပါတယ်၊ သက်ဆိုင်ရာ ဝန်ကြီးတွေအနေနဲ့ လည်း ဝန်ကြီးချုပ်ရဲ့ညွှန်ကြားချက်တွေ အတိုင်းပဲ ဆက်လက်ဆောင်ရွက်နေ ပါတယ်။

# တိုင်အလုံးပေါင်း ၃၀၀ ကျော်ဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်းကျောင်းဆောင်တော်ကြီး

ထွန်းကိုကို(ယင်းမာပင်)

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများစွာကို ဒေသတွင်းရှိ ကျောက်ဆစ်ကျောက်သားများ၊ အဖိုးတန်ကျွန်းသစ်၊ သစ်မာများကို အသုံးပြုပြီး နှစ်ပေါင်း ၁၅၀ အတွင်း ရှေးဟောင်း ပန်းပု၊ ပန်းချီ၊ ပန်းတဉ်း၊ ပန်းပွတ်၊ ပန်းပဲ၊ ပန်းတမော့၊ ပန်းရန် စသည့် ပန်းဆယ်မျိုးအပြင် မှန်စီရွှေချအတတ်ပညာများ၊ သံပန်းများဖြင့် ဆင်ယင်ကာ လှပစွာတည်ဆောက်ထားရှိမှုများကို ယင်းမာပင်မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဖိုလ်ဝင်တောင်ဒေသ၊ အလောင်းတော်ကဿပ၊ အင်ကြင်းတောင်၊ သမိုင်းဝင်ရွှေစောလူးဘုရားနှင့် စံပြကုန်းရွာကျေးရွာတို့ရှိ ရေဝန်းကျောင်းတိုက်တွင်လည်း ထူးခြားစွာ တိုင်ပေါင်း ၃၀၀ ကျော်ဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်ကြီးအတွင်းရှိ ရှေးဟောင်းလက်ရာများကို ရှေးမူမပျက် စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများကို အဆိုပါကျေးရွာရှိ ဆရာတော်၏ဖိတ်ကြားမှုဖြင့် စာရေးသူ ဗဟုသုတအဖြစ် လေ့လာကြည့်ရှုခွင့်ရသမျှအား မျှဝေပေးခြင်းဖြစ်သည်။



ရှေးဟောင်းကျောင်းဆောင်တော်ကြီး အတွင်းပိုင်းကို တွေ့ရစဉ်

အဆိုပါ စံပြကုန်းရွာကျေးရွာ ရေဝန်းကျောင်းတိုက်သည် ယင်းမာပင်မြို့နယ်ထဲတွင်ပါရှိသော ကျေးရွာလေးဖြစ်ပြီး မြို့နှင့် ၄ မိုင်သာကွာဝေးပြီး ရာသီမရွေးသွားလာမှု လွယ်ကူစေသည့် ကျောက်ချောလမ်းကိုလည်း ဖောက်လုပ်ထားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး မြောက်ယမားချောင်းကူးတံတားကို စုပေါင်းအားဖြင့် တက်ညီလက်ညီ တည်ဆောက်ပြီးစီးခဲ့လို့ ယခင်နှစ်များစွာမှ အခက်အခဲများကို ကျော်ဖြတ်ကာ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်သည့်အပြင် ကျေးရွာလျှပ်စစ်မီးလည်း ရရှိထားကာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရပေမည်။

ဆရာတော် ဦးမာလာဝံသ၏ မိန့်ကြားချက်အရ ဒေသခံများ၏ ပူးပေါင်းထိန်းသိမ်းထားရှိသည့် နှစ်ပေါင်း ၁၅၀ အတွင်းရှိ တိုင်းပေါင်း ၃၀၀ ကျော်ဖြင့် တည်ဆောက်ထားသော ကျောင်းဆောင် ကိုးဆောင်ကို မူလအလှူရှင် ဦးပေါ်ဦးဖြစ်ပြီး နောက်ပိုင်း ဒေသခံအလှူရှင် ဦးဖိုးရဲ၊ ဦးဖိုးကျဲ၊ ဦးဖိုးလှ၊ ဦးဖိုးငွေး စသည့် ညီအစ်ကိုမောင်နှမစုစုပေါင်း ၁၁ ဦးက မူလကျောင်းထိုင်ဆရာတော် ဦးဒေဝအား ကြည်ညိုသဒ္ဓါပွားကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုရင် လက်ရှိဆရာတော်အထိ လေးဆက်မြောက်ထိန်းသိမ်းခဲ့ရာ ကျောင်းဆောင် ခုနစ်ဆောင်ကတော့ ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင် ခေတ်ကာလကြာမြင့်ပြီး ပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ခြင်း မရှိသည့်အတွက် ပျက်စီးသွားခဲ့ရပြီး အဆိုပါနေရာတွင် အလှူရှင်များ စုပေါင်းကာ နှစ်ထပ်တိုက်ကျောင်းဆောင်တော်ကြီး တည်ဆောက်ကာ ရှေးဟောင်းလက်ရာများကို ရှေးမူမပျက် တည်ထားကိုးကွယ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။



ကျောက်နီများဖြင့် စီခြယ်ထားသော ယွန်းအုပ်ကြီးများ၊ ယွန်းဆွမ်းအုပ်များကို တွေ့ရစဉ်

ရှေးယခင်မှ ယနေ့အချိန်ထိ ကျောင်းဆောင်နှစ်ဆောင်သာကျန်ရှိကာ တိုင်အလုံးပေါင်း ၁၀၀ ကျော် ပါရှိသည့် ရေဝန်းကျောင်းတိုက် ကျောင်းဆောင်ထဲတွင် ရတနာပုံခေတ်နှင့် မာန်ခေတ်တို့က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းဘုရားစေတီများ၊ ကဲလာ တံခါးများ၊ ပန်းကနုတ်များ၊ မှန်စီရွှေချ တိုင်လုံးကြီးများ၊ ရှေးကျသော အရည်ကျို ဒေါင်းရုပ်ပါသံပန်းများ၊ ကျောက်နီများဖြင့် စီခြယ်ထားသော ယွန်းအုပ်ကြီးများ၊ ယွန်းဆွမ်းအုပ်များ၊ ပေပုရပိုက်သေတ္တာများ၊ ပျံလွန်တော်မူပြီးသော ဆရာတော်များ ကျိန်းစက်လဲလျောင်းသည့် မှန်စီရွှေချထားသော ညောင်းစောင်းခုတင်၊ ပွတ်လုံးများဖြင့် ခမ်းနားထည်ဝါစွာ ပြုလုပ်ထားသော ခုတင်များ၊ စားပွဲများ၊ ပန်းကနုတ်များဖြင့် ပြုလုပ်ထားသော တံခါးရွက်များ၊ လေကာပန်းကနုတ်များ၊ စည်တော်များ၊ ခါးပန်းများတွင် ရှေးကျစွာ ထုဆစ်ပြုလုပ်ထားသော ရုပ်ကြွပန်းကနုတ်မျိုးစုံတို့ကိုလည်းကောင်း လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ဆက်လက်ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပြတိုက်ပြခန်းသဖွယ် ထားရှိထိန်းသိမ်းသွားမည်ဖြစ်ကြောင်း မည်သူမဆို အဆိုပါကျေးရွာသို့ လာရောက်လေ့လာ တွေ့ရှိနိုင်ပါကြောင်း ဆရာတော်မှ မိန့်ကြားသည်။

အဆိုပါ ရေဝန်းကျောင်းတိုက်ရှိ ရှေးဟောင်းကျောင်းတော်ကြီးဆီသို့ သွားရောက်လေ့လာမည့်ဆိုပါက ယင်းမာပင်မြို့မှ အမေရေယာဉ်-ဇီးတောလမ်းအတိုင်းသွားပြီး စားတော်ပြင်ကျေးရွာလမ်းခွဲမှ အလောင်းတော်ကဿပ ဘုရားဖူးလမ်းဘေးရှိ စံပြကုန်းကျေးရွာသို့ ရောက်ရှိမှာဖြစ်ပြီး ကောက်ပဲသီးနှံပေါကြွယ်ဝသော လယ်ခင်းယာခင်းများနှင့် လက်စိုက်ခင်းများကိုလည်း ရှုမြင်ခံစားရပြီး မြောက်ယမားချောင်းဘေးမှာ အနီးကပ်တည်ရှိကာ သာယာစိုပြည်လှပြီး ရှေးအခါကပင် ဘာသာသာသနာထွန်းတောက်ခဲ့ကာ အိမ်ခြေ ၁၀၀၀ ကျော် လူဦးရေ ၅၀၀၀ ကျော် မှီတင်းနေထိုင်ကာ ရေဝန်းကျောင်းတိုက်ပါ ကျေးရွာအတွင်း ဘုန်းကြီးကျောင်း ကိုးကျောင်းမှာလည်း သမိုင်းဝင် ရှေးဟောင်းအနုပညာလက်ရာများကို လေ့လာနိုင်မှာဖြစ်ကြောင်း ဖိတ်ခေါ်လျက်ပါ ချစ်မိတ်ဆွေတို့အား ရှေးဟောင်းအမွေအနှစ် ပေါကြွယ်ဝတဲ့ စံပြကုန်းရွာကျေးရွာဆီသို့ လမ်းညွှန်လိုက်ပါသည်။

**ရေဝန်းကျောင်းတိုက်တွင် ထူးခြားစွာ တိုင်ပေါင်း ၃၀၀ ကျော်ဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်ကြီးအတွင်းရှိ ရှေးဟောင်း လက်ရာများကို ရှေးမူမပျက် စနစ်တကျ ထိန်းသိမ်းထားရှိ**

# မန္တလေး၌ မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် မှုခင်းပညာပေးလုပ်ငန်းများ လှည့်လည်ဟောပြောပြသ



**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားချက်အရ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသည် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် လှည့်လည်ပြသလျက်ရှိရာ မတ် ၄ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ပြည်သူ ၄၀၀ အား မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများအား မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် လှည့်လည်ပညာပေးဟောပြောပြသခဲ့ပြီး တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# အင်ကြင်းကျောက်များ အချောကိုင်ထုတ်လုပ်နေမှု ကြည့်ရှုလေ့လာ



**နွားထိုးကြီး မတ် ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မန္တလေးတိုင်းဒေသကြီးနှင့် မြင်းခြံခရိုင်သစ်တောဦးစီးဌာန၊ စိမ်းလန်းစိုပြေရေးဌာန၊ သတ္တုတွင်းဌာနမှတာဝန်ရှိသူများနှင့်အတူ နွားထိုးကြီးမြို့နယ်ထွက် အင်ကြင်းကျောက်များ တူးဖော်အချောကိုင်ထုတ်လုပ်မှုကို မတ် ၄ ရက် နံနက်က နွားထိုးကြီးနှင့် ဘုရားကြီးကျေးရွာတို့တွင် ကွင်းဆင်းကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ အင်ကြင်းကျောက်များအသင်းချုပ်ဥက္ကဋ္ဌ ဦးသူရမိုး၊ အတွင်းရေးမှူး ဦးခင်မောင်စိုးတို့က ထရီးဂျိတ်အင်ကြင်းကျောက် ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်များမှ အင်ကြင်းကျောက်အကြမ်းထည်၊ အချောထည်ထုတ်လုပ်မှုများကို ထရီးဂျိတ်အင်ကြင်းကျောက်ဥယျာဉ်၌ ရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်၏ အင်ကြင်းကျောက်တူးဖော်မှုကိုလည်း ဆက်လက်လေ့လာကြည့်ရှုသွားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ခင်ဇာမွန်မြင့်(ဥပဒေ)**

# သထုံမြို့၌ ဆန်တန်ချိန် ၆၀ ကျ အကြီးဆုံး ဆန်စက်ဖွင့်

**မော်လမြိုင် မတ် ၅**



မွန်ပြည်နယ် သထုံမြို့ တောင်စွန်းကျေးရွာရှိ ဆန်တန်ချိန် ၆၀ ကျ အကြီးဆုံး အဆင့်မြင့်ဆန်စက်ကို မတ် ၅ ရက် နံနက် ၉ နာရီက ရွှေဦးဝေကုမ္ပဏီလီမိတက်မှ စက်ရုံဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်နှင့် ရွှေဦးဝေကုမ္ပဏီ၏ ဒါရိုက်တာ ဒေါ်မြမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြား၍ ရွှေဦးဝေကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာကလည်း မိမိတို့ ကုမ္ပဏီအနေဖြင့် လယ်ယာကဏ္ဍ မြင့်မားရေးအတွက် တောင်သူလယ်သမားများကို မျိုးစပါးများ၊ လယ်ယာသုံး ဓာတ်မြေဩဇာများကို သက်သာသော ဈေးနှုန်းနဲ့ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဈေးကွက်ကောင်းရရှိရန်လည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ တက်ရောက်လာသော တောင်သူတစ်ဦးက လယ်သမားများ၏ ကောင်းကျိုးများကို ပူးပေါင်းဆောင်ရွက်ပေးသော ရွှေဦးဝေကုမ္ပဏီကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**တင်ထွဋ်(မော်လမြိုင်)**

# မန္တလေးတောင်တော် ပဉ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**မန္တလေး မတ် ၅**

မန္တလေးတောင်တော် ပဉ္စမအကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၂ ရက်(တပေါင်းလပြည့်နေ့)တွင် မန္တလေးတောင်တော်ဆုတောင်းပြည့်ဘုရားအနီး ရင်ပြင်ပေါ်ရှိ အလှူမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပေါင်းလပြည့်နေ့ နံနက် ၆ နာရီတွင် ဘုရားအမှူးပြုသော ဆရာတော်သံဃာတော် ၃၆ ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်၍ ရေစက်ချတရားနာယူကာ နံနက် ၇ နာရီခွဲမှစ၍ တောင်တော်ဆုတောင်းပြည့်ရင်ပြင်ပေါ်တွင် မန္တလေးတောင်ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်များမှ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်၊ ကုသိုလ်ရှင်များ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။ အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော် အကြိုအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအနေဖြင့် အဖိတ်နေ့တွင် ခြင်းအလှခတ်ပွဲ၊ ချောတိုင်တက်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲအပြင် ဖူဆယ်ဘောလုံးပြိုင်ပွဲကိုလည်း ကျင်းပပြီး ညပိုင်းတွင် မန္တလေးသစ်လွင်အငြိမ့်အဖွဲ့ဖြင့် ညှော့ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်းနှင့် ဆွမ်းဆန်စိမ်းပါဝင်လောင်းလိုသူ စေတနာရှင်အလှူရှင်များအနေဖြင့် မန္တလေးတောင်တော်ဂေါပက အဖွဲ့ရုံး ဖုန်း-၀၉ ၄၄၀၆၆၆၃၅၆ သို့ ကြိုတင်ဆက်သွယ်လှူဒါန်းကုသိုလ်ယူနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*✻ ကျောဖုံးမှ*

သစ်သီးလက်ကားဈေးတွင် ဆိုင်ခန်းပေါင်း ၁၁၉၀၊ ရာသီချိန်သစ်သီးဈေးဆိုင်ခန်းပေါင်း ၁၀၆၂ ခန်း၊ အသား၊ ပင်လယ်စာနှင့် အေးခဲထားသော အစားအစာများ ဆိုင်ခန်း ၁၁၉၀ ၊ အသား၊ ငါး ပင်လယ်စာနှင့် မီးဖိုချောင်သုံးပစ္စည်းများ ရောင်းချမည့် မြေပြင်ဈေးဆိုင်ခန်း ၁၁၉၀ ၊ ပန်းမန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်လက်ကားရောင်းချရန် ဆိုင်ခန်း ၆၄ ခန်းတို့ ပါဝင်ပြီး အအေးခန်းသိုလှောင်ရုံ၊ ထုပ်ပိုးမှု အဆောက်အအုံနှင့် အဆင့်ဆင့်ပြုပြင်ထုတ်လုပ်သော စားသောက်ကုန်စက်ရုံ အဆောက်အအုံတစ်ခုတို့ ပါဝင်ပါသည်။ အဆင့်မြင့်ဈေးကြီးတွင် ရှစ်ထပ်ဟိုတယ်၊ နှစ်ထပ်အမြင့် စားသောက်ဆိုင်တန်း၊ သုံးထပ်ကုန်တိုက်ကြီးနှင့် သုံးထပ်ဈေး အုပ်ချုပ်ရေးမှူးရုံးတို့ကို တည်ဆောက်လျက်ရှိသည်။

တည်င်းကုန်း သစ်သီးဝလံ အဆင့်မြင့်ဈေးကြီးတွင် အသေးစား လက်ကားဈေးရုံများလည်း ပါဝင်ပြီး သစ်သီးဝလံလက်ကားဈေး၊ ရာသီပေါ်သီးနှံဈေး၊ အဆင့်ဆင့်ပြုလုပ်သော အသား၊ ပင်လယ်စာနှင့် အေးခဲထားသော အစားအစာများ၊ ပန်းမန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်မြေပြင်ဈေး၊ စားသောက်ကုန်နှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်မှု စုစုပေါင်းဆိုင်ခန်း ၆၂၅၀ တည်ဆောက်လျက်ရှိသည်။

အလတ်စားလက်ကားရောင်းဈေးရုံတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးဆိုင်ခန်းများ၊ တောင်သူများ တိုက်ရိုက်ရောင်းချမည့် မြေပြင်ဈေး (Farmer Ground) အတွက် ဆိုင်ခန်း ၆၄ ခန်း ပါဝင်သည်။

အကြီးစား လက်ကားဈေးရုံတွင် လူနေ/ဆိုင်ခန်း(Short House)အလုံး ၂၀၀ တည်ဆောက်လျက်ရှိပြီး အကျယ်အဝန်း စတုရန်းပေ ၁၅၀၀၀၀၀ ခန့်တွင် တည်ဆောက်နေခြင်းဖြစ်သည်။

တည်င်းကုန်း သစ်သီးဝလံ ဟင်းသီးဟင်းရွက်ဈေးကြီးအား MAEX လီမိတက်မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး ၈၂ ဧကအကျယ်ရှိသော မြေဧရိယာတွင် ၆၂ ဧကမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) ပိုင်မြေဖြစ်၍ ဧက ၂၀ မှာ စက်မှုဝန်ကြီးဌာနပိုင် မြေဖြစ်သည်။ ယင်းမြေအား YCDC အား လွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိနေသည်ဟု သိရပြီး MAEX သည့် YCDC ထံမှ ကနဦး နှစ် ၅၀ ငှားရမ်းခွင့်ရရှိထားပြီး နှစ် ၂၀ ထပ်မံသက်တမ်းတိုးခွင့်ရှိသည်ဟု ဆိုသည်။

တည်င်းကုန်းသစ်သီးဝလံ ဟင်းသီးဟင်းရွက်ဈေးကြီးသည် ရန်ကုန်မြို့၏ ထောက်ပံ့သယ်ယူပို့ဆောင်ရေး အဓိက ဆက်သွယ်ရေး လမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။ တည်င်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် အဆင့်မြင့်ဈေးကြီးသည် ပုလဲလမ်းနှင့် ရွှေပြည်သာတံတား လမ်းထောင့်တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးဖြစ်လာမည့် သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ဈေးကြီးကို မကြာမီဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိသည်။ အဆင့်မြင့်အမှိုက်သိမ်းစနစ်၊ ဈေးဧရိယာတစ်ခုလုံးအတွက် ၂၄ နာရီလုံခြုံရေးစနစ်၊ ကားအစီးရေ နှစ်ထောင်ထိ ရပ်နားနိုင်သော ကားရပ်နားနေရာများ၊ ကြီးမားသော ကုန်တင်ယာဉ်များ ရပ်နားသွားလာနိုင်ရန် နေရာများအပြင် ရှစ်လမ်းသွားလမ်းမကြီးများဖြင့် အကြီးစားပွဲရုံ၊ ရုံးခန်း၊ လူနေအဆောက်အအုံများနှင့် ဘဏ်များအဖြစ် အသုံးပြုနိုင်ရန် သုံးထပ်၊ လေးထပ်(Short House) အဆောက်အအုံများဖြင့် ဝင့်ဝင့်ထည်ထည် အဆင့်မြင့်ဈေးကြီး ဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိသည်။ ယင်းဈေးကြီးအား ယခုအခါ စီမံကိန်းတစ်ခုလုံး အနေဖြင့် ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မြန်မာပြည်တွင် သစ်သီးဝလံဟင်းသီးဟင်းရွက်၊ ပန်းမန်ဈေးကြီး ပေါ်ထွန်းလာခြင်းသည် နိုင်ငံ၏ စိုက်ပျိုးတောင်သူတို့၏ လူမှုဘဝမြင့်တက်လာခြင်းနှင့် ပြည်ပကုန်စည်ပို့ဆောင်ခြင်း၏ ဈေးကွက်စီးပွားရေးကို ပိုမိုကျစ်လျစ်ခိုင်မာလာစေမည့် သီးနှံကုန်စည်စခန်းကြီးအဖြစ် မကြာမီမြင်တွေ့ရတော့မည်ဖြစ်သည်။



၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည့် တည်င်းကုန်းသစ်သီးဝလံဈေးကြီးကို တွေ့ရစဉ်



# ပြိုလဲတော့မည့် ဆက်သွယ်ရေးဆားဗစ်တိုင် အမြန်လဲပေးစေလို

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်ရှိ စက်မှုဇုန်မှတ်တိုင်အနီး လမ်းဆုံမီးပွိုင့် ဘယ်ဘက်အခြမ်း၌ လမ်းမကြီးပေါ်သို့ ပြိုလဲတော့မည့် အခြေအနေဖြင့် ကိုင်းညွတ်နေသော ဆက်သွယ်ရေးဆားဗစ်ကွန်ကရစ်တိုင်ကို လမ်းသွားလမ်းလာများ အန္တရာယ်ကင်းဝေးစေရန် သက်ဆိုင်ရာမှ အမြန်လဲပေးစေလိုကြောင်း အနီးဝန်းကျင်နေပြည်သူများက ပြောသည်။

“ပြီးခဲ့တဲ့ သုံးလလောက်က လှိုင်သာယာမှာ လေတွေ အလွန်တိုက်တော့ ဒီဆက်သွယ်ရေးဆားဗစ်တိုင်ကြီး အခုလိုလမ်းမကြီးဘက်ကို ကိုင်းညွှတ်သွားတာပါ။ ဒီနားမှာက Taxi ဂိတ် နဲ့ ဈေးဆိုင်တွေ ရှိနေတယ်။ စက်မှုဇုန်မှတ်တိုင်နဲ့လည်း နီးနေတော့ လမ်းသွားလမ်းလာက အရမ်းများတယ်။ ရုတ်တရက် တိုင်လဲသွားရင်တော့ လူတွေနဲ့ ယာဉ်တွေထိနိုင်တယ်။ ဒါကို သတိထားတဲ့ ခရီးသည်ရှိသလို တချို့ကျတော့လည်း အမှတ်တမဲ့နဲ့ မသိလိုက်တာမျိုးရှိတယ်။ ပြီးခဲ့တဲ့ ၁၀ ရက်လောက်ကတော့ ဆက်သွယ်ရေးအဖွဲ့တွေ ဒီတိုင်ကို ကြိုးတွေလာလဲတယ်။ အခုလို လမ်းဘက်ကို ကိုင်းညွှတ်နေတာကို ပြန်တည့်မတ်ဖို့ ဒါမှမဟုတ် တိုင်ကိုအသစ်လဲဖို့ ဘာမှလုပ်မသွားဘူး။ အန္တရာယ်ရှိနေလို့ အမြန်လုပ်ပေးစေလိုပါတယ်”ဟု ပြည်သူတစ်ဦးက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နောင်မွန်မြို့နယ်အတွင်းရှိ မဂွေဇ-ခေါင်လန်ဖူးလမ်း သွားရောက်စစ်ဆေး




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့ မဂွေဇ-ခေါင်လန်ဖူးလမ်း ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်

**နေပြည်တော် မတ် ၅**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အတူ မတ် ၁ ရက်က ပူတာအိုမှ နောင်မွန်မြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းကြောင်းပေါ်ရှိ မဂွေဇမှ ခေါင်လန်ဖူးလမ်း (၆၅/၄) မိုင် ဖောက်လုပ်ခြင်း စီမံကိန်းအား သွားရောက်စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမှတစ်ဆင့် မဂွေဇသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှုများအား စစ်ဆေး၍ လမ်းဖောက်လုပ်ရေးဆောင်ရွက်နေသည့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့နှင့် စစ်သည်များသို့ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မဂွေဇ-ခေါင်လန်ဖူးလမ်းသည် (၆၅/၄) မိုင်အရှည်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ အပိုင်း(၁) အဖြစ် မဂွေဇမှ ငါ့လုံဒမ်းအထိ လမ်းမိုင်(၂၅/၄)မိုင်နှင့် ရေပြွန် (၇၅) ခု ကိုလည်းကောင်း၊ အပိုင်း (၂)အဖြစ် ငါ့လုံဒမ်းမှ ရီဒမ်းအထိ (၁၉/၀) မိုင်နှင့် တံတား/ရေပြွန်(၇၅)ခုကိုလည်းကောင်း၊ အပိုင်း(၃)အဖြစ် ရီဒမ်းမှ ခေါင်လန်ဖူးအထိ (၂၁/၀) မိုင်နှင့် တံတားများ၊ ရေပြွန်များကိုလည်းကောင်း အပိုင်း (၃) ပိုင်းခွဲပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူလက်တွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂ ရက် မွန်းလွဲပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ပူတာအိုဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အရှည်ပေ ၃၆၀ ရှိသည့် နမ့်ပလက်ချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ မတ် ၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်မွန်မြို့သို့ လည်းကောင်း၊ မတ် ၄ ရက်တွင် ဆွမ်ပရာဘွမ်မြို့သို့လည်းကောင်း သွားရောက်၍ တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့အပြင် ပူတာအိုမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငှက်ဖျားရောဂါကင်းစင်အောင် ပြုလုပ်ရာတွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးစနစ်သည် မရှိမဖြစ် အလွန်အရေးကြီး

**ရန်ကုန် မတ် ၅**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ငှက်ဖျားရောဂါစာတမ်းဖတ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ ကင်းစင်အောင် ပြုလုပ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် လုပ်ဆောင်ရန် အလွန်ခက်ခဲပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ၊ နယ်စပ်ဖြတ်ကျော်၍ ရွှေ့ပြောင်းသွားလာနေထိုင်မှုများ၊ အရည်အသွေးမမီသော ငှက်ဖျားဆေးဝါးများ ဈေးကွက်အတွင်း လွယ်ကူစွာရရှိနေမှုများ စသည့်အချက်များမှာ မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ပြုလုပ်ရန် မဖြစ်နိုင်ကြောင်း၊ အခြားသောဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအလှူရှင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ ပူးပေါင်းပါဝင်ကြမှသာ ငှက်ဖျားကင်းစင်ရေးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ငှက်ဖျားရောဂါကင်းစင်အောင် ပြုလုပ်ရာတွင် ရောဂါစောင့်ကြပ်ကြည့်ရှုရေးစနစ်သည် မရှိမဖြစ် အလွန်အရေးကြီးသဖြင့် လက်ရှိယင်းစနစ်အား အဘက်ဘက်မှ လွှမ်းခြုံသုံးသပ်၍ ပိုမိုအဆင့်မြင့် လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာရဲမြင့် နှုတ်ခွန်းဆက်စကားပြောကြား၍ တက်ရောက်လာသူများမှ ငှက်ဖျားရောဂါစာတမ်းဖတ်ပွဲအထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက်၍ ဆေးရုံအုပ်ချုပ်မှုပညာ ဒီပလိုမာ(Dip Med Sc - HA)၊ ဆေးပညာ မဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့်ကျန်းမာရေးစီမံခန့်ခွဲမှု) (MMed Sc-HA & HM )၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ (MPH) တက်ရောက်နေသော သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ အမှာစကားပြောကြားပြီး တက္ကသိုလ်ရှိ စာသင်ခန်းများ၊ ကိုယ်ကာယလေ့ကျင့်ခန်းနှင့် ကျောင်းသားရေးရာဌာနတို့အား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၅**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာမည့် ကလေး အသက်(၂)နှစ်အထိ ငွေကြေးထောက်ပံ့ရေး အစီအစဉ် ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်အရလုပ်ငန်းစဉ် (၈) ရပ် ချမှတ်ထားပါကြောင်း၊ ထိုလုပ်ငန်းစဉ်များအရ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာမည့် ကလေးအသက်(၂)နှစ်အထိ ငွေကြေးထောက်ပံ့ရေးအစီအစဉ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော်ရန် စီစဉ်ထားပါကြောင်း၊ လူ့ဘဝတစ်လျှောက် ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုရှိရန် လူသားဘဝအစ ရက် ၁၀၀၀ သည် အာဟာရပြည့်ဝရန် အလွန်အရေးကြီးပါကြောင်း၊ မိခင်တစ်ဦးအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ မီးနေသည့်ကာလနှင့် နို့တိုက်မိခင်ကာလများသည် အာဟာရပြည့်ဝရန် လိုအပ်သဖြင့် ဖြည့်စွက်အာဟာရ စားသောက်ရန်အတွက် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး တစ်နေ့လျှင် ငွေကျပ် ၅၀၀ အာဟာရဖြည့်စွက် စားသုံးနိုင်မည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ထိရောက်သော အာဟာရ ရရှိပါက ခန္ဓာကိုယ်ပုံမှန်ကြီးထွားပြီး ဦးနှောက်ဖွံ့ဖြိုးမှုကောင်းသော ကလေးငယ်များ ဖြစ်လာမည်ဖြစ်ပြီး အနာဂတ်မြန်မာနိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ်များ ရရှိမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေကို ကိုယ်ဝန်ဆောင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများ အာဟာရပြည့်ဝရေးအတွက် ထိရောက်စွာအသုံးချရန် လိုအပ်ပါကြောင်း၊ အစားအစာများ သန့်ရှင်းလတ်ဆတ်ရေး၊ အာဟာရပြည့်ဝစွာ စားသုံးရေးတို့အတွက်လည်း အသိပညာပေးအစီအစဉ်များကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုခံယူလာကြခြင်းဖြင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်းများလျော့နည်းလာမည်ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်ကို ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ ကိုယ်ဝန်ဆောင်မိခင်များလည်း သိရှိပြီး လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသတွင်း တာဝန်ရှိအဖွဲ့အစည်းများ၊ ပြည်သူများ၊ သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စမ်းစမ်းအေးက ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများမှ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရ/သုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ LIFT Fund နှင့် UNICEF တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဇန်းမောက်မြို့နယ် အရှေ့ကုန်းရွာ၌ ချောင်းကူးတံတားတည်ဆောက်

**ဇန်းမောက် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းရွာ ချောင်းကြီး ချောင်းကူးတံတားကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။



အဆိုပါတံတားမှာ အလျားပေ ၁၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၅ ပေ၊ ရေလည်နှစ်တိုင်၊ ကမ်းကပ်ခုံနှစ်တိုင်တို့ဖြင့် ကျောက်ရိုးစီသံဘောင်ဘေလီသစ်သားတံတားဖြစ်ပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ ရက်မှ စတင်တည်ဆောက်ခဲ့ရာ တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ မံအင်အုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားကို ၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးလွှတ်တော် ရန်ပုံငွေကျပ် သိန်း ၅၀၊ ရွှေသတ္တု တူးဖော်ရေးကုမ္ပဏီ ၁၀ ဦးမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ မံအင်ကျေးရွာအုပ်စုကျေးရွာ ခြောက်ရွာမှ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၆၀ စုစုပေါင်း မတည်ငွေကျပ်သိန်း ၂၁၀ ဖြင့် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ခန့်မှန်းကုန်ကျငွေကျပ်သိန်းပေါင်း ၁၂၀၀ ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(၀၆၇)**

# ကသာမြို့နယ် မင်းလယ်ကျေးရွာတွင် အဆင့်မြင့် ဧက ၁၀၀ လယ်မြေဖော်ထုတ်

**ကသာ မတ် ၅**

တောင်သူဦးကြီးများသီးနှံစနစ်တကျ စိုက်ပျိုးခြင်း၊ အကျိုးရှိရှိ အသုံးပြုခြင်းဖြင့် ရာသီဥတုနှင့်ကိုက်ညီသောသီးနှံပုံစံ စိုက်ပျိုးရေးစနစ်ဖြစ်ပေါ်လာစေရန် ကသာမြို့နယ် မင်းလယ် ကျေးရွာ ကွင်းအမှတ် ၆၆၀ တွင် အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ခြင်းကို တိုင်းဒေသကြီးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လယ်ယာလုပ်ငန်းတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာ စနစ်ပြောင်းလဲဖော်ဆောင်ပေးခြင်းဖြင့် ရာသီချိန်မီ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြွေလှေ့နိုင်ရန် စံနမူနာပြဖြစ်စေမည့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်၊ ကသာမြို့နယ် မင်းလယ်ကျေးရွာအုပ်စု မင်းလယ်ကျေးရွာ၌ အဆင့်မြင့် လယ်ယာမြေဖော်ထုတ်လျက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁)စက်မှု လယ်ယာစခန်းမှ ဝန်ထမ်း ၂၂ ဦးနှင့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့တို့ပူးပေါင်း၍ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြေပြင်သား Level ညှိခြင်း၊ ကွင်းအားလိုအပ်သော ကုန်ထုတ်လမ်း ရေယူမြောင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း ဆောင်ရွက်မည်ဖြစ်ရာ စက်မှုလယ်ယာ တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၁၂၀၀၀၀ကုန်ကျမည်ဖြစ်ကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကသာမြို့နယ် ဧက ၁၀၀၊ ထီးချိုင့်မြို့နယ် ဧက ၁၀၀၊ ကောလင်းမြို့နယ် ဧက ၁၀၀ ဆောင်ရွက်ရန် လျာထားကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

လယ်မြေများပေါ်တွင် မြေဆီသြဇာကောင်းမွန်ရေးအတွက် မြေဆွေးပုံပြုလုပ်သုံးစွဲရေး စာတွေ့လက်တွေ့သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်ပေးခဲ့ကြောင်း၊ မိုးရာသီဒေသ ရေ မြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းအောင် ဆင်းဧကရီသုံးမျိုးကို စိုက်ပျိုးထုတ်လုပ်ပြီး ရေသွင်းမြောင်းများမှ ရေဖြင့် ဆောင်းမြေပဲ သီးထပ်စိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။မင်းလယ်ကျေးရွာအုပ်စုတွင် မင်းလယ် မက်လင်ချောင်၊ မင်္ဂလာသုခ၊ နွားကူး၊ မဲဟင်းလေးရွာရှိပြီး မင်းလယ်ကျေးရွာတွင် အိမ်ခြေ ၃၅၇ အိမ်၊ အိမ်ထောင်စု ၃၆၁ စု လူဦးရေ ၁၇၆၅ ဦးရှိပြီး အဆင့်မြင့်လယ်တစ်ကွက်လျှင် တစ်ဧက ပုံစံကျအောင် ဧက ၁၀၀ ဖော်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# ဓာတုလွတ်စိုက်ပျိုးသီးနှံစားသုံးနိုင်ရေး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမ အသင်းဖွဲ့စည်း

**ရန်ကုန် မတ် ၅**

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်မြို့တော်တွင်းနေပြည်သူလူထုအား ဓာတုလွတ်စိုက်ပျိုးသီးနှံများ စားသုံးနိုင်ရေးအတွက် မြဲမြဲအောင် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ဖွဲ့စည်းရေး အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု ဂုံညှင်းနီတောအရှေ့ကွင်း စိုက်ခင်းမြေနေရာ၌ ကျင်းပခဲ့သည်။



အဆိုပါ မြဲမြဲအောင်စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း သမဝါယမအသင်းမှာ အသင်းသူ အသင်းသားအဖြစ် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ၊ အသက် (၁၈ နှစ်) ပြည့်သူ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်းနေထိုင်သူ၊ စိတ်ပေါ့သွပ်ခြင်းမရှိသူ၊ သတ်မှတ်ထားသော အနည်းဆုံးအစုတစ်စုတန်ဖိုးကို ထည့်သွင်းသူနှင့် သမဝါယမအသင်းဥပဒေပုဒ်မ(၉)အရ အကြိုအသင်းသားအဖြစ် ပါဝင်ခွင့်ရှိသူ မည်သူမဆို အသင်းဝင်အဖြစ် လက်ခံသွားမည်ဖြစ်ပြီး အစုတစ်စုလျှင် ကျပ်တစ်သိန်း သတ်မှတ်ထားသည်ဟု သိရသည်။ အသင်းဝင်ဦးရေမှာ ၁၀၀ ကျော်ရှိနေကာ အဆိုပါအသင်းမှာ လယ်၊ ယာ၊ နှစ်ရှည်၊ နှစ်လတ်၊ နှစ်တို၊ ဥယျာဉ်ခြံမြေသီးနှံများကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားစိုက်ပျိုးထုတ်လုပ်သူများထံမှ ဝယ်ယူခြင်း၊ ယင်းသီးနှံများကို ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ပြည်တွင်းပြည်ပသို့ဖြန့်ဖြူးတင်ပို့ရောင်းချခြင်းလုပ်ငန်းများအား လုပ်ဆောင်သွားမည်ဟု သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

## မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မိတ္ထီလာခရိုင်တရားရုံး၏ တရားစီရင်မှုအား မကျေနပ်၍ ဆန္ဒဖော်ထုတ်

**မိတ္ထီလာ မတ် ၅**

မိတ္ထီလာခရိုင်တရားရုံး၏ လယ်ယာမြေအမှုတစ်ခုတွင် တရားစီရင်မှုအား မကျေနပ်၍ ဦးရွှေကိုကို(ခ)ကိုကိုလေးနှင့် အဖွဲ့သည် မတ် ၃ ရက် နံနက် ၁၀ နာရီက လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော့် လယ်ယာမြေအမှုဟာ ၂၀၁၁ ခုနှစ်မှာ စတင်ဖြစ်ပြီး ၂၀၁၄ ခုနှစ်က ခရိုင်တရားရုံးမှာ ကျွန်တော်နိုင်ခဲ့ပါတယ်။ ၂၀၁၄ မှာပဲ မန္တလေးတိုင်းဒေသကြီး တရားရုံးမှာလည်း အယူခံပြင်ဆင်တဲ့အခါ ကျွန်တော်နိုင်ခဲ့ပါတယ်။ ၂၀၁၅ တုန်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ် (နေပြည်တော်)မှာလည်း တစ်ဖက်က အယူခံပြင်ဆင်ခွင့်ကို ပယ်ချပြီး ကျွန်တော်ပဲ အနိုင်ရခဲ့ပါတယ်။ ၂၀၁၆ ရောက်တော့ တရားသူကြီးတွေက ဒီအမှု တွေကို ပြန်လည်လက်ခံခဲ့ပါတယ်။ ဒီအမှု ကို ပြန်လည်လက်ခံတဲ့နေရာမှာ တရား လိုဘက်က မြေပုံ ၊ မြေရာဇဝင်နဲ့ လယ်ယာ မြေမှတ်ပုံတင်ထားခြင်းမရှိဘဲ လက်ခံ ခဲ့တာကို မကျေနပ်တဲ့အတွက် ဆန္ဒ ဖော်ထုတ်တာ ဖြစ်ပါတယ်"ဟု မိတ္ထီလာ ခရိုင်တရားရုံး ဆန္ဒဖော်ထုတ်ခွင့်အား သက်ဆိုင်ရာသို့ တရားဝင်တင်ပြတောင်းခံ ဆန္ဒဖော်ထုတ်ခဲ့သူ ဦးရွှေကိုကို(ခ)ကိုကိုလေးက ပြောသည်။

အဆိုပါဆန္ဒဖော်ထုတ်ခွင့်တောင်းခံရာတွင် ပါဝင်သူဦးရေ ၁၀၀ တင်ပြတောင်းခံမှုအား ခွင့်ပြုခဲ့သော်လည်း ဦးရွှေကိုကို(ခ)ကိုကိုလေး အပါအဝင် လေးဦးခန့်သာ ပါဝင်ခဲ့ပြီး ကျိုတော်ကုန်းရပ်ကွက် မိုးကောင်းဘုရားအနီးမှ ခရိုင်တရားရုံးအနီးအထိ လမ်းလျှောက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# မတ်ပဲများဖြိုင်ဖြိုင်ပေါ်သော်လည်း ဈေးကျနေသဖြင့် မတ်ပဲစိုက်တောင်သူများ အရှုံးပေါ်နေ

**ဖြူး မတ် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ခြောက်မြို့နယ်တို့တွင် ဖြူးမြို့နယ်သည် မိုးစပါးနှင့် မတ်ပဲအများဆုံးစိုက်ပျိုးလျက်ရှိရာ မိုးစပါး ၁၅၅၄၄၄ ဧကနှင့် ဆောင်းရာသီစိုက်သီးထပ်မတ်ပဲ ၁၀၅၀၀၀ ခန့်စိုက်ပျိုးခဲ့ကြရာ မတ်ပဲများကို ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရိတ်သိမ်းလျှက်ရှိကြပြီး ယခုအချိန်တွင် မတ်ပဲများဖြိုင်ဖြိုင်ပေါ်ခဲ့ကြပြီး ပေါက်ဈေးနှင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေကြသည်။

အဆိုပါမတ်ပဲများ ဖြိုင်ဖြိုင်ပေါ်လျက်ရှိရာတွင် မတ်ပဲဈေးမှာ ယခင်နှစ်ကလို ဈေးမရဘဲ ကျဈေးနှင့်ရောင်းနေကြပြီး ယမန်နှစ်က မတ်ပဲရာသီတွင် မတ်ပဲတစ်တင်းငွေကျပ်လေးသောင်းခွဲမှ ငါးသောင်းအထိ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပြီး ယခုနှစ်တွင် မတ်ပဲတစ်တင်းငွေကျပ် သုံးသောင်းကျော်ခန့်သာ ရောင်းချနေကြရသည်။

"ယခုနှစ်မတ်ပဲစိုက်ပျိုးခဲ့တာ တွက်ခြေမကိုက်ပါဘူး။ မတ်ပဲကမျိုးစေ့ဖိုး ၊ အပင်အားဆေး၊ အသီးအားဆေး၊ ပိုးသတ်ဆေးဝယ်ရတဲ့ ကုန်ကျငွေကလဲများတယ်၊ အခုရိတ်သိမ်းချိန်ကြတော့လည်း အလုပ်သမားခက မနက်ငွေကျပ်သုံးထောင်၊ ညနေကျပ်သုံးထောင် ပေးငှားရပြီး ထွန်ခ၊ ယက်ခပါပေါင်းရင် အရှုံးတောင်ပေါ်နိုင်ပါတယ်"ဟု ဖြူးအရှေ့ကျားသောင်တောင်တဲစုမှ ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

(၀၅၆)



# မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်၊ နေအိမ် ကိုးလုံးဆုံးရှုံး

**လက်ပံတန်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာ၌ မတ် ၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ဒေါ်လှလှမြေ့ (၄၀နှစ်)၏ နေအိမ်မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ရာ အနီးရှိ နေအိမ် ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်နှင့် တပ်ဖွဲ့ဝင်များနှင့်ပြည်သူများက မီးသတ်ယာဉ် ရှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် လူဦးရေ ၄၂ ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ၎င်းတို့အား ခရိုင် /မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၅၃)

## မီးဘေးရှောင် မလောင်ခင်တား

# မိုဆူးလ်မြို့၏အချက်အချာမြို့ဟောင်းကို အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အီရတ်တပ်ဖွဲ့များ ထပ်မံထိုးစစ်ဆင်

**မိုဆူးလ် မတ် ၅**

အမေရိကန် ကျောထောက်နောက်ခံပြုထားသည့် အီရတ်အင်အားစုများသည် တနင်္ဂနွေနေ့တွင် အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် တီကရစ်မြစ်အနောက်ဘက်ကမ်းပေါ်ရှိ မိုဆူးလ်မြို့၏ အချက်အချာ မြို့ဟောင်းကို ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်လာကြောင်း အီရတ်တပ်မတော်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အီရတ်အင်အားစုများသည် မိုဆူးလ်မြို့ ဌာနချုပ်ဟောင်းကို စစ်ဗျူဟာများအသုံးပြုတိုက်ခိုက်လျက်ရှိပြီး တောင်ပိုင်းမှ အနောက်တောင်ပိုင်းဆီသို့ ချီတက်လာနေကြောင်း ပူးတွဲစစ်ရေးညွှန်ကြားမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ယတ်ယာရာဆူလ်က နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနသို့ ဖြေကြားခဲ့သည်။

အီရတ်အင်အားစုများသည် ရက်ပေါင်း ၁၀၀ ကြာအောင် တိုက်ခိုက်ခဲ့ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက မိုဆူးလ်အရှေ့ပိုင်းကို အရယူနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် တီကရစ်မြစ်အနောက်ဘက်တွင် တည်ရှိနေသည့် ဒေသများကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

မိုဆူးလ်အနောက်ပိုင်းကို ထိုးစစ်ဆင်တိုက်ခိုက်နေမှုများသည် ရာသီဥတုဆိုးရွားမှုကြောင့် ပြီးခဲ့သည့် ၄၈ နာရီအကြာက ခေတ္တရပ်ဆိုင်းသွားခဲ့သည်။ ပြည်နယ်ကောင်စီနေရာများနှင့် အစိုးရဆိုင်ရာအဆောက်အအုံများအား ရယူနိုင်ခြင်းသည် အီရတ်အင်အားစုများအား မြို့ဟောင်းအနီးအနားရှိစစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် များစွာအထောက်အကူပြုစေခဲ့သည့်အပြင် မိုဆူးလ်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်အာဏာကို ပြန်လည်ရယူနိုင်ခြင်းပင်ဖြစ်သည်။ မြို့ဟောင်းရှိ အဆောက်အအုံများသည် ပျက်စီးယိုယွင်းလျက်ရှိပြီး အိုင်အက်စ်အဖွဲ့က အသုံးပြုထားခြင်းမရှိဟုဆိုသည်။

(ရိုက်တာ)



အီရတ်အထူးတပ်ဖွဲ့ဝင်များသည် မတ် ၄ ရက်က မိုဆူးလ်ရှိ အိုင်အက်စ်တို့ ထိန်းချုပ်ထားသောဒေသမှ မိသားစုတစ်စုကို ကူညီရွှေ့ပြောင်းပေးနေစဉ်

# ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ရဟတ်ယာဉ်ပျက်ကျ

**တိုကျို မတ် ၅**

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုစီရင်စုတွင် တနင်္ဂနွေနေ့ ညနေပိုင်းက လူကိုးဦးလိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။

ဒေသအစိုးရအဖွဲ့ပိုင်ဖြစ်သည့် အဆိုပါရဟတ်ယာဉ်သည် တောင်ပေါ်ကယ်ဆယ်ရေး စစ်ဆင်ရေးဆောင်ရွက်ရန်အတွက် မတ်ဆူမိုတိုလေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲတစ်နာရီခွဲခန့်တွင် စတင်ထွက်ခွာပျံသန်းလာခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။



ရဟတ်ယာဉ်သည် မွန်းလွဲ ၁ နာရီ ၅၃ မိနစ်တွင် တာကာဘိုချီပလေတိုသို့ ဆင်းသက်ရမည်ဖြစ်သည်။ ရဲတပ်ဖွဲ့သည် ပျက်ကျရဟတ်ယာဉ်ကို ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဟာချီဘူဆေတောင် အနီးတွင် တွေ့ရှိခဲ့ကြသည်။ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူကိုးဦးမှာ လေယာဉ်မှူးတစ်ဦး၊ မီးသတ်ကယ်ဆယ်ရေးဝန်ထမ်းခုနစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦးတို့ဖြစ်သည်။

ရဟတ်ယာဉ်ပျက်ကျသည့် နေရာတွင် လူငါးဦးကို တွေ့ရှိခဲ့ရပြီး သုံးဦးမှာ သေဆုံးကြောင်း အတည်ပြုခဲ့သည်။ ကျန်နှစ်ဦးနှင့်ပတ်သက်၍ အတိအကျပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ဒေသရဲအဖွဲ့က ပြောကြားခဲ့သည်။

လေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်၍ ရှာဖွေကယ်ဆယ်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အခင်းဖြစ်ပွားရာသို့ သက်ဆိုင်ရာအာဏာပိုင်များအား စေလွှတ်ထားကြောင်း သိရသည်။

(ဆင်ဟွာ)

# တရုတ်နိုင်ငံစီချွမ်တွင် အနှစ်နှစ်ထောင်သက်တမ်းရှိ ကြေးထည်ပစ္စည်း အမြောက်အမြားတွေ့ရှိ

**ချန်ဒူး မတ် ၅**

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များသည် တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်မြို့တော် ချန်ဒူး၌ ကြေးထည်အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဘီစီ ၇၇၆ မှ ဘီစီ ၄၇၆ အထိ အချိန်ကာလနှင့် ဘီစီ ၄၇၅ မှ ဘီစီ ၂၂၁ အထိ အချိန်ကာလအကြား သက်တမ်းရှိ ရှေးဟောင်းအုတ်ဂူအစုအဝေးတစ်ခုကိုတူးဖော်ရာမှ အဆိုပါကြေးထည်များကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဘောလုံးကွင်းနှစ်ကွင်းစာ အရွယ်အစားရှိသည့် နယ်မြေတစ်ခုအတွင်းရှိ အုတ်ဂူပေါင်း ၁၈၀ ကို တူးဖော်ခဲ့ရာတွင် ကြေးထည်ပစ္စည်းပေါင်း ၅၄၀ ကို တွေ့ရှိခဲ့ကြောင်း ချန်ဒူးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးသုတေသနအဖွဲ့မှ အကြီးအကဲ ဝန်တီရန်ယူက ပြောကြားခဲ့သည်။ ကြေးဖြင့်ပြုလုပ်ထားသည့် လက်နက်မျိုးစုံ၊ မီးဖိုချောင်သုံးအိုးခွက်များနှင့် ကိရိယာတန်ဆာပလာများ၊ ရိုးရာခလေ့အခမ်းအနားသုံးပစ္စည်းများကို တွေ့ရှိရခြင်းဖြစ်သည်ဟု ဆိုသည်။

ကြေးထည်ပစ္စည်း အရေအတွက်အများဆုံးကို သစ်လုံးကိုထွင်း၍ပြုလုပ်ထားသည့် လှေပုံသဏ္ဌာန်ရှိ ခေါင်းတလားအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရွှံ့နွံများဖြင့် ပိတ်ဖုံးနေကြောင်း သိရသည်။

(ဆင်ဟွာ)

# ထရန့်ကိုထောက်ခံသူများနှင့်ဆန့်ကျင်သူများ အပြန်အလှန်ရိုက်နှက်မှုဖြစ်ပွား

**ကယ်လီဖိုးနီးယား မတ် ၅**

အမေရိကန်ပြည်ထောင်စု၏ အထင်ကရဖြစ်သည့် ကယ်လီဖိုးနီးယားတွင် လူထုစုဝေးမှုပြုလုပ်ရာမှ သမ္မတဒေါ်နယ်ထရန့်ကို ထောက်ခံသူများနှင့် အတိုက်အခံဖြစ်သည့် ဆန္ဒထုတ်ဖော်သူများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမေရိကန်တစ်လွှားတွင် အမေရိကန်သမ္မတထရန့်အား ထောက်ခံသည့်အနေဖြင့် နိုင်ငံသားအများစုတို့ ငြိမ်းချမ်းစွာစုဝေးဆန္ဒပြမှုများ ပြုလုပ်နေစဉ်အတွင်း ထိုသို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရန့်ကို ထောက်ခံသူများနှင့် အတိုက်အခံဆန္ဒပြစုဝေးသူများသည် ဆန်ဖရန်စစ္စကိုပင်လယ်အော် တစ်ဖက်ကမ်း ဘာကလေရှိပန်းခြံတွင် ထိပ်တိုက်တွေ့ဆုံကြပြီး တစ်ဖက်နှင့်တစ်ဖက် သစ်သားချောင်းများဖြင့်ရိုက်ခဲ့ကာ ထရန့်ကို ထောက်ခံသည့်အဖွဲ့က ပဋိပက္ခဖြစ်ပွားသည့် ခပ်လှမ်းလှမ်းနေရာတွင် ရပ်နေသည့်ရဲများကို ငရုတ်ကောင်းစပရေးများဖြင့် ပက်ဖျန်းခဲ့ကြသည်။

ထရန့်ကိုထောက်ခံသည့် လူအုပ်အတွင်း၌ အချို့သည် အမေရိကန်အလံများကို ကိုင်ဆောင်ထားကြပြီး အနက်ရောင်ဖြင့် ဖုံးကာဝတ်ဆင်ထားသည့် အတိုက်အခံဆန္ဒပြသူများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြသည်။ ထရန့်ကိုထောက်ခံသူတစ်ဦးမှာ ဦးခေါင်းကို ရိုက်နှက်ခံရပြီး အကန်ခံလိုက်ရသောကြောင့် မြေပြင်ပေါ်လဲကျသွားခဲ့သည်။

(ရိုက်တာ)

# တူရကီ၌ လေယာဉ်ပျက်ကျခဲ့သည့် ဆီးရီးယားလေယာဉ်မှူးကို အသက်ရှင်လျက်ပြန်တွေ့

**အလက်ပို မတ် ၅**

တူရကီနယ်နိမိတ်အတွင်း ပျက်ကျခဲ့သည့် ဆီးရီးယားတပ်မတော် လေယာဉ်မှူးကို တူရကီကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါ လေယာဉ်မှူးအား ဟာတေဒေသအတွင်းရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ပြီး ကုသခဲ့ကြောင်း ဆေးရုံပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် စနေနေ့က ပျက်ကျခဲ့သည့်လေယာဉ်မှူးအား ပျက်ကျခဲ့သည့်လေယာဉ်အပျက်အစီး၏ ကီလိုမီတာ ၄၀ (၂၅မိုင်) အကွာခန့်တွင် ကယ်ဆယ်ရေးအဖွဲ့သားများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဒိုဂန်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

၎င်းအား တူရကီအခြေစိုက် ပြင်သစ်ရဲတပ်ဖွဲ့ရုံးသို့ ဦးစွာခေါ်ဆောင်သွားခဲ့ပြီးနောက် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟုဆိုသည်။ အသက် ၅၆ နှစ်ရှိပြီဖြစ်သည့် လေယာဉ်မှူး၏အမည်မှာ မာမက်ဆူဖန်ဖြစ်ကြောင်း ဆေးရုံဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

လေယာဉ်မှူးသည် ကျောရိုးတွင် ထိခိုက်ကျိုးပဲ့မှုအချို့ရှိခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် အသက်အန္တရာယ် စိုးရိမ်ရသည့်အခြေအနေမရှိကြောင်း သိရသည်။



၎င်းတက်ရောက်ကုသလျက်ရှိသည့် ဆေးရုံအတွင်းပိုင်းနှင့် အနီးတစ်ဝိုက်တွင် လုံခြုံရေးစောင့်ကြပ်ချထားမှုကို ရုပ်မြင်သံကြားထုတ်လွှင့်မှု၌ တွေ့မြင်ရသည်။

(ရိုက်တာ)

# ကြက်ငှက်တုပ်ကွေးရောဂါ (H7N9)မဖြစ်ပွားရေး ဆောင်ရွက်ချက်များ

**စုသက်မှူး(မရမ်းကုန်း)**

**ကြက်ငှက်တုပ်ကွေးရောဂါ (H7N9) သည် ၂၀၁၃ ခုနှစ်မှစတင်ကာ လူသို့ကူးစက်မှု အကြိမ် ၁၂၃၀ ရှိခဲ့ပြီး ၄၂၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယခုအခါ မြန်မာနိုင်ငံ၌ ဖြစ်ပွားမှုမရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများသိရှိနိုင်ရန် တာဝန်ရှိသူနှင့် ဆက်သွယ်မေးမြန်းခဲ့သည်။**

**ဒေါက်တာနှင်းလဲ့စိုး**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သုတေသနနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲ**

**မေး ။ ပထမဆုံးအနေနဲ့ကြက်ငှက်တုပ်ကွေးရောဂါ ဘယ်လိုဖြစ်ပွားတယ်ဆိုတာ အရင်ဦးဆုံး ရှင်းပြပေးပါဦး။**

ဖြေ ။ ကြက်ငှက်တုပ်ကွေးရောဂါဆိုတာ ကြက်မှာဖြစ်တဲ့ ရောဂါတစ်မျိုးဖြစ်ပြီးတော့ သူ့မှာအပြင်းစားနဲ့ အပျော့စားဆိုပြီး နှစ်မျိုးရှိပါတယ်။ အပြင်းစားကတော့ ကြက်သေဆုံးမှုလည်း များတယ်။ လူကိုလည်း ကူးစက်နိုင်တယ်။ အစပိုင်းမှာတော့ H5N1 က အပြင်းစားဖြစ်ပြီး နောက်ပိုင်းမှာ H5N1 အပြင် H5N2၊ H5N6၊ H5N8 နဲ့ H10N8 တို့လည်း ပါဝင်လာခဲ့ပါတယ်။ အပျော့စားကတော့ ကြက်သေဆုံးမှုနည်းသော်လည်း လူကို ကူးစက်လာတာတွေရှိရပါတယ်။ H7N9 ၊ H9N2 တို့ကတော့ အပျော့စားထဲမှာ ပါဝင်ပါတယ်။ အခုအခါမှာတော့ H7N9 က အပြင်းစားသို့ မျိုးရိုးဗီဇပြောင်းလဲလာတာတွေ့ရပါတယ်။

**မေး ။ လက်ရှိ ကမ္ဘာပေါ်မှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ဟုတ်ကဲ့ပါ။ ၁၉၉၆ ခုနှစ်၊ ၁၉၉၇ ခုနှစ်မှာ စတင်ပြီးတော့ တရုတ်နိုင်ငံမှာ H5N1 အပြင်းစားရောဂါ ဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှုကို ဘဲငန်း၊ ကြက်ခြံနဲ့ ကြက်ဘဲဈေးတွေမှာ တွေ့ရှိခဲ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ လူကိုကူးစက်မှုဖြစ်ပွားခဲ့မှုကို အတည်ပြုနိုင်ခဲ့ပြီးတော့ လူသေဆုံးမှုရှိခဲ့လို့ စိုးရိမ်ပူပန်လာခဲ့ကြပါတယ်။ အဲဒီနောက် ၂၀၀၃ ခုနှစ်မှစတင်ပြီးတော့ အာရှနိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံတချို့မှာ နှစ်စဉ်ရောဂါ ဖြစ်ပွားမှုတွေ ရှိလာခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ WHO ရဲ့မှတ်တမ်းများအရ H5N1 ဟာ လူကိုကူးစက်မှုရှိကြောင်း သတင်းပေးပို့မှုရှိခဲ့တဲ့နိုင်ငံပေါင်း ၁၆ နိုင်ငံရှိခဲ့ပြီး ကူးစက်ခံရမှု ၈၅၆ ကြိမ် လူ ၄၅၂ ယောက် သေဆုံးခဲ့ပါတယ်။

၂၀၁၃ ခုနှစ်ကစတင်ပြီးတော့ တရုတ်နိုင်ငံအရှေ့တောင်ပိုင်းမှာ H7N9 အပျော့စား ကြက်ငှက်တုပ်ကွေးရောဂါဟာ လူကိုကူးစက်မှု စတင်တွေ့ရှိလာခဲ့ပါတယ်။ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ကနေဒါနိုင်ငံတွေမှာ လူကိုကူးစက်မှု မှတ်တမ်းတွေရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ထိ H7N9 ရောဂါလှိုင်း ငါးကြိမ်ရှိခဲ့ပြီး လူကိုကူးစက်မှု အကြိမ် ၁၂၃၀ ရှိခဲ့ပါတယ်။ လူ ၄၂၈ ဦး သေဆုံးခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ယူနန်ပြည်နယ်မှာလည်း ကူးစက်မှုတွေရှိခဲ့ပြီး လူ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိခဲ့ရတဲ့အတွက် ကျွန်မတို့အနေနဲ့ စိုးရိမ်ပူပန်မှုတွေဖြစ်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ လူတွေ H7N9 ကူးစက်ခံရမှု ပိုမိုဖြစ်ပွားလာပြီး ရောဂါလက္ခဏာတွေ ပြင်းထန်လာတာ တွေ့ရှိရပါတယ်။

**မေး ။ ဟုတ်ကဲ့ပါ။ အခုဆိုရင် လက်ရှိ ကမ္ဘာပေါ်မှာဖြစ်ပွားနေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေကို သိခဲ့ရပါပြီ။ ဆက်လက်ပြီးတော့လည်း ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ လက်ရှိမှာ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ပြောပြပေးပါဦး။**

ဖြေ ။ ၂၀၀၆ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ H5N1 ကူးစက်မှုတွေ စတင်တွေ့ရှိခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်အထိ ရောဂါလှိုင်းအနေနဲ့ ရှစ်ကြိမ်ဖြစ်ပွားခဲ့တယ်။ ၂၀၁၅ ခုနှစ်အထိကတော့ H5N1 ကြောင့် ဖြစ်ပွားခဲ့ပြီးတော့ ၂၀၁၆ ခုနှစ် နောက်ဆုံးဖြစ်ပွားခဲ့တဲ့ မုံရွာကြက်မွေးမြူရေးအထူးဇုန်ကတော့ H5N1 အပြင် H9N2 ခေါ် အပျော့စားကြက်ငှက်တုပ်ကွေးရောဂါ ပူးတွဲဖြစ်ပွားတာကို တွေ့ရှိရပါတယ်။ အခုအချိန်ထိတော့ မြန်မာနိုင်ငံမှာ ကူးစက်မှုမတွေ့ရှိရသေးပါဘူး။ တုံ့ပြန်ဆောင်ရွက်မှုအနေနဲ့ကတော့ FAO ၊ OIE တို့နဲ့ ဆွေးနွေးပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ နယ်စပ်ဒေသတွေမှာ ရောဂါစူးစမ်းထောက်လှမ်းရေးအဖွဲ့တွေ ကို ဖွဲ့ပြီး ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ အသိပညာပေးခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ဓာတ်ခွဲခန်းတွေမှာလည်း ပစ္စည်းတွေ ဖြည့်တင်းပြီးတော့ ကျွမ်းကျင်သူတွေကနေ အချိန်ပြည့်ကြီးကြပ်လျက်ရှိပါတယ်။ ရောဂါဖြစ်ပွားလာလို့ရှိရင် အရေးပေါ်လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ ဆောင်ရွက်ဖို့အတွက် စီမံထားပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ နယ်စပ်ဒေသတွေမှာ၊ ရောဂါစောင့်ကြည့်စစ်ဆေးရေးဂိတ် Check Point တွေမှာ၊ ကြက်၊ ဘဲနဲ့ ကြက်ထွက် ပစ္စည်း ဝင်ထွက်မှုတွေကို စစ်ဆေးတာ၊ တရားမဝင်တင်သွင်းလာတဲ့ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ တားဆီးတာနဲ့ တရားမဝင်တင်သွင်းလာမှုတွေကို တွေ့ရှိပါက ဖျက်ဆီးရှင်းလင်းတာတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ မြန်မာနိုင်ငံမှာရှိတဲ့ ဓာတ်ခွဲခန်းတွေမှာရော ကြက်ငှက်တုပ်ကွေးနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစစ်ဆေးပေး နိုင်သလဲဆိုတာကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာတော့ ကမ္ဘာ့အဆင့်မီ BSLII ဓာတ်ခွဲခန်းသုံးခုဖြစ်တဲ့ ရန်ကုန် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်ဓာတ်ခွဲခန်းနဲ့ နေပြည်တော် ရွှေမြို့ဓာတ်ခွဲခန်းကနေပြီးတော့ နောက်ဆုံး ပေါ်နည်းပညာတွေဖြစ်တဲ့ သွေးရည်ကြည်အခြေခံစစ်ဆေးခြင်း (HA ၊ HI) နဲ့ အမြန် စစ်ဆေးနည်းတွေ၊ မော်လီကျူလာ Real-Time RT-PCR စစ်ဆေးတဲ့ စက်တွေနဲ့ H5 ၊ H7 ၊ H9 ဗိုင်းရပ်စ်အမျိုးအစားတွေကို အမြန်ခွဲခြားစစ်ဆေးပေးနိုင်ပါတယ်။

**မေး ။ တကယ်လို့ ကြက်ငှက်တုပ်ကွေးရောဂါလို့ သံသယဖြစ်ပွားပြီ ဆိုရင် ဘယ်လိုမျိုး ဆက်သွယ်ဆောင်ရွက်ရမယ် ဆိုတာကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေဖို့အတွက် ပြည်သူတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေး နှိုးဆော်ချက်တွေကို နိုင်ငံပိုင်သတင်းစာတွေမှာ ထုတ်ပြန်ထားခဲ့ပါတယ်။ ကာကွယ်ထိန်းချုပ်ရေး အစီအမံတွေကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဦးစီးဌာနတွေကိုလည်း ညွှန်ကြားထားပါတယ်။ ကြက်ငှက်တွေ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမယ်ဆိုရင် နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့ ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ ချက်ချင်းသတင်းပေးပို့ဆောင်ရွက်စေလိုပါတယ်။

> **သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ နယ်စပ်ဒေသတွေမှာ၊ ရောဂါစောင့်ကြည့်စစ်ဆေးရေးဂိတ် Check Point တွေမှာ ကြက်၊ ဘဲနဲ့ ကြက်ထွက်ပစ္စည်း ဝင်ထွက်မှုတွေကို စစ်ဆေးတာ၊ တရားမဝင်တင်သွင်းလာတဲ့ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေ တားဆီးတာနဲ့ တရားမဝင် တင်သွင်းလာမှုတွေကို တွေ့ရှိပါက ဖျက်ဆီး ရှင်းလင်းတာတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိ**

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မန္တလေးတိုင်းဒေသကြီး၏ အသင်းသားစုံညီ နှစ်ပတ်လည်စည်းဝေး

**မန္တလေး မတ် ၅**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း မန္တလေးတိုင်းဒေသကြီး၏ အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး ၂၀၁၇ နှင့် (၁၇)ကြိမ်မြောက် အသက် ၇၀ နှစ်အထက် အငြိမ်းစားကျန်းမာရေးမှူးများအား သက်ကြီးပူဇော်ပွဲကို မတ် ၄ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ၂၇ လမ်း× ၂၈ လမ်းကြား လမ်း ၇၀ ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးရှိ ခုနစ်ခရိုင်၊ ၂၈ မြို့နယ်တို့မှ အငြိမ်းစားကျန်းမာရေးမှူးများ၊ ကျန်းမာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။




အခမ်းအနားတွင် အသင်းနာယက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ ဦးအောင်ရှိန်က ကျန်းမာရေးမှူးအသင်း၏ လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ကျန်းမာရေးဌာန၏ အရေးပေါ် အထူးစီမံကိန်းများတွင် ကြိုးပမ်းပါဝင်ဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက မိမိတို့ မြို့နယ်ဒေသအလိုက် လူမှုရေးကူညီစောင့်ရှောက်မှု လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောလျင်စွာ ဆက်သွယ်ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းအတွက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဝင်းနိုင်နှင့် အလှူရှင် ဆေးကုမ္ပဏီများ၊ ကျန်အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသော သက်ကြီးအငြိမ်းစား အသက် ၇၀ နှစ်အထက် ကန်တော့ခံ ကျန်းမာရေးမှူး ၂၉ ဦးတို့ကို အလှူငွေကျပ် နှစ်သောင်းစီ၊ အဝတ်အထည်များ၊ ဆေးဝါးတို့ဖြင့် ကန်တော့ကြရာ သက်ကြီးကန်တော့ခံများကိုယ်စား မိတ္ထီလာမြို့မှ ကျန်းမာရေးမှူး ဦးအုန်းမောင်(၈၃ နှစ်)က ဆုပေးစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးစိုးအောင်၊ တိုင်းဒေသကြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးအေးသောင်း၊ အတွင်းရေးမှူး ဦးဝင်းအောင်နှင့် အမှုဆောင်များက လက်ရှိအသင်း၏ ဆောင်ရွက်ချက်များ၊ ဘဏ္ဍာငွေများ၊ အမှုဆောင်အဖွဲ့၏ ဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များ လျာထားသတ်မှတ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

(မြန်မာ့အလင်း)

## သုံးခွမြို့နယ် ဆယ်ရွာကျေးရွာ ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်

**သုံးခွ မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ထိုက်စင်ကုမ္ပဏီမှ ကျောက်တန်းမြို့နယ်ဝင်းကြီးကျေးရွာနှင့် သုံးခွမြို့နယ် ဆယ်ရွာကျေးရွာတို့ကို ဆက်သွယ်ပေးသော ဆယ်ရွာကျေးရွာ ရွာလယ်ချောင်းကူးကွန်ကရစ်တံတား အလျား ပေ ၁၃၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၈ ပေကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းများက မတ် ၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ရက်အတွင်း ပြီးစီးစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## စိုက်ပျိုးရေရရှိစေရေး စက်ရေတွင်း ၅၀ စတင်တူးဖော်

**နွားထိုးကြီး မတ် ၅**

နွားထိုးကြီးမြို့နယ်၌ နွေရာသီသောက်သုံးရေထက် စိုက်ပျိုးရေအတွက် အခက်အခဲမရှိစေရန် စက်ရေတွင်း ၅၀ ကို စတင်တူးဖော်နေပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ပြောကြားသည်။

စက်ရေတွင်း ၅၀ ကို ဝက်လူးမြို့နယ်ခွဲ မြဝတီ၊ ကျွန်းဒေါင့်ရွာမှစ၍ တူးဖော်နေပြီး စိုက်ပျိုးရေအတွက် ယာကွင်းများ၌ တူးဖော်ပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နွားထိုးကြီးမြို့နယ်၌ သောက်သုံးရေ အခက်အခဲမရှိစေရန် ရေတွင်း၊ ရေကန်များ၊ စက်ရေတွင်းများကို ဌာနဆိုင်ရာများက ပြင်ဆင်ထိန်းသိမ်းတူးဖော်ထားသဖြင့် ဆည်ရေ၊ ကန်ရေ၊ ရေတွင်း၊ ရေကန်များ ရေအပြည့်ရှိနေကြောင်း၊ ယခင်ကကဲ့သို့ သောက်သုံးရေ ဖြည့်ဆည်းရန်မလိုကြောင်း သိရသည်။

**ငွေးမြင့်မောင်**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၁) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ။

(၂) ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ။

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း။

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင်ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆(က) တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ၊ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါအခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆(က )တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရအခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀,၀၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀,၀၀၀,၀၀၁ - ၁၀၀,၀၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀,၀၀၀,၀၀၁ နှင့် အထက် | ၃၀% |

၂၆။ သမဝါယမအသင်းဥပဒေအရမှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆(က) တို့အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ % |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၁) မှ ( ၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) ညီမျှ ကျပ်သန်းပေါင်း (၁၅၀,၀၀၁)နှင့် အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါကကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်းအခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့်အခြေပစ္စည်း၏တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလအတွင်း တစ်နှစ်စုစုပေါင်းအသားတင် အမြတ်ဝင်ငွေကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့်ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်းဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(၃) နိုင်ငံတော်မှချီးမြှင့်သောဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရ အောင်ဘာလေသိန်းဆုဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်နှင့် ကရုဏာကြေး။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း(၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင်ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

**အခန်း (၈)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ**

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

( ဂ ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

( င ) တံဆိပ်ခေါင်းခွန်၊

( စ ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

( ဇ ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

( ဈ ) ရေခွန်၊

(ည) တာတမံခွန်၊

( ဋ ) သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

( ဌ ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)

( ဍ ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

( ဎ ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

( ဒ ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာ လိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး။

၃၄။ ကျောက်စိမ်း၊ပတ္တမြား၊နီလာ၊မြ၊စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

( ခ ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် မတ် ၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၂) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့် ရှင်းလင်းပွဲအခမ်းအနားကို မတ် ၂ ရက်က မော်လမြိုင်မြို့ ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တရားရုံးများသည် လူတိုင်းသို့ အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်သည့်တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုး၊ ပြည်နယ် တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်း၊ မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်ကြူကြူဝင်းနှင့် သထုံခရိုင် တရားသူကြီး ဒေါ်ဖြူဖြူသွယ်တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက သက်ဆိုင်ရာ တရားရုံးများ၏ တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်တရားရေးဦးစီးမှူးက




ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ချင်းပြည်နယ်အတွက် ဝင်ငွေတိုးပွားစေမည့် တစ်ပိုင်တစ်နိုင်နွားနောက်မွေးမြူရေးလုပ်ငန်း

**နေစု(ချင်းရိုးမ)**

ချင်းပြည်နယ်၏ ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ ချင်းလူမျိုးများသည် နွားနောက်ကို အင်မတန်တန်ဖိုးထားကြသည်နှင့်အညီ လူပြီးလျှင်နွားနောက်ဟူသော နွားနောက် အပေါ်တန်ဖိုးထားမှုဆိုရိုးများရှိခဲ့သည်။ ချင်းလူမျိုးတို့၏ ရိုးရာပွဲများဖြစ်သည့် ဓလေ့ထုံးတမ်းယစ်ပူဇော်ပွဲများ၊ သက်ကြီးကန်တော့ပွဲများ၊ ထိမ်းမြားမင်္ဂလာပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် လူမှုရေးပြဿနာများတို့တွင် နွားနောက်မပါလျှင် မပြီး၊ မပါလျှင် မဖြစ်ပေ။

ချင်းပြည်နယ်(တောင်ပိုင်း)ဒေသခံလူကြီးများ အဆိုအရ နွားနောက်သည် မင်းတပ်မြို့နယ် ဝေလောင်းကျေးရွာအနီး အွတ်လောင်းအိုင်တွင် စတင်တွေ့ရှိခဲ့ရပြီး ယခုအချိန် ချင်းတောင်ဒေသအသီးသီး၌ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရန် နွားနောက်များကို တန်ဖိုးထားမွေးမြူကြသည်။

ချင်းပြည်နယ်တွင် နွားနောက်မွေးမြူသည့် မြို့နယ်များမှာ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ပလက်ဝမြို့နယ်များဖြစ်ကြပြီး ယင်းမြို့နယ်များအနက် မင်းတပ်နှင့် မတူပီမြို့တွင် နွားနောက်ကို အများဆုံးမွေးမြူကြကာ ဟားခါးနှင့် ပလက်ဝမြို့တို့တွင် မွေးမြူမှုအနည်းဆုံးဖြစ်ကြောင်း၊ နွားနောက်မွေးမြူရေးကို အဓိက အသားစားရန် မွေးမြူကြခြင်းဖြစ်ကြောင်း၊ ချင်းတောင်ဒေသတွင် ယခုအခါ နွားနောက်များ လွှတ်ကျောင်းရန် နေရာကျဉ်းမြောင်းလာပြီး တောထဲတွင် လွှတ်ကျောင်းရသည့် နွားနောက်များလည်း ယခင်အတိုင်း စိတ်မချရတော့ဘဲ တစ်ဖက်နိုင်ငံတွင် ကျွဲ၊ နွား၊ နွားနောက်ဈေးကောင်းလာသည့်အတွက် ခိုးယူဖမ်းဆီးသူများ အနည်းအကျဉ်းတွေ့လာရကြောင်း၊ တောင်ပေါ်တွင် လွှတ်ကျောင်းခြင်းမှာ ယခင်အတိုင်းအဆင်မပြေတော့ဘဲ တောင်ယာစိုက်ခင်းအတွင်း ဝင်ရောက်ဖျက်ဆီးမည်ကို စိုးရိမ်ရသကဲ့သို့ မသမာသူများ၏ရန်ကိုလည်း စိုးရိမ်လာရကြောင်း၊ ယခင်က တန်ဖိုးထားမွေးမြူခဲ့သည့် နွားနောက်မွေးမြူရေးသည် ယခုအခါ လွှတ်ကျောင်းစားကျက်အခက်အခဲကြောင့် နွားနောက်မွေးမြူသူနည်းပါးလာကြောင်း၊ နွားနောက် နှစ်နှစ်သားမှ သုံးနှစ်သားတစ်ကောင်လျှင် ငွေကျပ်သုံးသိန်းဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ခြောက်နှစ်သားမှ အထက်ဆိုလျှင် ငွေကျပ် လေးသိန်းမှ ငွေကျပ်ခုနစ်သိန်းဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ကြောင်း၊ နွားနောက်သား တစ်ပိဿာလျှင် ငွေကျပ် ခြောက်ထောင်ဈေးရှိပြီး ချင်းပြည်နယ်တစ်ဝန်းလုံးတွင် နွားနောက်ကောင်ရေ ခုနစ်သောင်းကျော်ရှိမည်ဟု ခန့်မှန်းပြောဆိုကြကြောင်း ချင်းတောင်ဒေသ တီးတိန်မြို့နယ်မှ နွားနောက်မွေးမြူရေး တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူတစ်ဦးက ပြောသည်။

နွားနောက်၏အသားသည် နူးညံ့၍ အရသာကောင်းမွန်ခြင်း၊ အသားထွက်နှုန်းကောင်းမွန်ခြင်းတို့ကြောင့် အသားထုတ်လုပ်သူများနှင့် ကျွဲ၊ နွားရောင်းဝယ်သူများမှ ဈေးကောင်းပေး၍ ဝယ်ယူကြခြင်း၊ တစ်ဖက်တွင်လည်း နွားနောက်ပိုင်ရှင်များမှ ဈေးကောင်းရချိန်တွင် ရောင်းချကြသဖြင့် နွားနောက်ကောင်ရေသည် ပွားများတိုးတက်သင့်သလောက် ပွားများတိုးတက်လာခြင်းမရှိကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ယင်းကဲ့သို့ နွားနောက်မျိုးများ တိမ်ကောပပျောက်မှုကို ကာကွယ်ရန်အတွက် လည်းကောင်း၊ နိုင်ငံတော်၏ သားငါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အပံ့ဖြစ်လာစေရေးအတွက် လည်းကောင်း၊ နွားနောက်ကောင်ရေ တိုးပွားလာစေရေးနှင့် မိရိုးဖလာမွေးမြူထားသောစနစ်မှသည် စနစ်တကျထိန်းကျောင်း မွေးမြူရေးစနစ်သို့ ကူးပြောင်းလာစေရေးအတွက်လည်းကောင်း လုပ်ငန်းစီမံချက်များ ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိသည်။



နွားနောက်များသည် နွားမျိုးရင်းဝင်သတ္တဝါများဖြစ်သည့်အတွက် ယေဘုယျအားဖြင့် နွားဖြင့်ဆင်တူဖြစ်ပြီး အရောင်အဆင်းမှာ နွားနောက်အစစ်များ၏ ကိုယ်ထည်သည် အနက်ရောင်ဖြစ်၍ ခြေထောက်လေးချောင်းတွင် ဒူးဆစ်အောက်ပိုင်းသည် အဖြူရောင်ဖြစ်သည်။ အမြီးဖျားတွင် လေးလက်မမှ ခြောက်လက်မအထိ အဖြူဆွတ်ဆွတ်ဖြစ်ပြီး ခြေတံ၊ လက်တံနှင့် ခွာမှာ နွားများထက် ပိုမိုသေးသွယ်၍ ဘို့မပါရှိပါ။ ဘို့ရာတွင် ထူးခြားစွာမောက်တက်နေသော ကျောရိုးဆစ်တန်းအဖြစ် တည်ရှိနေပြီး အချို့နွားနောက်များတွင် တစ်ကိုယ်လုံးအနက်ရောင် သို့မဟုတ် အဖြူကြားဖြင့် တွေ့ရှိရသည်။

နွားနောက်များသည် ပျမ်းမျှတစ်နှစ်ခွဲအရွယ်တွင် သားတောင်းမိတ်လိုက်နိုင်ပြီး နှစ်နှစ်ခွဲအရွယ်တွင် ပထမသားကို စတင်ပေါက်ဖွားသည်။ ကိုယ်ဝန်ဆောင်ကာလမှာ နွားများကဲ့သို့ပင် ပျမ်းမျှရက်ပေါင်း ၂၈၀ ခန့် ကြာသည်။ နွားနောက်အထီးများသည် နှစ်နှစ်သားအရွယ်တွင် အရွယ်ရောက်ပြီး သုံးနှစ်သားအရွယ်တွင် မျိုးအတွက် သားစပ်ရန် အကောင်းဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။



နွားနောက်များသည် တောင်စောင်း၊ တောင်ခါးပန်းနှင့် တောင်ကြောများတွင် ခြေကုပ်မြဲစွာဖြင့် ကောင်းမွန်စွာကျက်စားနေနိုင်ပြီး အမြဲစိမ်းလန်းစိုပြည်နေသော သစ်တောအုပ်များတွင် အထူးနှစ်ခြိုက်စွာ ကျက်စားလေ့ရှိသည်။ တစ်ကောင်စ၊ နှစ်ကောင်စဖြင့် ကျက်စားနေထိုင်လေ့မရှိဘဲ အုပ်စုလိုက် ကျက်စား သွားလာလှုပ်ရှားသောအလေ့အထရှိသည်။ နွားနောက်များသည် မျိုးရိုးဗီဇအရ အသားအဖြစ်ထုတ်လုပ်ရောင်းချရန် ကောင်းမွန်သည်။ နွားနောက်များသည် အရွယ်ရောက်ချိန်စော၍ အသားတိုးနှုန်းကောင်းမွန်ခြင်း၊ အသားသည် နူးညံ့၍ အရသာကောင်းမွန်ခြင်း၊ အရိုးသေး၍ အသားများသဖြင့် အသားအထွက်များခြင်း၊ ကုန်ကျစရိတ်သက်သာစွာ မွေးမြူနိုင်ခြင်းတို့ကြောင့် အသားစားမျိုးအဖြစ် စနစ်တကျမွေးမြူနိုင်ပါက စီးပွားရေးအရ များစွာအောင်မြင်နိုင်ပါသည်။

နွားနောက်များသည် တောရိုင်းသဘာဝမှ ဆင်းသက်လာသည့်အတွက် ရောဂါနှင့် ရာသီဥတုဒဏ်ကို ကျွဲ၊ နွားများထက် များစွာခံနိုင်ရည်ရှိသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးပါးလုံး တောထဲ၌ နေထိုင်ကျက်စားသွားလာနိုင်သည်။ ညပိုင်းတွင် ခြံလှောင်ကာ နေ့ဘက်တွင် လွှတ်ကျောင်းမွေးမြူရာ၌ ခြံကို နွားနောက်များ မထွက်စေရန် ခိုင်မာအောင် ခြံစည်းရိုးကာထားခြင်းသာဖြစ်သည်။ ကျွဲ၊ နွားများကဲ့သို့ အမိုးအကာဖြင့် နွားတင်းကုပ်ပြုလုပ်၍ထားရန်မလို၊ အအေးမိ၍ ဖျားနာခြင်း၊ အပူလွန်၍ သေဆုံးခြင်းမရှိပေ။

ချင်းပြည်နယ်တွင် နွားနောက်အထီးနှင့် ဒေသနွားများကို ရောနှောလွှတ်ကျောင်းလေ့ရှိပြီး နွားနောက်အထီးနှင့် ဒေသနွားများ သဘာဝသားစပ်ပြီးရရှိသော ကပြားနွားငယ် နွားနောက်နှင့် နွားကပြားမျိုးဟုခေါ်သည်။ အဆိုပါနွားမျိုးသည် နွားနောက်အစစ်များထက် ခန္ဓာကိုယ်ကြီးမားတုတ်ခိုင်၍ အသားစားနွားမျိုးအဖြစ် မွေးမြူရန် ပိုမိုသင့်လျော်သည်။ ထို့အပြင် ယင်းနွားမျိုးအထီးများကို ခိုင်းနွားအဖြစ်လည်း အသုံးချနိုင်ပြီး အမများသည် ယင်းတို့၏ တစ်သက်တာတွင် ၁၇ ကောင်မှ ၁၉ ကောင်အထိ သားပေါက်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများရှိသည့်အနက် ချင်းပြည်နယ်တစ်ခုတည်းသာ နွားနောက်များကို အများဆုံးမွေးမြူကြပြီး ယင်းသို့မွေးမြူထားရှိသော နွားနောက်များမှာ ချင်းတိုင်းရင်းသားဒေသခံများမှ အမြဲစိမ်းသစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးကြခြင်း၊ ရေစီးရေလာကောင်းသည့်နေရာများနှင့် သဘာဝဆားတွင်းများကို လူတို့မှ ကျူးကျော်အသုံးပြုကြခြင်း၊ လက်ရှိတွင် နွားနောက်စားကျက်များ ပျောက်ကွယ်လာမှုကြောင့် နွားနောက်မွေးမြူသူများအနေဖြင့် လုပ်ငန်းများပြောင်းလဲ လုပ်ကိုင်လာကြသကဲ့သို့ ဒေသပြောင်းရွှေ့သွားမှု စသည့်အခြေအနေများကြောင့် နွားနောက်များအတွက် စားကျက်ခင်းများ တိမ်ကောပပျောက်လာသည့်အပြင် နွားနောက်မွေးမြူသူများ တဖြည်းဖြည်းနည်းပါးလာပြီး နွားနောက်ကောင်ရေတိုးပွားမှုကို အဟန့်အတားဖြစ်လာစေပါသည်။

ယခုအခါ နွားနောက်မွေးမြူသူများ ထပ်မံလျော့နည်းမှု မရှိစေရန်နှင့် ပျောက်ကွယ်မှုမရှိစေရန် ချင်းပြည်နယ်အခြေစိုက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နွားနောက်မွေးမြူသူများအား မတည်ရင်းနှီးငွေများ၊ မျိုးမသုဉ်းအောင်ကာကွယ်ပေးမှုများ၊ ရောဂါကုသရေးဆိုင်ရာ ပံ့ပိုးမှုများကို စီမံချက်ရေးဆွဲ၍ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

နွားနောက်မွေးမြူရေးလုပ်ငန်းသည် စနစ်တကျ ထိန်းကျောင်းမွေးမြူပါက ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များများရရှိနိုင်သည်။ နွားနောက်များအတွက် နွားများကဲ့သို့ အစာအထူးကျွေးမွေးစရာမလိုဘဲ တောထဲ၌သာ စနစ်တကျလွှတ်ကျောင်းပြီး ညနေပိုင်းအချိန်မှန်မှန် ခြံပြန်သွင်း၍ ဆားကျွေးခြင်း၊ ကာကွယ်ဆေးများအချိန်မှန်မှန်ထိုးနှံပေးခြင်းတို့ဖြင့် ကောင်ရေတိုးပွားအောင် မွေးမြူနိုင်သည်။ ထို့ကြောင့် ချင်းတိုင်းရင်းသားတို့ကို ဝင်ငွေတိုးတက်စေသော နွားနောက်မွေးမြူရေးကို နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား ပြည်သူများက ပုဂ္ဂလိကအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်းကောင်း တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ်တစ်အုပ်တစ်မမွေးမြူရေးဆီသို့ဆောင်ရွက်မွေးမြူနိုင်ပါက ကျေးလက်လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

## မျိုးစေ့ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၅**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ခြံဦးစီးမှူးများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့်အတူ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်၊ ဝါနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်မော်တို့သည် ဖေဖော်ဝါရီလနောက်ဆုံးပတ်က ဒေသအလိုက် ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က မျိုးကောင်းမျိုးသန့် ထုတ်လုပ်ပေးရန်အတွက် ပုဂ္ဂလိက အခန်းကဏ္ဍ၏ အရေးပါပုံများ၊ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့် တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် ဌာနပိုင်ခြံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်အသင်းများ စုဖွဲ့ဆောင်ရွက်ခြင်းကိစ္စရပ်များ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ ဖြစ်ထွန်းလာရေး၊ စီးပွားရေး တွက်ခြေကိုက်သော စပါးအခြေခံသီးနှံပုံစံနှင့် စိုက်ပျိုးနည်းစနစ်များအား အလေးထားဆောင်ရွက်ရေး၊ တောင်သူများ၏ သီးနှံအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များကိုအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်း၊ အလေ့အကျင့်ကောင်းများအား လိုက်နာဆောင်ရွက်ရေး၊ တောင်သူအစုအဖွဲ့များအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနမှ နည်းပညာပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အခြားလိုအပ်သည့် အရင်းအနှီးနှင့် စက်ပစ္စည်းကိရိယာများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဝန်ကြီးဌာနမှ ချေးငွေများ၊ စက်ကိရိယာများ၊ မျိုးစေ့များ ရယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။



ထို့နောက် ညွှန်ကြားရေးမှူး ဦးအောင်မော်နှင့် တိုင်းဦးစီးမှူးများက တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် တောင်သူများမှ လုပ်ငန်းအောင်မြင်စေရေးအတွက် လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန်တို့ကိုတင်ပြပြီး ဒေသအလိုက် လုပ်ငန်းရှင်များ၏ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှု၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-သိန်**

# ပွင့်ဖြူမြို့နယ်အတွင်းရှိ မတ်ပဲစိုက်တောင်သူများ အထွက်နှုန်းကျ၍ တွက်ခြေမကိုက်

ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ- မေမိုးသဲ



ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံတစ်ဝန်းလုံးတွင် ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့လျက်ရှိရာ စိုက်ပျိုးရေးကို အဓိကအခြေပြုသည့် မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် လူဦးရေအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ရှိ ကျေးလက်ဒေသနေ တောင်သူလယ်သမားများမှာ အထိခိုက်ဆုံးဖြစ်သည်။ သို့ရာတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မတ်ပဲစိုက်တောင်သူများမှာ ယခုနှစ် မတ်ပဲစိုက်ပျိုးပြီး မိုးများ၍ အပင်ပေါက်များတွင် ရောဂါများ ကျရောက်ခဲ့ရာ ပဲများရိတ်သိမ်းချိန်တွင် ပဲထွက်နှုန်းများ လျော့ကျခဲ့ကြောင်း သိရသည်။

“မနှစ်ကစပြီး ဒီဘက်မှာ မတ်ပဲကိုစစိုက်ကြတာ။ ဒါပေမယ့် သုံးလေးဦးလောက်ပဲစိုက်တယ်။ အရင်က ကုလားပဲနဲ့ ပဲထောပတ်ကိုပဲ အဓိကထားစိုက်ကြတယ်။ မြေပဲကိုလည်း အချို့တော့စိုက်ကြပါတယ်။ မနှစ်က မတ်ပဲ ဈေးကောင်းရတော့ ဒီနှစ်မတ်ပဲကို တော်တော်များများ စိုက်လာကြတယ်။ ဒါပေမယ့် ဒီနှစ်မတ်ပဲဈေးကအရင်နှစ်လောက်ဈေးကောင်းမရဘူး။ ဈေးကောင်းမရတဲ့အပြင် ဒီနှစ်ရာသီဥတုဖောက်ပြန်တယ်ပဲပြောရမယ်။ ပဲစိုက်ပြီး မကြာခင်မှာ မိုးအဆက်မပြတ်ရွာတယ်။ အဲဒီမှာ အစိုဓာတ်များလို့ ပဲပင်တွေ မှိုတွေကပ်ပြီး ရောဂါတွေကျတယ်။ ဓာတုဆေးတွေလည်း ဖျန်းရတာ မနည်းဘူး။ ဆေးဖိုးတင်ကုန်ကျစရိတ် ငွေကျပ် တစ်သိန်းကျော်တယ်။ ကျန်တဲ့ကုန်ကျစရိတ်မပါသေးဘူး။ ပိုဆိုးတာက ပဲရိတ်သိမ်းချိန်မှာ တစ်ဧကကို ငါးတင်းလောက်ပဲရတယ်။ ပဲစပေါ်ချိန်တုန်းက ဈေးကသိပ်မရှိဘူး။ ခုနောက်ပိုင်းတော့ ဈေး နည်းနည်းတက်လာတယ်။ ဒီဘက်မှာ မတ်ပဲစိုက်တောင်သူတော်တော်များများ ပဲအထွက်နှုန်း အကုန်လျော့တယ်။ တစ်ဧကကို အလွန်ဆုံးရရင် ကိုးတင်းလောက်ပဲရကြတယ်။ တကယ်ကောင်းလို့ပဲ ထွက်မယ်ဆိုရင် တစ်ဧကကို တင်း ၂၀ နဲ့ ၃၀ ကြားပြေးမလွတ်ဘူး။ ဒီနှစ်က ရာသီဥတုဖောက်ပြန်တော့ ဒီဘက်ကမတ်ပဲစိုက်တောင်သူတွေ ဘယ်သူမှ ပဲမရကြဘူး”ဟု ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာမှ တောင်သူဦးနိုင်ထွန်းဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများမှာ ယခင်နှစ်က မတ်ပဲဈေးကောင်း၍ယခုနှစ်တွင် ပိုမိုစိုက်ပျိုးခဲ့ကြရာ ယခုနှစ်မှာ ပဲဈေးမကောင်း၍ တောင်သူများတွက်ခြေမကိုက်ဖြစ်ခဲ့ရသည်။ ထို့ပြင်ရာသီဥတုဖောက်ပြန်မှုကြောင့် ပဲထွက်နှုန်းများမှာလည်း ယခင်နှစ်ထက် သုံးပုံ နှစ်ပုံခန့် လျော့ကျခဲ့ကြောင်း၊ မတ်ပဲဈေးမှာလည်း ယခင်နှစ်က ပဲပေါ်ချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ကျော်ရှိခဲ့ရာမှ ယခုနှစ်ပဲပေါ်ချိန်တွင် ငွေကျပ် ၂၈၀၀၀ သာရရှိခဲ့ကြောင်း၊ သို့သော် ပွင့်ဖြူမြို့နယ်အတွင်း ယခုလက်ရှိ မတ်ပဲဈေးမှာငွေကျပ် ၃၀၅၀၀ အထိပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း သိရသည်။

သို့သော် ယခုနှစ်မတ်ပဲပေါ်ချိန်တွင် ယမန်နှစ်ကထက် မတ်ပဲဈေးမှာ သိသိသာသာကျဆင်းနေ၍ တောင်သူများမှာ တက်ဈေးကိုမစောင့်ဆိုင်းဘဲ ပေါက်ဈေးနှင့်သာ ရောင်းချခဲ့ကြရသဖြင့် တွက်ခြေမကိုက်ဖြစ်ခဲ့ရသည်။

ယခုနှစ်မတ်ပဲကို ပွင့်ဖြူမြို့နယ်အတွင်းရှိ ဖလံတော၊ နှောကျင်း၊ ဝဲဒေါင့်၊ ကျွန်းပင်စင်၊ ရွာသစ်၊ အနောက်ကိုင်း၊ ပင်းတုန်း၊ ပေတော၊ ရွာသာညွန့်စသည့် ကျေးရွာများတွင် စမ်းသပ်စိုက်ပျိုးလာကြောင်း သိရသည်။ အဆိုပါဒေသများ၌ မတ်ပဲကို သီတင်းကျွတ်လတွင် စိုက်ပျိုးပြီး ပြာသို၊ တပို့တွဲလတို့တွင် ရိတ်သိမ်းရကြောင်း သိရသည်။ ၎င်းတို့၏ ဒေသထွက်ကုန် သီးနှံများကို မကွေးနှင့် မင်းဘူးမြို့များသို့ သွားရောက်ရောင်းချရကြောင်း သိရသည်။

ယခင်နှစ်များက မတ်ပဲသည် ဈေးကွက်တွင် ဈေးကောင်းရသောကြောင့် ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး ပြည်နယ်များရှိတောင်သူများမှာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့မြင်ရသည်။ သို့သော် ယခုနှစ်မတ်ပဲဈေးမှာ တောင်သူများ မျှော်လင့်ထားသလို ဖြစ်မလာသည်က တစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများ ပျက်စီး၍ သီးနှံအထွက်နှုန်းလျော့ကျသည်ကတစ်ကြောင်း စသည်တို့ကြောင့် ယခုနှစ် မတ်ပဲစိုက်တောင်သူအချို့မှာ မှန်းချက်နှင့် ပဲထွက်မကိုက်၍ တောင်သူအချို့အဆင်မပြေမှုများနှင့် ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-သိခ်

မတ်လ အခုအပတ်မှာ ပြည်ပကိုအဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့ မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေ အကျဈေးနဲ့ ငြိမ်နေပါတယ်။ နှမ်းရောင်စုံဈေးနှုန်းလည်း ဒီတစ်ပတ်အတွင်းမှာ ငြိမ်နေပြီး နှမ်းနက်(စမုံ)သာဈေးအနည်းငယ်ပြောင်းလဲပါတယ်။ ကြက်သွန်နီဈေးကတော့ ဆက်တိုက်ကျဆင်းနေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံနီ (RC) ဈေးတည်ငြိမ်**

မတ်လ ပထမအပတ်မှာ တစ်တန်ကို ငွေကျပ် ၉၆၀၀၀၀ နဲ့ ဈေးစဖွင့်ခဲ့ပေမယ့် သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၉၆၄၀၀၀နဲ့ ဈေးပိတ်ခဲ့ပါတယ်။တစ်ပတ်အတွင်းမှာလည်း ဈေးအတက်အကျ အပြောင်းအလဲမရှိပါဘူး။ပဲစင်းငုံကလည်း တစ်တန်ကို ၇၃၄၀၀၀ နဲ့စဖွင့်ခဲ့ပြီး သောကြာနေ့မှာ တစ်တန်ကို ငွေကျပ် ၇၅၁၀၀၀ ဈေးရှိပြီး အပြောင်းအလဲ အနည်းငယ်သာရှိခဲ့ပါတယ်။

**နှမ်းမျိုးစုံဈေးအနည်းငယ်ပြောင်းလဲ**

မတ်လ ပထမအပတ်မှာ နှမ်းမျိုးစုံဈေးကတည်ငြိမ်နေပြီး သောကြာနေ့မှာ နှမ်းနက်





(စမုံ)က ဈေးအနည်းငယ်တက်လာပါတယ်။

နှမ်းနက် (စမုံ) တစ်အိတ်ကို ငွေကျပ် ၁၃၈၀၀၀ အထိ မြင့်တက်ခဲ့ပြီး တစ်ပတ်လုံး ငွေကျပ် ၁၃၀၀၀၀ နဲ့ ဈေးတည်ငြိမ်နေခဲ့ပါတယ်။ဖေဖော်ဝါရီလနဲ့ နှိုင်းယှဉ်ရင်တော့ တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

နှမ်းနက်ကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ၁၀၅၀၀၀ ဈေးရှိခဲ့ပေမယ့် သောကြာနေ့မှာတော့ ၉၂၀၀၀ အထိ တစ်အိတ်ကို ၁၃၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

နှမ်းဖြူကတော့ တနင်္လာနေ့မှာ ငွေကျပ် ၁၀၀၀၀၀ ဈေးစဖွင့်ခဲ့ပေမယ့် သောကြာနေ့မှာ ငွေကျပ် ၅၀၀၀ လောက်ဈေးတက်လာပြီး ငွေကျပ် ၁၀၅၀၀၀ ရှိနေပါတယ်။ နှမ်းညိုကလည်း တနင်္လာနေ့မှာ ငွေကျပ် ၇၀၀၀၀ ခန့်ရှိခဲ့ပြီး သောကြာနေ့မှာ ငွေကျပ် ၇၅၀၀၀ အထိ ငွေကျပ် ၅၀၀၀ ခန့် ဈေးတက်လာပါတယ်။ ပန်းနှမ်းကတော့ ငွေကျပ် ၇၅၀၀၀ ရှိနေပြီး ဈေးအပြောင်းအလဲ မရှိပါဘူး။

**ကြက်သွန်နီဈေး ကျဆင်း**

ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သားနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ဒီတစ်ပတ်ရဲ့တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၆၅၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၃၀၀ ရှိခဲ့ပြီး သောကြာနေ့မှာတော့ တစ်ပိဿာကို အမြင့်ဆုံးဈေး ငွေကျပ် ၁၁၀၀ ရှိပါတယ်။ တစ်ပတ်အတွင်း ဈေးအနည်းငယ်သာ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပါတယ်။

# ပဲစင်းငုံခုတ်သိမ်းနေချိန် တောင်သူတို့ တက်ဈေးမျှော်

**နွားထိုးကြီး မတ် ၅**

နွားထိုးကြီးမြို့နယ်တွင် ပဲစင်းငုံများအထွက်ကောင်းသော်လည်း ဈေးမကောင်း၍ တောင်သူများလက်တွင် ပဲစင်းငုံအလျှံပယ်ရရှိနေသဖြင့် နိုင်ငံခြားဈေးကွက် တက်ဈေးကို မျှော်နေသည်။

ပဲစင်းငုံမှာ မြို့နယ်၏ သီးနှံနောက်ဆုံးပဲဖြစ်ပြီး စိုက်ဧကမှာလည်း ဧက ၉၀၀၀၀ ကျော်နေသည်။ အထွက်တိုးပဲ ၊ရိုးရိုးပဲကြောင့် လည်း ပဲစင်းငုံဈေးကွက်ကို ထိန်းနိုင်သည်။ ပဲစင်းငုံတစ်တင်း ငွေကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ခန့်ရှိရာ ယခုနှစ် ငွေကျပ် နှစ်သောင်းကျော်သာရှိသည်။ ရာသီဒဏ်ခံပြီး အထွက်ကောင်းခဲ့၍ အရှုံးမရှိသီးနှံအဖြစ် တင်စားခဲ့သော ပဲစင်းငုံမှာ ယခုအခါ တောင်သူများအရှုံးနှင့် ရင်ဆိုင်နေရသည်။

ပဲစင်းငုံ ခုတ်သိမ်း၊ ရိုက်ခြွေနေပြီဖြစ်၍ ပဲစိုက်တောင်သူများမှာ အိန္ဒိယဈေးကွက်၊ တရုတ်ဈေးကွက်ရှိရေးနှင့် တက်ဈေးမျှော်နေကြပြီဖြစ်ကြောင်း သိရသည်။

ဌေးမြင့်မောင်၊ ဓာတ်ပုံ-ကိုတင့်



ညစ်ညမ်းမှုကင်းဝေးစေရေး ဓာတုပိုးသတ်ဆေးသုံးစွဲမှု တားဆီးပေး

# မွေးမြူရေးလုပ်ငန်းရှင်များအား ဥပဒေလိုက်နာရန် ရန်ကုန်တိုင်းလွှတ်တော်ကော်မတီ တိုက်တွန်း

**ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ-သိန်း**



မြေယာစာချုပ်ပါအတိုင်း လုပ်ငန်းမဆောင်ရွက်သည့် မွေးမြူရေးလုပ်ငန်းရှင်များကို စိစစ်သွားမည်ဟု ရန်ကုန်တိုင်းလွှတ်တော် ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအင်၊ သတ္တုနှင့်သစ်တောကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အစိုးရထံတွင် လျှောက်ထားခြင်းမရှိဘဲ မြေယာများကို အသုံးချနေခြင်းများရှိသည့်အတွက် ထိုသို့ သတိပေးလိုက်ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေး၊ လျှပ်စစ်စွမ်းအင်၊ သတ္တုနှင့် သစ်တောကော်မတီဥက္ကဋ္ဌ ဦးတင့်ရှိန်က "စာချုပ်တွေနဲ့ချပေးတဲ့ မြေယာတွေကို လုပ်တဲ့နေရာမှာ စာချုပ်ပါအတိုင်း မလုပ်ဘဲ ဥပဒေချိုးဖောက်တာက တစ်ခု၊ ဘာမှမလုပ်ရဘဲ အစိုးရဆီမှာ လျှောက်ထားခြင်းမရှိဘဲ လယ်ယာမြေတွေပေါ်မှာ ကန်တူးပြီး ချိုးဖောက်တာ တစ်ခု၊ အဲ့ဒါတွေကို စိစစ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟုပြောသည်။

"မွေးမြူရေးနဲ့ရေလုပ်ငန်းတွေ တိုးတက်ဖို့အတွက် အစိုးရရဲ့ပံ့ပိုးကူညီမှုတွေလည်း လိုအပ်နေပြီး ဥပဒေတွေကို လျှော့ပေါ့စဉ်းစားဖို့ လိုအပ်ပါတယ်။ ငါး၊ပုစွန်မွေးမြူရေး လုပ်ကြတယ်ဆိုတာ ရာဇဝတ်မှုကျူးလွန်တာမဟုတ်ဘူး။ တိုင်းပြည်ရဲ့အခြေခံစားနပ်ရိက္ခာထုတ်လုပ်တဲ့ လုပ်ငန်းတွေဖြစ်တယ်။ ဒါကြောင့် စက်မှုနိုင်ငံမဟုတ်တဲ့အတွက် ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေက ကျေးလက်မှာနေပြီး စိုက်ပျိုး မွေးမြူရေးကိုလုပ်တာ တော်တော်ကို အခြေခံကျတယ်။ အဲ့ဒါကြောင့် ဥပဒေက အားပေးနေတဲ့ ဥပဒေတွေဖြစ်ဖို့လိုတယ်။ အားပေးတဲ့ ဥပဒေဖြစ်မှ ဒီလုပ်ငန်းက တိုးတက်မှာ ၊ အားမပေးဘဲ ဖိနှိပ်တဲ့ ဥပဒေ၊ ကန့်သတ်ထားတဲ့ ဥပဒေတွေဆိုရင်တော့ လုပ်ငန်းကတိုးတက်လာမှာ မဟုတ်ဘူး"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

မွေးမြူရေး၊ရေလုပ်ငန်းများနှင့်ပတ်သက်၍ ရေချိုငါးလုပ်ငန်းဥပဒေ၊ လယ်ယာမြေ ဥပဒေနှင့် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ စသည့်ဥပဒေများဖြင့် ဆောင်ရွက်ကြခြင်း ဖြစ်သည်။

## ယခုနှစ် သရက်သီးရာသီချိန်၌ သရက်ထွက်ကုန်များ ရုရှားသို့ ယခင်နှစ်ကထက် ပိုမိုတင်ပို့မည်



**အောင်အောင်(AMIA)**

ယခုနှစ် သရက်သီးရာသီအတွင်း ရုရှားနိုင်ငံသို့ မြန်မာ့သရက်သီးများ ယခင်နှစ်ကထက် ပိုမိုတင်ပို့မည်ဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ခုနှစ် သရက်သီးရာသီတွင် ရုရှားနိုင်ငံသို့ ဈေးကွက်စမ်းသပ်သည့်အနေဖြင့် ကွန်တိန်နာ နှစ်လုံး(၂တန်ခန့်) သာတင်ပို့နိုင်ခဲ့ ကြောင်း၊ လက်ရှိတွင် မြန်မာ့သရက်သီးများကို ရုရှားနိုင်ငံသို့တင်ပို့နိုင်ရန်အတွက် ဈေးကွက်ချိတ်ဆက်ထားပြီးဖြစ်ကာ တင်ပို့ရာတွင် သရက်သီးကို အနှစ်ထုတ်၍ တင်ပို့မည်ဖြစ်ကာ ယခင်နှစ်သရက်သီးရာသီထက် ပိုမိုတင်ပို့သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းအတွင်းရေးမှူး ကိုကျော်စိုးနိုင်က ပြောပြသည်။

"မနှစ်က သရက်သီး နောက်ဆုံးရာသီမှာ ဈေးကွက်တစ်ခု ရအောင်လို့ ပို့ရတဲ့အတွက် သိပ်မပို့လိုက်ရဘူး။ တစ်တန်၊ နှစ်တန်လောက်ပဲ ပို့လိုက်တာ။ ဒီနှစ် ပိုမိုတင်ပို့သွားမယ်။ ဈေးကွက်ရှာတာလည်း အဆင်ပြေတယ်။ လက်ရှိတော့ အရည်အသွေးကောင်းဖို့ကြိုးစားနေတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့မျိုးရင်းစိန်တစ်လုံးသရက်သီးကို ယခုအခါတွင် တရုတ်နိုင်ငံသာမက စင်ကာပူ၊ ဒူဘိုင်း၊ မလေးရှား၊ ဟောင်ကောင် စသည့်နိုင်ငံများအထိ တင်ပို့နေရပြီဖြစ်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

"ဒီနှစ်က အသီးအပွင့် နောက်ကျပေမယ့် ယခင်နှစ်ထက် အပွင့်နှုန်းများတယ်။ ယခင်နှစ်တွေထက် အသီးထွက်နှုန်းကောင်းမယ်လို့ ခန့်မှန်းထားတယ်"ဟု စစ်ကိုင်းမြို့နယ် ဒီပဲယင်းကျေးရွာမှ သရက်စိုက်ခြံပိုင်ရှင် တစ်ဦးက ပြောပြသည်။

မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေဖြင့် သရက်စိုက်ပျိုးတောင်သူများကို အပင်ရောဂါနှင့် ကုသနည်းများအကြောင်း၊ အပင်ပိုးမွှားများနှင့် ပိုးသတ်ဆေးများအကြောင်း၊ မြေယာပြုပြင်ခြင်းနှင့် မြေဩဇာများအကြောင်း၊ GAP(စိုက်ပျိုးရေးဆိုင်ရာအလေ့ကျင့်ကောင်းများ)၊ ရိတ်သိမ်းချိန်လွန် သရက်သီးအသီးတင် အသီးများစေရန် နည်းပညာများအကြောင်းကို သင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးလျက်ရှိကြောင်း အဆိုပါ အသင်းထံမှ သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်သရက်စိုက်ဧက တစ်သိန်းခန့်တိုးတက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်၌ သရက်စိုက်ဧကတစ်သိန်းခန့်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းထံမှ သိရသည်။

## ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသ၏ထွက်ကုန်များနှင့် ငရုတ်ကောင်းဈေးကွက်

**သူ(ပုဏ္ဏားမြို)**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တောဖျားဒေသသည် လက်ရှိအနေအထားအရ ရေလမ်းတစ်ခုကိုသာ အားကိုးပြီး ဒေသနေပြည်သူကူးလူးဆက်ဆံ သွားလာနေကြရသဖြင့် ဒေသဖွံ့ဖြိုးရေးကို များစွာနှောင့်နှေးစေလျက်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ လက်ရှိဖောက်လုပ်နေသော ပုဏ္ဏားကျွန်း- ရသေ့တောင် ကားလမ်းမှာလည်း ယခင် အစိုးရသက်တမ်းကာလအပြင် လက်ရှိအချိန်အထိ အကောင်အထည်ဖော်ဆောင်နိုင်မှုမရှိသေးကြောင်း တွေ့ရသည်။

အဆိုပါ ကားလမ်းပြီးမြောက်သွားမည်ဆိုလျှင် ပုဏ္ဏားကျွန်း တောဖျားဒေသ၏ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်မှာ သေချာသည်။

အဆိုပါ ဒေသနေပြည်သူများမှာ ငရုတ်ကောင်း၊ ကွမ်း၊ တညင်းသီး၊ သရက်သီး၊ ပိန္နဲသီးနှင့်သစ်ဝါးများကို အခြေခံထွက်ကုန်အဖြစ်အားထားကာ မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေကြရသော ဒေသဖြစ်တစ်ခုဖြစ်သည်။

တောဖျားဒေသ၏ ဝင်ပေါက်ထွက်ပေါက်ဖြစ်သော ပိုးရှီပြင်ကျေးရွာသည် ဖော်ပြပါ ဒေသထွက်ကုန်အများဆုံးထွက်ရှိသော ကျေးရွာဖြစ်သလို အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံနှင့် လုံခြုံရေးရဲကင်းတို့နှင့်အတူ ထိုဒေသ၏ ပညာရေးကျန်းမာရေးစသည်တို့ကို ထိန်းညှိပေးနေသော ကျေးရွာလည်းဖြစ်သည်။

လက်ရှိ ဆောင်းနှောင်းကာလ၏ဒေသထွက်ကုန်မှာ ငရုတ်ကောင်းဖြစ်သလို လွန်ခဲ့သောနှစ်ပေါင်း ၂၀ခန့်က တောဖျားဒေသသည် ရွှေခေတ်အဖြစ် ငရုတ်ကောင်းဖြင့် နာမည်ကြီးခဲ့သည်ဆိုလျှင်မှားမည်မထင်ပါ။



သို့ရာတွင် ယခုအခါ ထိုဒေသရှိ ငရုတ်ကောင်း တောင်သူများမှာ ငရုတ်ကောင်းပင်များ မြစ်ပုတ်နာဖြင့် ပျက်စီးခြင်းအပြင် ထွက်ရှိလာသော ငရုတ်ကောင်းများလည်း မျှော်မှန်းသလောက် ဈေးကွက်မှာ ဈေးကောင်းမရခြင်း၊ တညင်းသီးရာသီမှာ တညင်းသီးဈေးကွက်မကောင်းခြင်း၊ ဒေသ၏ သစ်တောသယံဇာတများမှာလည်းလူတို့၏စည်းကမ်းမဲ့ ထုတ်ယူမှုများကြောင့် သစ်ဝါးများရှားပါးစပြုလာနေပြီဖြစ်သည်။

ယခင်နှစ်က ခုလိုငရုတ်ကောင်းရာသီချိန် ငရုတ်ကောင်း အစိမ်းခြောက်ပြည်ဝင် (ဒေသသုံး တစ်တောင်း)ကို ငွေကျပ် ၄၅၀၀၀ ရှိခဲ့သော်လည်း ယခုနှစ်တွင် ငွေကျပ် ၃၅၀၀၀သာ ဈေးပေါက်နေကြောင်း၊ ငရုတ်ကောင်းအစိမ်း တစ်တောင်းကို နေလှန်းလျှင် အခြောက် နှစ်ပိဿာ ၂၀ ကျပ်သားခန့်ထွက်ရှိရာ ငရုတ်ကောင်းစေ့ တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ဝန်းကျင် အရောင်းအဝယ်ဈေးရှိနေကြောင်း ပိုးရှီပြင်ကျေးရွာ လူမှုကွန်ရက်အဖွဲ့မှ ကိုအောင်ကျော်က ပြောသည်။

ဖော်ပြပါ ဒေသထွက်ကုန်များ၏ ဈေးကွက်မှာ ဒေသတည်ငြိမ်မှုအပေါ် များစွာမူတည်နေကြောင်း သိရသည်။ မည်သို့ဆိုစေ ထိုဒေသ၏ အဓိကထွက်ကုန်များထဲမှ တန်ဖိုးအမြင့်မားဆုံးနှင့် နိုင်ငံခြားဈေးကွက်ဝင် ငရုတ်ကောင်းပင်များ ပြန်လည်ရှင်သန်လာပြီး အထွက်နှုန်းကောင်းကောင်းနှင့် ဈေးကောင်းရရှိလာစေရန် တောင်သူများအနေဖြင့် စိုက်ပျိုးရေးပညာရှင်များနှင့်ချိတ်ဆက်ပြီး နည်းပညာများကိုလေ့လာရန် လိုအပ်သလို တာဝန်ရှိသူများအနေဖြင့်လည်း ငရုတ်ကောင်းဈေးကွက် ပြန်လည် ဦးမော့လာစေရန် ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

## မြေအစိုဓာတ်ဖြင့်စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း မတ် ၅**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရိုးတစ်လျှောက် မြေနုယာမြေများတွင် မြေအစိုဓာတ်ဖြင့်စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများ အပင်ပေါက်ကောင်းရရှိပြီး အသီးများအောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ကုလားပဲသီးနှံဈေးနှုန်းမှာလည်း ဈေးကောင်းပေးဝယ်ယူနေသောကြောင့် ကုလားပဲသီးနှံစိုက်ပျိုးတောင်သူများ စီးပွားရေးတွက်ခြေကိုက်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသခံတောင်သူတွေဟာ မြေအစိုဓာတ်တွေ၊ မြေအောက်ရေတွေကို အမှီပြုပြီး စိုက်ပျိုးရေးလုပ်ငန်းကို မပြတ်လုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးတဲ့အခါမှာလည်း သက်တမ်းတိုပြီးစီးပွားရေးတွက်ခြေကိုက်တဲ့ သီးနှံတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ တစ်နှစ်ကိုအနည်းဆုံးသီးနှံ သုံးကြိမ်လောက် စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာစိုက်ပျိုးတဲ့ ကုလားပဲသီးနှံစိုက်ခင်းတွေမှန်သမျှ အောင်မြင်စွာဖြစ်ထွန်းကြပါတယ်။ အခုဆိုရင် ကုလားပဲသီးနှံစိုက်ခင်းတွေဟာ သီးနှံများရင့်မှည့်နေပြီဖြစ်လို့ စတင်ရိတ်သိမ်းရတော့ပါမယ်။ တချို့တောင်သူတွေဆိုရင် ကုလားပဲသီးနှံတွေသိမ်းဆည်းပြီးရင် နောက်ထပ်ပြောင်းဖူးပြန်စိုက်ပျိုးဖို့အတွက် ပြင်ဆင်ထားကြပါတယ်"ဟုကင်ပွန်းတန်းကျေးရွာမှ ကုလားပဲစိုက်တောင်သူတစ်ဦးကပြောသည်။ **မေသုခ**

# မြန်မာ့စိုက်ပျိုးရေးသုတေသန(၂)

**ဆင်းသီဟ**

**မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသည်။ အပူပိုင်းမုတ်သုံရာသီဥတုကိုပိုင်ဆိုင်ထားသောကြောင့်ဟု ဆိုနိုင်သည်။သို့သော်နေရာဒေသလိုက်၍ ရေမြေအခြေအနေ ကွဲပြားမှုများရှိနေသည်။ စိုက်ပျိုးသည့်သီးနှံ တူညီမှုမရှိနိုင်သလို စိုက်ပျိုးနည်းပညာအသုံးပြုရန်လိုအပ်မှုလည်း တူညီနိုင်မည် မဟုတ်ပါ။ စိုက်ပျိုးနည်းပညာတွင် သီးနှံမျိုးများနှင့် သီးနှံမျိုးအလိုက်လိုက်နာဆောင်ရွက်သင့်သည့် နည်းစနစ်တို့ပါဝင်သည်။ အခြေအနေအရပ်ရပ်နှင့် သင့်တော်ကိုက်ညီသည့်မျိုးနှင့် စိုက်ပျိုးနည်းပညာများကို ဖော်ထုတ်ပေးရန် မြန်မာ့စိုက်ပျိုးရေးသုတေသနက စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိပါသည်။**



မုတ်သုံမိုးဝင်ရောက်မှုမှာ ယခင်နှင့်နှိုင်းယှဉ်လျှင် နောက်ကျသည်။ ပြန်လည်ထွက်ခွာတော့ ယခင်ထက်စောသည်။ ရွာသွန်းသည့်ပမာဏက နည်းနည်းလာသည်။ ရာသီဥတုပြောင်းလဲမှုကို သိသိသာသာမြင်တွေ့နေရသည်။ စပါးသီးနှံစိုက်ပျိုးအောင်မြင်ဖို့ဆိုလျှင် ယေဘုယျအားဖြင့် တစ်လလျှင် မိုးရေချိန် ရှစ်လက်မနှင့်လေးလ ဆက်တိုက်မိုးရွာရန်လိုသည်။ ဆည်ရေသောက်ဒေသများတွင် ဖြည့်စွက်ရေပေးနိုင်လျှင်ပင် သုံးလတော့ ဆက်တိုက် တစ်လလျှင် ရှစ်လက်မခန့် မိုးရွာရန် လိုအပ်သည်ဟု သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းတွင် စပါးသီးနှံစိုက်ပျိုးရေးအတွက် လုံလောက်သော မိုးရွာသွန်းမှုကို မရရှိသည့်ဒေသများရှိလာသည်။ မိုးရွာသွန်းမှုပုံမှန်မရှိဘဲ မိုးခေါင်သည်။ မိုးခေါင်မှုကြောင့် စပါးမစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးပြီးစပါးခင်းများ တံစဉ်လွတ်ရခြင်း စသည့်ပြဿနာများကို ရင်ဆိုင်ရတော့သည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ကြုံတွေ့ရသည်က ရေကြီးရေလျှံမှုဖြစ်သည်။ မူလကပင် ပုံမှန်ရေကြီးရေလျှံမ်းလေ့ရှိသည့် စပါးစိုက်လယ်မြေများတွင် ရေကျချိန်မှာမှ စပါးစိုက်ပျိုးသည့် အလေ့အထက ရှိပြီးဖြစ်သည်။ ယခုမူ ပုံမှန်မဟုတ်သည့် ရေလျှံမှုများကြောင့် စပါးသီးနှံကို ပုံမှန်စိုက်ချိန်တွင် မစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပြီးစပါးများ ရေလျှံမှုကြောင့် ပျက်စီးရခြင်းစသည့် ပြဿနာများကို ရင်ဆိုင်ရတော့သည်။

စပါးသည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ်အားထားရသည့် သီးနှံဖြစ်လေရာ လယ်မြေမှန်သမျှ စပါးသီးနှံကို စိုက်ပျိုးရန်လိုအပ်သည်။ မိုးခေါင်ခြင်း၊ ရေကြီးရေလျှံမ်းခြင်း၊ ဆားငန်ရေဝင်ခြင်း၊ ဆပ်ပြာပေါက်ခြင်းစသည့် ကြုံတွေ့ရမှုသည် သဘာဝ၊ လူသား၏စွမ်းပကားသည်သာ ပဓာနဖြစ်ရပါမည်။ မိုးခေါင်သော်လည်း စပါးကိုအောင်မြင်စွာစိုက်ပျိုးနိုင်ရေး၊ ရေလျှံမ်းသော်လည်း ပျက်စီးမှု မဖြစ်စေရေး၊ မြေဆီလွှာပြဿနာများရှိသော်လည်း ကျော်လွှားနိုင်ရေးတို့ကို မြန်မာ့စိုက်ပျိုးရေးသုတေသနပညာရှင်တို့က စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေသော မျိုးသစ်များရရှိရေး ဆန်စပါးသုတေသနပြုလုပ်မှုများကို တင်ပြလိုသည်။ ရေအနည်းလိုစပါးသုတေသန၊ ရေမြုပ်ခံစပါးသုတေသနနှင့် ဆားငန်ဒဏ်ခံနှင့် ရေငတ်ဒဏ်ခံစပါးသုတေသနတို့ ဖြစ်ပါသည်။

## ရေအနည်းလိုစပါးသုတေသန

ရေအနည်းလိုစပါးမျိုးသစ်များသုတေသနပြုရွေးချယ်ရာတွင် အဓိကလက္ခဏာများ သတ်မှတ်ထားသည်။ အပင်ငယ်စဉ်ဖြစ်ထွန်းမှုလျင်မြန်ခြင်း၊ ရေငတ်ဒဏ်ခံနိုင်ခြင်း၊ ပြန်လည်ရှင်သန်နိုင်ခြင်း၊ အထွက်နှုန်းကောင်းခြင်းနှင့် စားသုံးမှုနှင့် ဆန်အရည်အသွေးသင့်တင့်ကောင်းမွန်ခြင်းတို့ဖြစ်သည်။ ယခုအခါ တောင်သူလယ်သမားများအသုံးပြုစိုက်ပျိုးနိုင်ရန် မျိုးသစ်ခုနစ်မျိုးကို ဖော်ထုတ်ထားပြီးဖြစ်သည်။ အဆိုပါမျိုးသစ်များသည် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးသော ဒေသများအတွက် အထူးသင့်တော်သည်။ ထိုမျှမက ဆည်ရေသောက်ဧရိယာဖြစ်သော်လည်း ဆည်ရေကို ချွေတာသုံးစွဲရန်လိုအပ်သည့်ဒေသနှင့် ဆည်ရေရောက်ရှိရန် ခက်ခဲသည့် မြောင်းဖျားသောက်လယ်မြေများတွင် စိုက်ပျိုးသင့်သည်။ အလားတူ မြစ်ရေတင်ဒေသလယ်မြေများအတွက်လည်း အထူးသင့်တော်ကြောင်း သိရသည်။

ရေအနည်းလို-၁ စပါးမျိုးမှာ အသက်ရက် ၁၁၅ ရက်နှင့်ရိတ်သိမ်းနိုင်ပြီး တစ်ဧက ၆၅ တင်းမှ တင်း ၉၀ ခန့်ထွက်နိုင်သောမျိုးဖြစ်သည်။ အပင်အရပ် လေးပေခန့်မြင့်သည်။ အနှံပါပင်ပွား ခုနစ်ပင်မှ ကိုးပင်၊ တစ်နှံပါသီးလုံး ၁၂၄ လုံးနှင့် အစေ့ ၁၀၀၀ အလေးချိန် ၂၃ဂရမ်ရှိ သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်း ၂၀ ဒသမ ၆ ရှိကာ ဗိုက်ဖြူအနည်းငယ်ပါသည်။ ညှော်မထအုပ်စုဝင်စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းသော မျိုးဖြစ်သည်။ ထူးခြားချက်မှာ စပါးရွက်ခြောက်ရောဂါဒဏ်ကို ခံနိုင်ရည်ရှိပါသည်။

ရေအနည်းလို-၂ စပါးမျိုးမှာ တစ်ဧကအထွက်တင်း ၆၀ မှ ၉၀ ဖြစ်ပြီး အသက်ရက်မှာ ၁၁၂ ရက်ဖြစ်သည်။ အပင်အရပ် သုံးပေခွဲခန့်မြင့်သည်။ အနှံပါပင်ပွားမှာ ၁ မီတာ အရှည်တွင် ၆၄ ပင်ဖြစ်သည်။ တစ်နှံပါသီးလုံး ၁၁၁ လုံးသီးနိုင်ပြီး အစေ့ ၁၀၀၀ အလေးချိန်မှာ ၂၆ ဒသမ ၃ ဂရမ်ဖြစ်သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်း ၂၂ ဒသမ ၈၄ ဖြစ်ကာ ဆန်ရှည်ဆန်သားကြည်လင်ပြီး ဗိုက်ဖြူအနည်းငယ်ပါသည်။ ညှော်မထအုပ်စုဝင် စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းသည်။ ထူးခြားချက်မှာ စပါးရွက်လိပ်ပိုးနှင့် စပါးဆစ်ပိုးဒဏ်တို့ကို ခံနိုင်ရည်ရှိကြောင်း သိရသည်။

ရေအနည်းလို-၃ စပါးမျိုးမှာ တစ်ဧကအထွက်တင်း ၈၀ မှ ၁၀၀ ထွက်နိုင်သည်။ အပင်မှာ သုံးပေခွဲခန့်မြင့်သည်။အသက်ရက် ၁၂၀ ဖြစ်ပြီး အနှံပါပင်ပွားမှာ ရှစ်ပင်ဖြစ်သည်။ တစ်နှံပါသီးလုံး ၁၇၈ လုံးသီးနိုင်ပြီး အစေ့ ၁၀၀၀ အလေးချိန်မှာ ၂၈ ဒသမ ၅ ဂရမ်ဖြစ်သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်း ၂၅ ဒသမ ၅ ဖြစ်ကာ ဗိုက်ဖြူအနည်းငယ်ပါသည်။ ညှော်မထအုပ်စုဝင်စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်း ကောင်းသည်။

ရေအနည်းလို-၄ စပါးမျိုးမှာ အသက်ရက် ၁၁၇ ရက်ဖြင့် ရိတ်သိမ်းနိုင်ပြီး တစ်ဧကအထွက်စွမ်းရည်မှာ တင်း ၉၀ မှ ၁၀၀ ဖြစ်သည်။ အပင်အမြင့် လေးပေခန့်မြင့်ပြီး အနှံပါပင်ပွား ရှစ်ပင်မှ ၁၄ ပင်ဖြစ်ကာ တစ်နှံပါသီးလုံး ၁၉၈ လုံးခန့်သီးသည်။ အစေ့ ၁၀၀၀ အလေးချိန် ၂၂ ဒသမ ၅ ဂရမ်ရှိပြီး အမိုင်းလိုစ့်ရာခိုင်နှုန်းမှာ ၂၂ ဒသမ ၂၈ ဖြစ်သည်။ ညှော်မထအုပ်စုဝင်စပါးမျိုးဖြစ်ပြီး ဆန်ရှည် ဆန်သားကြည်လင်ကာ စားသုံးမှုအဆင့်အတန်းကောင်းမွန်သည်။ ထူးခြားချက်မှာ စပါးရွက်ခြောက် ရောဂါကို အသင့်အတင့် ခံနိုင်ပြီး စပါးဂုတ်ကျိုးရောဂါကို ခံနိုင်ကြောင်း သိရသည်။

ရေအနည်းလို-၅ စပါးမျိုးမှာ တစ်ဧကမှ ၁၀၂ တင်းအထိထွက်နိုင်သည်။ အသက်ရက် ၁၁၀ ရက်ဖြင့် ရိတ်သိမ်းနိုင်သည်။ အပင်အမြင့် သုံးပေခွဲခန့်မြင့်ပြီး အနှံပါပင်ပွား ကိုးပင် မှ ၁၃ ပင်အထိပွားသည်။ တစ်နှံပါသီးလုံး ၁၈၉ လုံးခန့်သီးပြီး အစေ့ ၁၀၀၀ အလေးချိန်မှာ ၃၁ ဒသမ ၁ ဂရမ်ဖြစ်သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်း ၁၈ ဒသမ ၉ ရှိပြီး ဆန်ရှည်ဆန် သားကြည်လင်သည်။ ညှော်မထအုပ်စုဝင် စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းမွန်သည်။ ထူးခြားချက်မှာ ဂုတ်ကျိုးရောဂါဒဏ်ကို ခံနိုင်သည်။

ရေအနည်းလို-၆ စပါးမျိုးမှာ အသက်ရက် ၁၁၀ ဖြစ်ပြီး တစ်ဧကလျှင်တင်း ၁၀၀ မှတင်း ၁၄၀ အထိ ထွက်ရှိနိုင်သည်။ အပင်အမြင့် လေးပေခန့်ဖြစ်ပြီး အနှံပါပင်ပွားမှာ ၈ ပင်မှ ၁၄ ပင်ဖြစ်သည်။ တစ်နှံပါသီးလုံး ၁၉၆ လုံးခန့်သီးပြီး အစေ့ ၁၀၀၀ အလေးချိန်မှာ ၂၃ ဂရမ်ဖြစ်သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်း ၂၄ ဒသမ ၂ ဖြစ်ကာ ဆန်ရှည်ဆန်သားကြည်လင်သည်။ ညှော်မထအုပ်စုဝင်စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းသော စပါးမျိုးဖြစ်သည်။ ထူးခြားချက်မှာ စပါးဂုတ်ကျိုးရောဂါဒဏ်ကို ခံနိုင်ရည်ရှိကြောင်း သိရသည်။

ရေအနည်းလို-၇ စပါးမျိုးမှာ အသက်ရက် ၁၁၆ ရက်ဖြင့်ရိတ်သိမ်းနိုင်သည်။ တစ်ဧက အထွက်မှာ တင်း ၆၀ မှ ၁၂၀ ခန့်ဖြစ်ပြီး အပင်အမြင့် ၄ ပေခန့်မြင့်သောစပါးမျိုးဖြစ်သည်။ အနှံပါပင်ပွား ၁၂ ပင်မှ ၁၄ ပင်အထိပွားသည်။ တစ်နှံပါသီးလုံး ၁၈၉ လုံးသီးပြီး အစေ့ ၁၀၀၀ အလေးချိန်မှာ ၂၅ ဂရမ်ဖြစ်သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်း ၂၃ ဒသမ ၇၂ ရှိပြီး ဆန်ရှည်ဆန်သားကြည်လင်ကာ ဗိုက်ဖြူအနည်းငယ်ပါသည်။ ညှော်မထအုပ်စုဝင် စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းသည်။ ထူးခြားချက်မှာ စပါးရွက်ခြောက် ရောဂါဒဏ်ကို ခံနိုင်သည်။

## ရေမြုပ်ခံစပါးသုတေသန

ရေကြီးရေလျှံမ်းလေ့ရှိသောဒေသများအတွက် ရေမြုပ်ခံဗီဇပါဝင်ပြီး မြန်မာနိုင်ငံတွင်စိုက်ပျိုးလျက်ရှိသော မြီးကောက်စပါးမျိုးထက် သာလွန်ကောင်းမွန်သည့် စပါးမျိုးရရှိရေးကို သုတေသနပြုဆောင်ရွက်လျက်ရှိသည်။ အဓိကရွေးချယ်သည့် လက္ခဏာများမှာ သက်တမ်း ၁၄၅ ရက်မှ ရက် ၁၅၀ ဖြင့်ရိတ်သိမ်းနိုင်ခြင်း၊ ရေလျှံမ်းမိုးမှုအောက်တွင် ၁၀ ရက်မှ ၁၄ ရက်ခန့်ကြာသည်အထိ နစ်မြုပ်မှုကိုခံနိုင်ခြင်း၊ ရေကျချိန်တွင် ပြန်လည်ရှင်သန်နိုင်မှုကောင်းမွန်ခြင်း၊ ရင့်မှည့်ချိန်တွင် အပင်ယိုင်လဲမှုဒဏ်ကိုခံနိုင်ခြင်း၊ စပါးအထွက်ကောင်းခြင်း၊ ဆန်ထွက်ကောင်းခြင်းနှင့် ဈေးကွက်တွင်ကျယ်ခြင်းစသည်တို့ဖြစ်သည်။ သုတေသနပြုထုတ်ဝေထားသည့် ရေမြုပ်ခံ-၁ နှင့် ရေမြုပ်ခံ-၂ စပါးမျိုးတို့ကို ဖော်ပြလိုပါသည်။

ရေမြုပ်ခံ-၁ စပါးမျိုးမှာ လက်ရွေးစင်အုပ်စုဝင်စပါးမျိုးဖြစ်ပြီး တစ်ဧကအထွက်တင်း ၇၀ မှ ၁၀၀ အထိထွက်နိုင်သည်။ အသက်ရက် ၁၅၅ ရက်ဖြင့် ရိတ်သိမ်းနိုင်ကာ အပင်အမြင့် သုံးပေခွဲနီးပါးရှိသည်။ အနှံပါပင်ပွား ခုနစ်ပင်မှ ရှစ်ပင်ဖြစ်ပြီး တစ်နှံပါသီးလုံး ၁၆၆ လုံးသီးသည်။ အစေ့ ၁၀၀၀ အလေးချိန်မှာ ၂၁ ဒသမ ၆ ဂရမ်ဖြစ်ပြီး အမိုင်းလိုစ့်ရာခိုင်နှုန်းမှာ ၂၆ ဒသမ ၆ ဖြစ်သည်။ ဆန်ရှည်ဆန်သားကြည်လင်သည်။ စားသုံးမှုအဆင့် အတန်းကောင်းသည်။ ထူးခြားကောင်းမွန်သည့်လက္ခဏာမှာ ရေအောက်တွင် ၁၄ ရက်မှ ၁၇ ရက်အထိ ရေမြုပ်ခံနိုင်သောမျိုးဖြစ်သည်။ ရေကျချိန်တွင် အပင်ပြန်လည် ဖြစ်ထွန်းမှုမြန်ဆန်ပြီး အရွက်အစာချက်လုပ်မှုကောင်းမွန်ကာ အပင်ယိုင်လဲမှုဒဏ်ကို ခံနိုင်သောမျိုးဖြစ်ကြောင်း သိရသည်။

ရေမြုပ်ခံ-၂ စပါးမျိုးမှာ ငစိန်အုပ်စုဝင်စပါးမျိုးဖြစ်ပြီး တစ်ဧကမှ ၈၂ တင်းမှ ၁၃၅ တင်းအထိထွက်ရှိနိုင်သည်။ အသက်ရက် ၁၄၃ ရက်ဖြင့် ရိတ်သိမ်းနိုင်သည်။ အပင်အမြင့် သုံးပေခွဲနီးပါးရှိသည်။ အနှံပါပင်ပွား ၁၂ပင်အထိပွားသည်။ တစ်နှံပါသီးလုံး ၁၆၀ သီးပြီး အစေ့ ၁၀၀၀ အလေးချိန်မှာ ၂၃ ဒသမ ၅ ဂရမ်ဖြစ်သည်။ အမိုင်းလိုစ့်ရာခိုင်နှုန်းမှာ ၃၀ ဒသမ ၂ ဖြစ်ပြီး ဆန်ရှည်ဆန်သား ကြည်လင်သည်။ စားသုံးမှုအဆင့်အတန်း သင့်တင့်သည်။ ထူးခြားကောင်းမွန်သည့်လက္ခဏာမှာ ရေအောက်တွင် ၁၀ ရက်မှ ၁၄ ရက်အထိ ရေမြုပ်ခံနိုင်သောမျိုးဖြစ်သည်။ ရေကျချိန်တွင် အပင်ပြန်လည် ဖြစ်ထွန်းမှုမြန်ဆန်ကာ အပင်ယိုင်လဲမှုဒဏ်ကိုခံနိုင်သောမျိုးဖြစ်ကြောင်း သိရသည်။

## ဆားငန်ဒဏ်ခံနှင့် ရေငတ်ဒဏ်ခံစပါးသုတေသန

မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် ပင်လယ်ဆားငန်ရေဝင်ဒေသများရှိသည်။ အထက်ပိုင်း ဒေသတွင်လည်း ကုန်းတွင်းဆပ်ပြာပေါက်မြေများရှိသည်။ ထိုဒေသတွင် စပါးကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရန် သုတေသနကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထုတ်ဖော်ထားသည့် စပါးနှစ်မျိုးကို ဖော်ပြလိုသည်။ ပြည်မြန်မာစိန်စပါးမျိုးနှင့် ရွှေအာဆီယံစပါးမျိုးတို့ဖြစ်သည်။

ပြည်မြန်မာစိန် စပါးမျိုးမှာ အသက်ရက် ၁၁၆ ရက်ရှိပြီး အပင်အမြင့်မှာ လေးပေဖြစ်သည်။ အနှံပါ ပင်ပွား ၁၀ ပင်မှ ၁၅ ပင်ဖြစ်ပြီး တစ်နှံပါသီးလုံး ၁၃၀ သီးနိုင်သည်။ အစေ့ ၁၀၀၀ အလေးချိန် ၂၄ ဒသမ ၅ ရှိပြီး အမိုင်းလိုစ့်ရာခိုင်နှုန်းမှာ ၂၁ ဒသမ ၆၁ ဖြစ်သည်။ ဆန်ရှည်ဆန်သားကြည်လင်သည်။ ညှော်မထအုပ်စုဝင်စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းသည်။ ထူးခြားချက်မှာ ကုန်းတွင်းဆပ်ပြာပေါက်မြေဒဏ်နှင့် ပင်လယ်ဆားငန်ရေဝင်ဒဏ်ကိုခံနိုင်သည်။ ထို့ပြင် ရေငတ်ဒဏ်ကိုလည်း အသင့်အတင့်ခံနိုင်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါး အဖြစ် စိုက်ပျိုးနိုင်သည်ဟု သိရသည်။

ရွှေအာဆီယံ စပါးမျိုးမှာ အသက်ရက် ၁၁၆ ရက်ပင်ဖြစ်ပြီး အပင်အမြင့်မှာ လေးပေခန့်ရှိသည်။ အနှံပါပင်ပွား ၁၁ ပင်မှ ၁၅ ပင်အထိပွားသည်။ တစ်နှံပါသီးလုံး ၁၅၀ သီးနိုင်သည်။ အစေ့ ၁၀၀၀ အလေးချိန် ၂၇ ဒသမ ၆ ရှိပြီး အမိုင်းလိုစ့်ရာခိုင်နှုန်းမှာ ၂၃ ဒသမ ၆ ဖြစ်သည်။ ဆန်ရှည်ဆန်သား ကြည်လင်သည်။ ညှော်မထအုပ်စုဝင်စပါးမျိုးဖြစ်ပြီး စားသုံးမှုအဆင့်အတန်းကောင်းသည်။ ထူးခြားချက်မှာ ဆားငန်ဒဏ်ခံနိုင်သည်။ ရေငတ်ဒဏ်ကိုလည်း အသင့်အတင့်ခံနိုင်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါးအဖြစ် စိုက်ပျိုးနိုင်သည်ဟု သိရသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် စပါးစိုက်ပျိုးရာ ရေမြေသဘာဝ အခြေအနေမပေးမှုများ ကြုံတွေ့လာမှုကို ကျော်လွှားနိုင်ရန် ဆန်စပါးသုတေသနက မွေးမြူထုတ်လုပ်ပေးသည့် စပါးမျိုးများကို ဖော်ပြလိုက်ရခြင်းဖြစ်သည်။ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (The National Seed-related Committee) ကလည်း အတည်ပြု ထောက်ခံပြီးဖြစ်သည်။ လက်ရှိစိုက်ပျိုးလျက်ရှိသော အထွက်ကောင်းစပါးမျိုးများဖြစ်သည့် ဆည်ရေသောက်လယ်မြေစိုက်စပါးမျိုး၊ မိုးကောင်းသောက် လယ်မြေစိုက်စပါးမျိုးတို့ဖြင့် ပုံမှန်စပါးအထွက်ကို မရရှိနိုင်သည့် မိုးခေါင်ရေရှားဒေသ၊ ရေကိုချွေတာသုံးစွဲရန်လိုအပ်သည့်ဒေသ၊ ရေကြီးရေလျှံမ်းမှုကြုံတွေ့နိုင်သည့်ဒေသနှင့် ဆားငန်ရေဝင်ဒေသ၊ ကုန်းတွင်းဆပ်ပြာပေါက်ဒေသတို့အတွက် အထူးအသုံးဝင်သည့် စပါးမျိုးများဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ပြည်ပပို့ကုန်အဖြစ် အားထားရသည့် သီးနှံဖြစ်လေရာ လယ်မြေမှန်သမျှ စပါးသီးနှံကို စိုက်ပျိုးရန်လိုအပ်သည်။ မိုးခေါင်ခြင်း၊ ရေကြီးရေလျှံမ်းခြင်း၊ ဆားငန်ရေဝင်ခြင်း၊ ဆပ်ပြာပေါက်ခြင်းစသည့် ကြုံတွေ့ရမှုသည် သဘာဝ၊ လူသား၏စွမ်းပကားသည်သာ ပဓာနဖြစ်ရပါမည်။**

# ကျွန်တော်နဲ့အင်းလေး



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ပထမဆုံးအကြိမ် အင်းလေးကို ရောက်ဖူးခဲ့တာက လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်။ ဒီတုန်းက မိသားစုနဲ့အတူ တောင်ကြီးသင်္ကြန်ဆင်နွှဲခဲ့တာ။ ကလေး ခုနစ်ယောက်နဲ့အတူ ဖေဖေက ကားကိုမောင်း မေမေက လမ်းပြ။ တောင်ကြီး ဆေးရုံမှာ တာဝန်ကျခဲ့တဲ့ ဆရာဝန်ကြီး ဦးစိုးသန်းက အိမ်ရှင်အဖြစ် တာဝန်ယူခဲ့ပြီး အင်းလေးကို ရောက်ခဲ့တာ။ အင်းအလယ်မှာရှိတဲ့ ဗိုလ်တဲမှာတည်းပြီး အဆောက်အအုံအပေါ်က ကြည့်လိုက်ရင် အင်းလေးကန်ရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ ငါးဖိန်းတွေကို မြင်ရတာ။ ကျွန်တော်အင်းလေးကို နောက်ပိုင်း ရောက်ခဲ့ပြန်တယ်။ စီးပွားရေးတက္ကသိုလ် ခြေလျင်တောင်တက် အသင်းနဲ့အတူ တောင်ကြီး၊ ကလော၊ ရွှေ့မြင်၊ နောက်မြင်ကို ခရီးထွက်ရင်း အင်းထဲရောက်ခဲ့တာ။ အင်းလေးမှာရှိတဲ့ အင်းသားတွေကိုလည်း ချစ်တယ်၊ မြတ်နိုးတယ်။ ပါးစပ်ရာဇဝင်အရ သူတို့တစ်တွေဟာ ထားဝယ်သူ/သားတွေက ဆင်းသက်လာတာမို့ အင်းစကားကို ထားဝယ်သားဖြစ်တဲ့ ကျွန်တော်က နားလည်တော့ ပိုပြီး သံယောဇဉ်ဖြစ်ရတာ။ ဒီတစ်ခါက်တော့ မြန်မာနိုင်ငံစားသောက်ဆိုင်အသင်းက ညောင်ရွှေမှာ ကျင်းပမယ့် ဟောပြောပွဲလာရင်း ရောက်ခဲ့တာ။

ကျွန်တော်နဲ့ဆရာဦးတင်ဇံကျော်တို့ဟာ ဒီအသင်းကြီးနဲ့တွဲဖက်ပြီး ဟောပြောပွဲတွေကို ရန်ကုန်၊ မန္တလေးနဲ့ပုဂံမှာ လုပ်ခဲ့တယ်။ စတုတ္ထနဲ့နောက်ဆုံးအကြိမ်အနေနဲ့ ညောင်ရွှေမှာ လုပ်ဖို့စီစဉ်ခဲ့တာ။ ကျွန်တော်က နိုင်ငံခြားခရီးစဉ်ရှိနေတာမို့ ရောက်ပြီး နောက်တစ်နေ့မှာလုပ်ဖို့ သဘောတူခဲ့တယ်။ ညောင်ရွှေမှာလုပ်မယ်ဆိုတော့ အင်းလေးကိုသွားရမှာ သိရလို့လည်း ကျေနပ်နေမိတယ်။ ဇနီးကလည်း သူ့ရဲ့အလုပ်နဲ့ ကလောမြို့ကိုသွားဖို့ အစီအစဉ်ရှိတော့ ပိုပြီးအဆင်ပြေခဲ့တယ်။

ဒီခရီးစဉ် စီစဉ်နေတုန်း နေပြည်တော်မှာ ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင်နဲ့ တွေ့ဆုံခဲ့တယ်။ ကျွန်တော်အခုလို ဟောပြောပွဲလုပ်မယ်ဆိုတာသိလို့ သူက အချိန်ရရင် လာခဲ့မယ်။ ကြိုးစားမယ်လို့ ပြောခဲ့တယ်။ သူနဲ့ ကျွန်တော်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀ နှစ်ကျော်က သိကျွမ်းခဲ့တာ။ ဒီတုန်းက အင်းလေး ရောက်ရင် သူ့ရဲ့အင်းလေးမင်းသမီး ဟိုတယ်မှာ တည်းခဲ့တယ်။ သူ့ရဲ့လုပ်ငန်းတွေကို စိတ်ရှည်လက်ရှည်လိုက်ပြဖူးတယ်။ သူ့ရဲ့ မိသားစုနဲ့လည်း ရင်းနှီးခဲ့တယ်။ ရန်ကုန်မှာလည်း အကြိမ်ကြိမ်တွေခဲ့တယ်။ ဦးအုန်းမောင် ပြည်ထောင်စုဝန်ကြီးဖြစ်သွားပြီဆိုတာ သိရလို့ဝမ်းသာမိတယ်။ အထူးသဖြင့် တိုင်းပြည်အတွက် ကျေနပ်မိတာ။ အခုလို ဟိုတယ်လုပ်ငန်းခရီးသွားလုပ်ငန်းတွေကို ကိုယ်တိုင်ကိုယ်ကျ ဦးစီးလုပ်ကိုင်ခဲ့သူတစ်ဦးက တစ်နိုင်ငံလုံးရဲ့ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေကို ဦးဆောင်တဲ့သူဖြစ်လာတာဟာ နိုင်ငံအတွက် အလွန်အဓိပ္ပာယ်ရှိတဲ့ ကိစ္စဖြစ်တယ်။

ကျွန်တော်တို့နှစ်ဦး ညောင်ရွှေခရီးကို မြန်မာနိုင်ငံစားသောက်ဆိုင်အသင်း ဥက္ကဋ္ဌ ဦးနေလင်းနဲ့သူ့ရဲ့ အလုပ်အမှုဆောင်အဖွဲ့တွေက လိုလေသေးမရှိအောင် စီစဉ်ပေးခဲ့တယ်။ အမှန်တော့ ဒီအသင်းကြီးကို ကျွန်တော်ထိတွေ့ခဲ့တာ နှစ်နှစ်ကျော်ပြီ။ အသင်းရဲ့ပထမဥက္ကဋ္ဌက ဗိုလ်ကေကေအို ဦးညဏ်လင်း။ သူက အသင်းကြီးကို တည်ထောင်ခဲ့တဲ့အပြင် အသင်းကြီး တိုးတက်ရာ တိုးတက်ဖို့အစီအစဉ်တွေ ချမှတ်ခဲ့တယ်။ သူအစပျိုးခဲ့တဲ့ အသင်းကြီးဟာ အခုဆို အရှိန်ရနေပြီ။ လူငယ်၊ လူလတ်တွေနဲ့ဖွဲ့စည်းထားပြီး တက်ကြွတယ်။ စည်းလုံးတယ်။ ရည်မှန်းချက် အပြည့်ရှိသူတွေ စီအီးစီအဖွဲ့ဝင်တွေဟာ ကိုယ်ပိုင် အလုပ်တွေကို တစ်ဖက်က ဦးဆောင်နေသလို တစ်ဖက်က လည်း စားသောက်ဆိုင်လုပ်ငန်း တိုးတက်ဖို့ အကြံအစည်တွေ ချမှတ်နိုင်ခဲ့တယ်။ အသင်းသားဦးရေ တိုးပွားအောင်လည်း ကြိုးစားအားထုတ်နေကြတာ။ မနက်စောစော လေယာဉ်နဲ့ ဟဲဟိုးမြို့ကို ကျွန်တော်တို့အဖွဲ့ဝင်တွေ သွားရောက် ခဲ့ကြတယ်။ ဟဲဟိုးရောက်တော့ ကျွန်တော်တို့ နှစ်ဦးနဲ့ ဆရာဦးတင်ဇံကျော်၊ သူ့ရဲ့အပါးတော်မြဲ ကိုဇေယျာ ကလောကို မော်တော်ယာဉ်နဲ့ ခရီးထွက်ခဲ့တယ်။ ဟဲဟိုးကတစ်ဆင့် အောင်ပန်း-အောင်ပန်းက တစ်ဆင့် ကလောမြို့။ ကလောမြို့မှာ ဇနီးတာဝန်ယူထားတဲ့ ဝိုင်အမ်စီအေအသင်းပိုင် အဆောက်အအုံနဲ့ ခြံကိုသွားကြည့်တာ နေရာအနေအထားက သိပ်ကောင်းတာ။ ခြံကလည်း လေးကေကျော် အဆောက်အအုံ တွေတော့ ပြုပြင်ဖို့လိုတယ်။ အမှန်တော့ ဒီနေရာမှာ အသင်းဝင်တွေ နွေရာသီမှာ နားခိုပြီး သာသနာ့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တာဖြစ်တယ်။ ကလောမြို့မှာရှိတဲ့ လုပ်ငန်းတွေပြီးတာမို့ ကျန်တဲ့အဖွဲ့ဝင်တွေရောက်နှင့်တဲ့ ညောင်ရွှေမြို့ကို ထွက်ခဲ့တယ်။ မြို့ရောက်တော့ View Point စားသောက်ဆိုင်မှာ ညှော်ခံ တယ်။ ပိုင်ရှင်ဖြစ်တဲ့ မမျိုးနဲ့ သူ့ခင်ပွန်း ကိုမျိုးဇော်တို့က ညှော်ခံတယ်။ ပြီးတော့ နေ့လယ်စာကို လှေပေါ်မှာစားဖို့ စီစဉ်ထားတယ်လို့ပြောတော့ အံ့သြမိတယ်။ အင်းလေးကန်ထဲ အခုလို အစားအသောက် စားနိုင်တာကို အရင်တုန်းကမကြားဖူးခဲ့ဘူး။ ကျွန်တော်တို့အဖွဲ့လှေသုံးစင်းနဲ့ ထွက်ခွာခဲ့ကြတယ်။ ကန် အလယ်ရောက်တော့ ကျွန်တော်တို့ နေ့လယ်စာ ကျွေးမွေးမယ့် မမျိုးရဲ့အဖွဲ့သားတွေက ရောက်နှင့်နေကြတယ်။ ထူးခြားလှတဲ့ အတွေ့အကြုံတစ်ရပ်ဖြစ်တယ်။ ဟင်းမယ်တွေကလည်း အင်း စာတွေ၊ ငါးဒုက္ခကို ရန်ကုန်မှာ စားဖူးတယ်။ ဒါပေမယ့် မမျိုးကျွေးတဲ့ ငါးဒုက္ခက အလွန်ထူးဆန်းတယ်။ အရိုးလုံးဝမပါအောင် စီစဉ်ထားတာ။ နေ့လယ်စာကို ဟင်းမယ်မျိုးစုံနဲ့ စားသောက် ကြပြီး မမျိုးနဲ့အတူ ဖောင်တော်ဦးဘုရားဆီ သွားခဲ့ကြတယ်။ ဘုရားမှာလူရှင်းတဲ့အချိန် ရွှေသင်္ကန်းကပ်နိုင်ပြီး အချိန်ယူကာ ကိုးကွယ်နိုင်ခဲ့တာ။ ဖောင်တော်ဦးကတစ်ဆင့် အင်းလေး Princess Resort ဆီ လှေနဲ့ထွက်ခဲ့ကြတယ်။ ဒီနေရာကို လွန်ခဲ့တဲ့ ကိုးနှစ်လောက် သမီးနဲ့အတူရောက်ခဲ့တာမို့ သမီးကို အထူးသတိရမိတယ်။ ညဘက်ကျတော့ နေပြည်တော်က ကားနဲ့ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နဲ့ ဆုံတယ်။ အစက ညစာကို အတူတူစားဖို့ စဉ်းစားပေမယ့် အသင်းဝင်တွေက တစ်နေရာမှာစားဖို့ စီစဉ်ထားတာမို့ ဝန်ကြီးနဲ့ လမ်းခွဲပြီး အင်းလေးဂါးဒင်းဟိုတယ်ကို သွားခဲ့တယ်။ ညစာကို ဥက္ကဋ္ဌ ကိုနေလင်း အတွင်းရေးမှူး ကိုနေဇော်တို့နဲ့ အတူစား ကြတယ်။ နောက်တစ်နေ့မနက် နံနက်စာကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နဲ့စားပြီး ညောင်ရွှေမြို့မှာရှိတဲ့ သူ့ရဲ့အိမ်ကိုသွားကြတယ်။

အိမ်ကအရင်တစ်ခေါက်နဲ့မတူတော့ဘဲ ခမ်းနားလှပနေတယ်လို့ပြောတော့ ဝမ်းသာစရာတွေ့ရတယ်။ သူ့ညှော်ခန်းမှာ ပြည်နယ်ဝန်ကြီး နှစ်ဦးက လာကြိုဆိုနေတာမို့ သူတို့နဲ့စကားပြောဖြစ်တယ်။ စကားပြောရင်း တောင်ကြီးမှာရှိတဲ့ ကုန်သည်ကြီးများအသင်းမှာ ဟောပြောတွေ့ဆုံပွဲတစ်ခုလုပ်ဖို့ စီစဉ်ခဲ့ကြတယ်။ ကျွန်တော်တို့အဖွဲ့က ညောင်ရွှေမြို့-ဟိုပင်ဟိုတယ်ကို မော်တော်ယာဉ်နဲ့သွားခဲ့တယ်။ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောပြီး အစီအစဉ်တစ်ခုရှိတာမို့ ထွက်ခွာသွားတယ်။ ဝန်ကြီးနဲ့အတူ ပြည်နယ်ဝန်ကြီး နှစ်ဦးလည်း လိုက်ပါသွားတယ်။ ကျွန်တော်က ထုံးစံအတိုင်း ဟောပြောပွဲ အတွက်ပြင်ဆင်ခဲ့တာ။ ဒါပေမယ့် ကွန်ပျူတာက ဒုက္ခပေးတော့တာပါပဲ။ အသင်းဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးနှစ်ယောက် ဇောချွေးပြန်နေတာ ဦးတင်ဇံကျော်ကလည်း မျက်စိမျက်နှာပျက်။ မှန်တာပြောရရင် ကျွန်တော်ကလည်း နည်းနည်းတော့ ကျွဲမြီးတိုမိတာ သပ်သပ်ရပ်ရပ်လုပ်ထားပြီးမှ အခုလိုဖြစ်တာကို သိပ် သဘောမကျဘူး။ ဒါပေမယ့် စိတ်လျှော့လိုက်ပါတယ်။ အခြေအနေပြန်ကောင်းလာတော့ ပြင်ဆင်ထားတဲ့အတိုင်း ဟောပြောခဲ့ပါတယ်။ ပထမပိုင်းမှာ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေကို တင်ပြပြီး ဒုတိယပိုင်းမှာတော့ စားသောက်ဆိုင်လုပ်ငန်းတစ်ခု အောင်မြင်အောင် လုပ်ဖို့စဉ်းစားရမယ့် အချက်တွေကို တင်ပြခဲ့တယ်။ ကျွန်တော်ဟောပြောပွဲအပြီးမှာ အမေးအဖြေကဏ္ဍပြောဖြစ်တယ်။

**စားသောက်ဆိုင်လုပ်ငန်းဟာ ပြည်တွင်း ဖောက်သည်တွေအတွက်သာမက နိုင်ငံတကာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့လည်း ဆက်စပ်နေတယ်။ ဒါကြောင့်လည်း ညောင်ရွှေ-အင်းလေးဒေသမှာ ထူးခြားတဲ့ အစားအသောက်တွေ ဖော်ထုတ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကို ဖောက်ထွင်းဖို့ တိုက်တွန်းခဲ့တယ်**

အမှန်တော့ စားသောက်ဆိုင် လုပ်ငန်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါလှတယ်။ လျှော့တွက်ဖို့ မသင့်ဘူး။ စားသောက်ဆိုင်လုပ်ငန်းဟာ ပြည်တွင်း ဖောက်သည်တွေ အတွက်သာမက နိုင်ငံတကာ ကမ္ဘာလှည့် ခရီးသည်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ လည်း ဆက်စပ်နေတယ်။ ဒါကြောင့်လည်း ညောင်ရွှေ-အင်းလေးဒေသမှာ ထူးခြားတဲ့ အစားအသောက်တွေဖော်ထုတ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကိုဖောက်ထွင်းဖို့ တိုက်တွန်းခဲ့တယ်။ တစ်ခု သတိထားရမှာက သန့်ရှင်းမှုဖြစ်တယ်။ အထူးသဖြင့် ကမ္ဘာလှည့် ခရီးသည်တွေရဲ့အူဟာ နုတာမို့ မသန့်ရှင်းတဲ့အစားအစာစားမိရင် ချက်ချင်းဒုက္ခရောက်တာပဲ။ အခုလိုဖြစ်ရင် သူတို့ရဲ့ခရီးစဉ်လုံးဝပျက်သွားတာ ဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အသင်းကြီးက စံမီတဲ့စားသောက်ဆိုင်တွေကို ကြယ်ပွင့်တွေနဲ့ အသိအမှတ်ပြုဖို့ အစီအစဉ်တွေရှိတာကို ဥက္ကဋ္ဌဖြစ်သူ ကိုနေလင်းက တင်ပြခဲ့တယ်။ ဝန်ကြီးကလည်း ဒီကိစ္စကို သဘောတူတယ်။ အားပေးခဲ့တယ်။ ကျွန်တော်ဟောပြောပြီး ဆရာ ဦးတင်ဇံကျော်က စကားဝိုင်းကို ဦးစီးခဲ့တယ်။ သူနဲ့အတူ အသင်းဝင်သုံးဦးက ပါဝင်ဆွေးနွေးကြတယ်။ သူတို့ရဲ့ ဆောင်ရွက်ချက်တွေကိုလည်း တင်ပြသွားကြတယ်။ ပွဲပြီး နေ့လယ်စာကိုစားပြီး အင်းဖောခုန်ရွာကို လှေနဲ့သွားခဲ့ကြတယ်။ ခရီးက တစ်နာရီကျော်။ ဟိုရောက်တော့ ဝန်ကြီးရဲ့သမီး မစုက စောင့်နေတယ်။ သူနှင့် ကျွန်တော်တို့ နှစ်ယောက်နဲ့ရင်းနှီးတယ်။ ကျွန်တော်တို့ လာမယ်ဆိုတာသိလို့ တကူးတက ရန်ကုန်ကနေ လေယာဉ်နဲ့ မနက်ကရောက်လာတာ။ သူဦးစီးနေတဲ့ အသက်မွေးဝမ်းကျောင်းက ကျောင်းသား ကျောင်းသူတွေနဲ့ တွေ့စေ ချင်တဲ့ စေတနာနဲ့ အခုလိုဒုက္ခခံပြီးမစုက စီစဉ်ခဲ့တာ။ လူငယ် တစ်ယောက်ဖြစ်ပေမယ့် အလွန်လေးစားထိုက်တဲ့သူ။ အတွေးအမြင် မြင့်မားသလို လက်တွေ့ကျတယ်။ သူလုပ်နေတာက အမှန်တော့ ကျွန်တော်အခွင့်အရေးရတိုင်း အားပေးနေနဲ့ လူမှုစီးပွားရေးလုပ်ငန်း မစုရဲ့အစီအစဉ်နဲ့ သင်တန်းတက်နေတဲ့ လူငယ် ၄၀ ကျော်နဲ့တွေ့ခွင့်ရတယ်။ အားပေးစကားတွေ ပြောခွင့်ရတယ်။

သူတို့ရဲ့မျက်နှာတွေက အပြစ်ကင်းတယ်။ အားအပြည့်နဲ့ သန့်ရှင်းမှုအပြည့်။ ကျွန်တော်က မိနစ် ၃၀ လောက်ပြောပြီး မစုတည်ခင်းတဲ့ လက်ဖက်ရည်ပွဲကို မြိန်ရည် ရှက်ရည် သောက်ခဲ့တယ်။ နေ့လယ်စာ စားတုန်းအသားတွေချည်း ဖြစ်တာမို့ ကျွန်တော်သိပ်မစားနိုင်ဘူး။ စားပြီး မစုက သူ့ရဲ့ မြန်မာကြော် တွေ၊ ငါးကန်တွေ၊ စိုက်ခင်းတွေကို ပြတယ်။ ညစာစားဖို့ ဟိုတယ်ကိုလှေနဲ့ ပြန်ခဲ့တယ်။ ညဘက်မှာ ဝန်ကြီး အစီအစဉ်နဲ့ ဖွင့်ထားတဲ့ ညဈေးကို ဝန်ကြီးနဲ့အတူ သွားခဲ့တယ်။ အမှန်တော့ အင်းလေးဒေသဟာ ကမ္ဘာလှည့်ခရီးသည်တွေ အရောက်များတဲ့ နေရာ မြန်မာပြည်မှာ ပုဂံပြီးရင် ဒုတိယ။ ဒီဒေသမှာ အခုလို ညဈေးရှိသင့်တယ်။ ကျွန်တော်တို့ရောက်နေစဉ် ကမ္ဘာလှည့်ခရီးသည်တွေရှိနေတာ ဝမ်းသာစရာ တွေ့ရတယ်။ ညစာကို ဟိုတယ်မှာ ပြည်ထောင်စုဝန်ကြီးနဲ့ အတူ စားကြတယ်။ နောက်တစ်နေ့တော့ တောင်ကြီးမှာ ဟောပြောပွဲအတွက် လုပ်ငန်းရှင်ကို အောင်မျိုးမင်းဒင်က စီစဉ်ပေးခဲ့တယ်။ သူနဲ့အတူ အေးသာယာမြို့ကတစ်ဆင့် တောင်ကြီးမြို့ကို သွားခဲ့တယ်။ တောင်ကြီးမြို့က ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေနဲ့တွေ့ပြီး အားပေးစကားပြောခဲ့တယ်။ တိုင်းပြည်ရဲ့ စီးပွားရေးအနာဂတ်ကိုလည်း ချပြခဲ့တယ်။ သူတို့ရဲ့ဆွေးနွေးမှုကိုလည်း ပြောနိုင်ခဲ့တယ်။

ပြည်နယ်ဝန်ကြီး နှစ်ဦးကလည်း အားရစရာ။ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့လူငယ်နှစ်ဦး။ သူတို့လိုခေါင်းဆောင်တွေ အများကြီးလိုအပ်ပါတယ်။ ဟောပြောပွဲအပြီးမှာ တောင်ကြီးမြို့ခံ ကျွန်တော်တို့နဲ့ရင်းနှီးတဲ့ ဦးနွေးနဲ့ မနန်းတို့က ရှမ်းစာကို ကျွေးခဲ့တယ်။ ကောင်းလိုက်တဲ့အရသာ။ နေ့လယ်စာစားပြီး ဟဲဟိုးကို ထွက်ခဲ့တယ်။ ရွှေညောင်မြို့အပြန် ဘဝသံသရာ တံတားမှာရပ်ပြီး ဓာတ်ပုံတွေရိုက်ကြတယ်။ ဘဝသံသရာ သီချင်းနဲ့ ဆရာကြီး ဦးသုခကို သွားသတိရမိတယ်။ အမှန်တော့ သီချင်းထဲမှာပါသလို ကျွန်တော်တို့တစ်တွေဟာ တက်လိုက်ကျလိုက် အဆင်ပြေသလို၊ အဆင်မပြေတာတွေလည်းရှိမယ်၊ ကြုံရမှာသာဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် အရေးကြီးတာက ခံနိုင်ရည်ရှိဖို့ပါပဲ။

ရန်ကုန်လေယာဉ်စောင့်ရင်း ဟဲဟိုးလေယာဉ်ကွင်းမှာ အတော်ကြာခဲ့ရတယ်။ လေယာဉ်က တစ်နာရီခွဲကျော် နောက်ကျတယ်။ ရန်ကုန်ရောက်တော့ သုံးနာရီကျော်ပြီ။ ဒီတစ်ခေါက် ဟောပြောပွဲတစ်ခုလုပ်ဖို့ ရည်ရွယ်ထားပေမယ့် မစုရဲ့သင်တန်းကျောင်းမှာပြောပြီး တောင်ကြီးမြို့မှာ ညှော်သည်ကြီးတွေနဲ့ တွေ့ခွင့်ရတာမို့ တစ်ချက်ခုတ် သုံးချက်ပြတ်သလို ဖြစ်ခဲ့တယ်။ ဝါသနာပါတာလုပ်ခဲ့ရလို့ ကျေနပ်အားရမိပါတယ်။

## မန်းရွှေစက်တော်ဘုရား မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်

**မင်းဘူး မတ် ၅**

မန်းရွှေစက်တော်ဘုရားကြီး မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို မန်းရွှေစက်တော် ဘုရားကြီး၊ ငွေသောင်ယံဘုရားကွင်း၌ မတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်ကြီး တစ်လုံးလျှင် ရေငုတ် ၁၀ နှုန်းဖြင့် ရေငုတ် ၂၀ နှင့် မီးသတ်စက်ကြီး နှစ်လုံးကို မန်းရွှေစက်တော် ဘုရားပွဲ ကျင်းပရာ ဝန်းအတွင်း ဆက်သွယ်ထားရှိ၍ အသုံး ပြုပုံတို့ကို လက်တွေ့ရှင်းလင်း သရုပ်ပြပြီး အသိပညာပေး ဟောပြောခဲ့သည်။ မန်းရွှေစက်တော် ဘုရားပွဲတော်ရှိ ဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ ထားရှိ ခြင်း ရှိ/မရှိ လိုက်လံစစ်ဆေးခဲ့သည်။

မင်းဘူး(စကု)မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ ကိုလည်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပချိန်မှ ပွဲတော်ပြီးဆုံးသည့် ကာလအထိ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြားလိုအပ်သော အကူအညီများ ပေးနိုင်ရန်ထားရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**



# ဘာစီလိုနာနဲ့ ဒေါ့မွန်တို့ နောက်တစ်ဆင့်တက်နိုင်ရေး ရင်ပွင့်မတတ်ကစားရမယ့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ဒုတိယအကျော့

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မတ် ၈ ရက်နဲ့ ၉ ရက်တွေမှာတော့ ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေကို ဆက်လက်ကစားဖို့ရှိနေပါတယ်။ ပထမအကျော့မှာ ဂိုးပြတ်သွင်းအောင်ပွဲခံထားတဲ့အသင်းတွေအတွက်လည်း ပေါ့ဆလို့မရသလို အခု ဒုတိယအကျော့ပွဲစဉ်မှာ အောင်ပွဲခံပြီးနောက်တစ်ဆင့်တက်ရေးအတွက် အားသွန်ကစားဖို့ ပြင်ဆင်လာမှာ သေချာပါတယ်။




**အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်**

ပထမအကျော့မှာ ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ အာဆင်နယ်တို့အတွက်တော့ ကြီးမားတဲ့ အဟန့်အတားကို အားကုန်ထုတ်ပြီး ကျော်လွှားဖို့ ကြိုးစားပါလိမ့်မယ်။ အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် ရလဒ်တွေမတည်မငြိမ်ဖြစ်နေတဲ့အပြင် အယ်လ်နီနီနဲ့ ကာဇိုလာတို့လည်း ဒဏ်ရာတွေရရှိထားပါတယ်။ ဘိုင်ယန်မြူးနစ်တို့ကတော့ လတ်တလော နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာလည်း အာဆင်နယ်ကို ခြေစွမ်းရော၊ စိတ်ဓာတ်ပါ အသာစီးနဲ့ ကစားမှာ သေချာပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ အားနည်းချက်က အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာမို့ အခုပွဲမှာ အာဆင်နယ်ကို နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဘာစီလိုနာနှင့် ပီအက်စ်ဂျီ**

ကမ္ဘာ့အကောင်းဆုံး တိုက်စစ်အတွဲကို ပိုင်ဆိုင်ထားပေမယ့် ပထမအကျော့မှာ လေးဂိုးပြတ် ရှုံးခဲ့တဲ့ ဘာစီလိုနာတို့ကတော့ အခုပွဲ အိမ်ကွင်းမှာ အခွင့်အရေးရသမျှ ဂိုးသွင်းနိုင်မှ ရပါတော့မယ်။ ဒါပေမယ့် အသင်းလိုက်ရော တစ်ဦးချင်းပါ ခြေစွမ်းကောင်းမွန်တဲ့ ပီအက်စ်ဂျီကို ဘာစီလိုနာတို့ ငါးဂိုးပြတ်သွင်းဖို့တော့ မလွယ်ပါဘူး။ ဒါပေမယ့် ဒီနှစ်ချန်ပီယံလိဂ်မှာ အိမ်ကွင်း သုံးပွဲကစားခဲ့ရာမှာ ဘာစီလိုနာတို့ ၁၅ ဂိုးသွင်းယူနိုင်ခဲ့တာမို့ ပီအက်စ်ဂျီတို့ ဖိဖိစီးစီးကစားမှ ရပါလိမ့်မယ်။ ဒီပွဲမှာ အနိုင်က ဘာစီလိုနာတို့ဖြစ်ပေမယ့် နောက်တစ်ဆင့်တက်သွားမှာက ပီအက်စ်ဂျီတို့ပဲ ဖြစ်ပါလိမ့်မယ်။

**နာပိုလီနှင့် ရီးရဲမက်ဒရစ်**

ပထမအကျော့ပွဲစဉ်မှာ နာပိုလီကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ရီးရဲမက်ဒရစ်တို့အတွက် လက်ရှိ ခြေစွမ်းအရ အကြိတ်အနယ်ကစားရပါလိမ့်မယ်။ ရီးရဲမက်ဒရစ် တိုက်စစ်ဟာ အခုတလော ဂိုးသွင်းခြေစွမ်းကျဆင်းနေကာ စီရော်နယ်ဒိုလည်း ဒဏ်ရာရရှိနေပြီး ပါဝင်ကစားနိုင်ရေး ကြိုးစားနေပါတယ်။ နာပိုလီတို့ကတော့ ဟမ်ဆစ်၊ အင်ဆစ်ဂနီ၊ မာတန်တို့ အားနဲ့ ရီးရဲမက်ဒရစ်နောက်တန်းကို အင်အားအပြည့်နဲ့ ထိုးဖောက်ပါလိမ့်မယ်။ အခုတလော ပြိုင်ပွဲစုံမှာ ရလဒ်တွေကောင်းနေပေမယ့် အီတလီမြေမှာ သွားကစားတိုင်း ကံမကောင်းတတ်တဲ့ ရီးရဲမက်ဒရစ်တို့ ခံစစ်ကို ဦးစားပေးပြီး တန်ပြန်တိုက်စစ်နဲ့ ကစားဖို့ ကြိုးစားမှာမို့ သရေပွဲဖြစ်သွားနိုင်ပါတယ်။

**ဒေါ့မွန်နှင့် ဘင်ဖီကာ**

ပထမအကျော့ ဘင်ဖီကာကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ ဘင်ဖီကာက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရယူထားပါတယ်။ ဒေါ့မွန်တို့က အခုပွဲ အိမ်ကွင်းမှာ ကစားရမှာမို့ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး ပြတ်သားတဲ့ရလဒ်ကိုရအောင် မဖြစ်မနေ ပုံဖော်ထုဆစ်ပါလိမ့်မယ်။ ဒေါ့မွန်တို့ဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ် အိမ်ကွင်း ၁၁ ပွဲမှာ တစ်ပွဲသာ ရှုံးခဲ့တာမို့ အခုပွဲမှာ အဲဒီအစဉ်အလာကောင်းကို ဆက်လက်ရေးထိုးဖို့ အားထုတ်ပါလိမ့်မယ်။ ပေါ်တူဂီအသင်းတွေနဲ့ ကစားတိုင်း နိုင်ပွဲရတာများတဲ့ ဒေါ့မွန်ဟာ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပေးမယ့် ဒီပွဲကို ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေးအတွက် အကောင်းဆုံး ကစားသမား အခင်းအကျင်းနဲ့ ပွဲထွက်လာပါလိမ့်မယ်။ ဒေါ့မွန်တို့ဟာ ဥရောပအဆင့် အပြန်အလှန်ကစားရတဲ့ပွဲတွေကိုကြည့်ရင် ပထမအကျော့ ရှုံးပွဲ တွေ့ကြုံရပေမယ့် နောက်တစ်ကျော့မှာ အနိုင်ကစားပြီး နောက်တစ်ဆင့်တက်နိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတွေလည်း ရှိထားတာမို့ အခုပွဲဟာ ဒေါ့မွန်ရဲ့ပွဲလို့ သတ်မှတ်ရမှာပါ။ ။

**❑ မိုးမြင့်လင်းလက် ❑**

# ရွှန်းနီနဲ့ အီဘရာဟီမိုဗစ်ကို မန်ယူက ဆက်လက်ခေါ်ယူထားဖွယ်ရှိ

မန်ယူရဲ့အမာခံတိုက်စစ်မှူးတွေအဖြစ် ရွှန်းနီနဲ့ အီဘရာဟီမိုဗစ်တို့ကို မန်ယူမှာ ဆက်လက်ခေါ်ယူထားမယ်လို့ နည်းပြမော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ ရွှန်းနီကို ၁၀၀ ရာခိုင်နှုန်း မန်ယူမှာ ဆက်လက်ရှိစေလိုတဲ့အပြင် အီဘရာဟီမိုဗစ်ကိုလည်း လက်ရှိစာချုပ်ကို တိုးချဲ့စေလိုတယ်လို့ ဆိုပါတယ်။ အင်္ဂလန်အသင်း ခေါင်းဆောင်ကို အသင်းဟောင်း အဲဗာတန်က ပြန်ခေါ်ဖို့ ဆက်သွယ်ထားတယ်လို့ ဆိုပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကို နောက်ထပ်တစ်ရာသီ ထပ်မံစာချုပ်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။ အသက် ၃၅ နှစ်အရွယ် ဆွီဒင်နိုင်ငံသား တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ဇူလိုင်လက ပီအက်စ်ဂျီမှ မန်ယူကို ပြောင်းလာပြီးနောက် ပွဲပေါင်း ၃၈ ပွဲ ပါဝင်ကစားခဲ့ရာမှာ ၂၆ ဂိုးသွင်းယူပေးပါတယ်။ သူဟာ ဆောက်သမ်တန်ကို သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး အီးအက်ဖ်အယ်ဖလား ဗိုလ်လုပွဲမှာလည်း အနိုင်ဂိုး နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အဲဒီဗိုလ်လုပွဲအပြီး မန်ယူနဲ့ စာချုပ်ထပ်မံချုပ်ဆိုတယ်လို့ အီဘရာဟီမိုဗစ်က ဆိုပါတယ်။




# လက်စတာနည်းပြဖြစ်လာတော့မယ့် ရှိတ်စပီးယား

လာမယ့် သီတင်းပတ်ထဲမှာ နည်းပြဖြစ်လာဖို့ ဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်လို့ လက်စတာအသင်းရဲ့ ယာယီနည်းပြ ခရိတ်ရှိတ်စပီးယားက ပြောဆိုလိုက်ပါတယ်။ အသက် ၅၃ နှစ်အရွယ်ရှိ ရှိတ်စပီးယားဟာ ပရီမီယာလိဂ် ချန်ပီယံလက်စတာအသင်းက ကလော့ဒီယို ယာနီယာရီကို ဖေဖော်ဝါရီ ၂၃ ရက်မှာ အလုပ်ဖြုတ်လိုက်ပြီးနောက် ယာယီနည်းပြဖြစ်လာခဲ့ပါတယ်။

ရှိတ်စပီးယားအနေနဲ့ လက်စတာအသင်းရဲ့ အသင်းပိုင်ရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးဖွယ်ရှိပါတယ်။ သူဟာ ယခင်က အသင်းရဲ့ ဒုတိယဥက္ကဋ္ဌ အီယာဝပ်ဆရီဗာဒါနာ ပရက်ဘာနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ရှိတ်စပီးယားဟာ လက်စတာအသင်းရဲ့ နည်းပြဖြစ်လာဖွယ်ရှိနေပါတယ်။

လက်စတာအသင်းဟာ အင်္ဂလန်နည်းပြဟောင်း ရှိုင်းဟော့ဆင်အပါအဝင် နည်းပြများနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ လီဗာပူးကို လက်စတာက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီးတဲ့နောက် ရှိတ်စပီးယားဟာ လက်စတာအသင်းရဲ့နည်းပြဖြစ်လာဖို့ ရေပန်းစားလာပါတယ်။ သူသာ လက်စတာအသင်းရဲ့နည်းပြဖြစ်လာခဲ့မယ်ဆိုရင် အကောင်းဆုံးအသင်းဖြစ်အောင် ဆက်လက်ကြိုးစားသွားမယ်လို့ ဆိုပါတယ်။

**▌ကောင်းမြတ်သူ-စုစည်းသည်။**



# နှစ်ပွဲပယ်ခံရတဲ့ ဂါးရက်ဘေးလ်

ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဂါးရက်ဘေးလ်ဟာ လက်စ်ပါးမတ်နဲ့ တစ်ဖက် သုံးဂိုးစီ သရေဖြစ်ခဲ့တဲ့ပွဲမှာ အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတဲ့အတွက် နှစ်ပွဲ ပိတ်ပင်လိုက်ပါတယ်။

အသက် ၂၇ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂါးရက်ဘေးလ်ဟာ ဂျိုနသန်ဗီအဲရာကို ကြမ်းတမ်းစွာ ကစားခဲ့တဲ့အတွက် အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ သူဟာ လာလီဂါ နှစ်ပွဲ၊ လွဲချော်မှာဖြစ်ပါတယ်။ ရီးရဲဘက်တစ်နဲ့ မတ် ၁၂ ရက်မှာ ကစားမယ့် လာလီဂါပွဲလည်း လွဲချော်မှာဖြစ်ပါတယ်။ ဇယား ဒုတိယနေရာမှာ ရောက်နေတဲ့ ရီးရဲမက်ဒရစ် အသင်းဟာ ဂါးရက်ဘေးလ်ရဲ့ အနီကတ်နဲ့ ပွဲပယ်ထားခြင်းကို ငြင်းဆိုမယ်လို့ ပြောဆိုခြင်းမရှိပါဘူး။ ဂါးရက်ဘေးလ်ဟာ ဒဏ်ရာကြောင့် သုံးလကြာ အနားယူပြီး ဖေဖော်ဝါရီလမှာ ပြန်ကစားခဲ့တာကတော့ နှစ်ဂိုးသွင်းယူပေးထားပါတယ်။

ရီးရဲမက် ဒရစ်မှာ စီရော်နယ်ဒိုလည်း ဒဏ်ရာရရှိထားတဲ့အတွက် ပြိုင်ပွဲတွေနဲ့ ဆက်လက်လွဲချော်နိုင်ပါတယ်။

# ရန်ကုန်တောင်ပိုင်းခရိုင်တွင် သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တွင် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၃ ရက်က သန်လျင်မြို့ရှိ ခရိုင်အုပ်ချုပ်ရေးမှူးရုံး ရှင်စောပုခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က ရန်တောင်ပိုင်းခရိုင်၌ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ခရိုင်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်၊ မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ပြိုင်ပွဲများကျင်းပရန် ဆွေးနွေးမှာကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က လုံခြုံရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်စိန်က ယခင်နှစ် သင်္ကြန်ပွဲတော်ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ယခုနှစ်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကာ မြို့မိ မြို့ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ပုံငွေရရှိရေးနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယခုနှစ် ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန် မဏ္ဍပ်ကို သန်လျင်မြို့ပြည်တော်သာကွင်း၌ တည်ဆောက်သွားမည်ဖြစ်ပြီး ယိမ်းပြိုင်ပွဲ၊ အိုးစည် ဒိုးပတ်ပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ စတုဒိသာ ကျွေးမွေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အင်္ဂလိပ်စာအထူးပြုသင်တန်းဖွင့်

**ပျဉ်းမနား မတ် ၅**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မဲခေါင်မြစ်ဝှမ်းအောက်ပိုင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Lower Mekong Initiative-LMI) အရ အမေရိကန်နိုင်ငံ မှ ပါမောက္ခ Mr.Robert Cunningham က Public Communication Skills for Leaders အမည်ဖြင့် အင်္ဂလိပ်စာ အထူးပြုသင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ စိန်ရတုခန်းမ၌ တစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

"အခုလို သင်တန်းဖွင့်လှစ်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းက ဆရာ ဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေ၊ ဝန်ထမ်းတွေ အင်္ဂလိပ်စာ တိုးတက်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို နိုင်ငံတကာက စိုက်ပျိုးရေးပညာရှင်တွေ လာရောက်ကူညီထောက်ပံ့နေတာတွေ ရှိပါတယ်။ အဲဒီနေရာမှာလည်း နိုင်ငံခြားသားတွေနဲ့ စကားပြောဆိုတဲ့အခါ လုပ်ငန်းအဆင်ပြေအောင် အခုလို သင်တန်းတွေ ပေးရခြင်းဖြစ်ပါတယ်။ ကျောင်းမှာ အင်္ဂစာသင်တန်းတွေအပြင် အခြားလိုအပ်မယ့် သင်တန်းတွေလည်း အဆက်မပြတ် ပို့ချပေးလျက်ရှိပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ သင်တန်းတွင် Mr.Robert Cunningham အပြင် ဒဂုံတက္ကသိုလ်မှ လက်ထောက်ကထိက ဦးယဉ်မင်းထွန်းနှင့် LMI cotrainer ဒေါ်ငြိမ်းအိစံတို့က ပူးပေါင်းပါဝင်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲနှင့် ပိတ်ပွဲများသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်များနှင့်ပါမောက္ခ၊ ဌာနမှူးများ တက်ရောက်ခဲ့ပြီး သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးအချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သမဝါယမဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မေမိုးသဲ**



# ကလေးငယ်များအတွက် စာဖတ်ဝိုင်း ညောင်ဦးမြို့၌ နေ့စဉ်ဖွင့်လှစ်ပေးထား

**ညောင်ဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၄) ရပ်ကွက်အတွင်းရှိ ကြွေကန်စေ့ဘုရား ဓမ္မာရုံ၌ ကလေးငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် ကလေးစာဖတ်ဝိုင်းကို ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်နှင့် ရပ်ကွက်နေပြည်သူများ၊ Bagan Plastic Campaing အဖွဲ့သားများ ပူးပေါင်း၍ မတ် ၃ ရက်က စတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များရှိ ကလေးငယ်များအနေဖြင့် စာပေကိုချစ်မြတ်နိုးပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကို စီစဉ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကလေးစာဖတ်ဝိုင်း ဖွင့်ပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး Bagan Plastic Campaing မှ အသင်းဝင်တစ်ဦးက ကလေးစာဖတ်ဝိုင်း စီစဉ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

စာဖတ်ဝိုင်းအတွက် လိုအပ်သည့် စာအုပ်စာပေများကို ညောင်ဦးမြို့ P-2 စာအုပ်အရောင်းဆိုင်နှင့် KT ဟန်းဆက် အပိုပစ္စည်းအရောင်းဆိုင်တို့က ပံ့ပိုးကူညီလှူဒါန်းထားပြီး လက်ရှိအချိန်တွင် ကလေးစာပေများဖြစ်သည့် ပုံပြင်၊ ရုပ်ပြနှင့် ဉာဏ်စမ်းပဟေဠိ စာအုပ်မျိုးစုံ ၂၅၀ ခန့်ရှိကြောင်း၊ ကလေးငယ်များ အားလပ်ချိန်တွင် လာရောက်ဖတ်ရှုနိုင်ရေးအတွက် စာဖတ်ဝိုင်းကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်းနှင့် စာဖတ်ဝိုင်းအောင်မြင်ပါက ကလေးငယ်များ အခြားဝါသနာပါရာကို လေ့လာသင်ယူနိုင်ရန်အတွက် ပန်းချီသင်တန်း၊ ကရာတေးသင်တန်းနှင့် သိုင်းပညာသင်တန်းများကိုပါ ဆက်လက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**






# ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲကျင်းပ

**ပခုက္ကူ မတ် ၅**

ပခုက္ကူမြို့အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားစခန်းတွင် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကယ်ရီမောင် လူမှုကူညီရေးအသင်းမှ ဒုတိယအကြိမ်မြောက် ဘီးတပ်ကုလားထိုင်များ ပေးအပ်လှူဒါန်းပွဲကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

ဘီးတပ်ကုလားထိုင်များ လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ကယ်ရီမောင် လူမှုကူညီရေးအသင်းသည် ရန်ကုန်နှင့် မန္တလေးရှိ လူမှုကူညီရေးအသင်းများနှင့် ချိတ်ဆက်ပြီးဘီးတပ်ကုလားထိုင်များကို အကူအညီတောင်းခံကာ မြို့နယ်အတွင်းမှ အမှန်တကယ်လိုအပ်နေသော သက်ကြီးရွယ်အိုများ၊ မွေးရာပါမသန်စွမ်းသူများထံ လက်ဝယ်အရောက် အခမ်းအနားဖြင့် လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်ကာ ယခု ဒုတိယအကြိမ် လှူဒါန်းပေးအပ်ရာတွင် ဘီးတပ်ကုလားထိုင် ၅၂ စီးကို အမှန်တကယ် လိုအပ်နေသူများအတွက် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်အောင်ဝင်း**

# ကြက်ငှက်တုပ်ကွေးမဖြစ်ပွားရေး ဈေးများတွင် စစ်ဆေး

**ကသာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဈေးကြီးများဖြစ်သော သီရိခေမာဈေးနှင့် မြို့မဈေးကြီးများအတွင်း ရောင်းချသည့် ကြက်ဥနှင့်ကြက်သားများကို တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တားဆီးကာကွယ်ရေးအဖွဲ့ ဖေဖော်ဝါရီ ၂၈ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြက်ဥကုန်သည်များသည် တရုတ်နိုင်ငံ ရွှေလီမြို့ လွယ်ကျယ်နှင့် ကျယ်ဂေါင်မြို့တို့မှ ကြက်ဥများကို ကားဖြင့် ဗန်းမော်မြို့ မြစ်ကြီးနားမြို့များသို့ သယ်ယူရောင်းချနေကြပြီး ဗန်းမော်မြို့မှတစ်ဆင့် စက်လှေများ၊ ကားများဖြင့် ကသာမြို့သို့ တင်ပို့ရောင်းချမှုရှိသလို မြစ်ကြီးနားမြို့မှလည်း မီးရထား၊ ကားများဖြင့် သယ်ဆောင်ရောင်းချနေမှုများရှိသဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေကြောင်း သတင်းရရှိပြီးနောက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ထိန်းချုပ်စစ်ဆေးခြင်းဖြစ်ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးဌာနမှ ဒေါက်တာဝင်းထွန်းက ပြောကြားသည်။

ဈေးများ၌ စစ်ဆေးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့၏ ညွှန်ကြားချက်အရ ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်ပြီး ကြက်ဥနှင့် ကြက်သားရောင်းချမှုများကို လိုက်လံစစ်ဆေးခြင်းဖြစ်ကာ ပြည်သူများအား ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဆွေးနွေးဟောပြောမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မင်းကင်း မတ် ၅**

မင်းကင်းမြို့နယ် ရှမ်းတောကျေးရွာအုပ်စု ရှမ်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မတ် ၃ ရက်က ကျင်းပခဲ့ပြီး မင်းကင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး တင်ယုက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်များအကြောင်းနှင့် မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာများကို ကျေးရွာနေပြည်သူများအား ဟောပြောခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု အရည်အချင်းစစ်စာမေးပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တနင်္သာရီ မတ် ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများ၏ အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အရည်အချင်းစစ်စာမေးပွဲကို ပြည်သူ့စာကြည့်တိုက်၌ မတ် ၃ ရက်က ကျင်းပခဲ့သည်။

စာမေးပွဲကို မြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် ချောင်းငယ်ရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်မှ ဓမ္မစကူးလ်ဆရာ ဆရာမများ ညှိနှိုင်းပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး စာမေးပွဲတွင် အလယ်တန်းအဆင့် ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူ ၂၄ ဦး ဖြေဆိုခဲ့ကြသည်။ စာမေးပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က အမှာစကားပြောကြားကာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးတင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီနှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မိသူဇာတို့က စာဖတ်သူများ၏ အောင်မြင်မှုများအကြောင်းကို ဟောပြောပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# တရားမဝင် ကြက်ဥ ကြက်သားများ ရောင်းချခြင်းမရှိရန် ထီးချိုင့်မြို့၌ စစ်ဆေး

**ထီးချိုင့် မတ် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ မြို့မဈေး အတွင်းရောင်းချနေသော ကြက်ဥနှင့် ကြက်သားများကို စားသုံးသူများ အန္တရာယ်ကင်းစေရေးအတွက် ထီးချိုင့်မြို့နယ် ကြက်ငှက်တုပ်ကွေး တားဆီးကာကွယ်ရေးကော်မတီအဖွဲ့ မတ် ၃ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့မဈေးအတွင်း၌ တရားမဝင် တင်သွင်းသော ကြက်ဥနှင့် ကြက်သားများ ရောင်းချမှုမရှိစေရန် ကွင်းဆင်း စစ်ဆေးခဲ့ခြင်းဖြစ်ပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာသန့်ဆွေဦးက ဆိုင်ရှင်များအား ကြက်ငှက် တုပ်ကွေးရောဂါအကြောင်းနှင့် ရောဂါ လက္ခဏာများ ၊ ရောဂါ ကူးစက်ပျံ့ပွားပုံ၊ ကြက်ငှက်များကို ရောဂါမကူးစက်အောင် ကာကွယ်နည်း၊ ကြက်ဥ ကြက်သားများ ရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေး ဟောပြောခဲ့ သည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ငှက်ရိုင်းများနှင့် ကြက်၊ ဘဲ၊ ငုံး ၊ မန်ဒါလီ ၊ ခို စသည့် ကြက်၊ ငှက်များတွင် ဖြစ်ပွားတတ်သော ရောဂါတစ်ခုဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားပါက လျင်မြန်စွာ ကူးစက်သေဆုံးနိုင်ပြီး လူကိုပါ ကူးစက်နိုင်ကြောင်း၊ တရုတ်နိုင်ငံတွင် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂၀ ရက်အထိ အတွင်း လူ ၂၅၉ ဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါ(H7N9)ဖြစ်ပွားခဲ့ပြီး ၈၈ ဦး သေဆုံးခဲ့ကြောင်း၊ ထို့ကြောင့် ကြက်ဥ ကြက်သား အရောင်းဆိုင်များတွင် ပြည်ပမှတင်သွင်းသော ကြက်ဥများ မရောင်းချရန်၊ ဒေသထွက်ကြက်ဥများကိုသာ ရောင်းချရန်နှင့် အခြားသောနယ်များမှ ကြက်သားများကို ဝယ်ယူရောင်းချလျှင် လည်း ကျန်းမာကြောင်း ဆေးလက်မှတ်ပါမှသာ ဝယ်ယူရန် လိုအပ်ကြောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောကြားသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းလင်းအောင်၊ မြို့နယ်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးနှင့် အဖွဲ့ဝင်များ၊ မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မီးသတ် တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လိုက်လံ စစ်ဆေးကာ ဆိုင် ရှင်များအား ကြက်ငှက် တုပ်ကွေးရောဂါအကြောင်း အသိပညာ ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**






## ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မတ် ၅**
ရေရှားပါးမှုအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ညောင်ဦးမြို့နယ် မကျီးတန်း ကျေးရွာမှ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေများကို ပုဂံမြို့ ရတနာ ဘုံစံတောရ ဓမ္မရိပ်သာကျောင်း နာယကဆရာတော် အရှင်သာဂရ ဦးစီးတည် ထောင်သည့် ဖြူစင်မေတ္တာ ရေလှူတော်အသင်းက ဖေဖော်ဝါရီ နောက်ဆုံးပတ်က သွား ရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖြူစင်မေတ္တာ ရေလှူတော်အသင်းအနေဖြင့် အလှူရှင်များ လှူဒါန်းကြသည့် အလှူ ငွေဖြင့် ဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်လှူဒါန်းပေးခဲ့ခြင်း ဖြစ်ကာ ကျေးရွာရှိ အိမ်ထောင်စု ၁၆၀ အတွက် တစ်အိမ်လျှင် ရေတစ်ထမ်းနှုန်းသာ ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ အနေဖြင့် သောက်သုံးရေလိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း သိရသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

## ဒေသန္တရအုပ်ချုပ်မှုအခြေပြမြေပုံ အစီရင်ခံစာ မိတ်ဆက်

**မြိတ် မတ် ၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ ဒေသန္တရအုပ်ချုပ်မှု အခြေပြ မြေပုံ အစီရင်ခံစာ မိတ်ဆက်ခြင်းနှင့် လူမှုရေးရာ တာဝန်ယူ/တာဝန်ခံမှုသင်တန်း မိတ်ဆက်ပွဲကို မတ် ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစီရင်ခံစာ မိတ်ဆက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို က အမှာစကားပြောကြားပြီး လောကအလင်းစီမံကိန်း မန်နေဂျာ ဦးမင်းသူရက စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားကာ VNG International မှ ဒိန်းမတ်နိုင်ငံသူ Mrs. Susanne Kempel က ဒေသန္တရအုပ်ချုပ်မှု အခြေပြမြေပုံ အစီရင်ခံစာနှင့်ပတ်သက်၍ ရည်ရွယ်ချက်ကို၊ ဆက်လက်ဆောင်ရွက်မည့် ဦးတည် ချက် အသစ်များနှင့် သတင်းအချက်အလက် လိုအပ်မှုများကိုလည်းကောင်း၊ နယ်သာ လန်နိုင်ငံသူ Mrs. Lucia Nass က လူမှုရေးရာ တာဝန်ယူ/တာဝန်ခံမှုရှိခြင်း သင်တန်းနှင့် ပတ်သက်၍လည်းကောင်း အသေးစိတ် မိတ်ဆက်ရှင်းလင်းခဲ့ကြသည်။

အစီရင်ခံစာ မိတ်ဆက်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြိတ် ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ထွန်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဦးကြည်စိုး၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။
**မြင့်ဦး(မြိတ်)**

## ရာသီဥတုပြောင်းလဲမှုနှင့် စိုက်ပျိုးနည်းစနစ်များအကြောင်း ဆင့်ပွားသင်တန်းဖွင့်

**မြိတ် မတ် ၅**
ပြောင်းလဲလာသည့် ရာသီဥတုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု ကာကွယ်ရန်၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကျဆင်းခြင်း မရှိစေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်တည်တံ့ သော စိုက်စနစ်များအပေါ် စိန်ခေါ်မှုများအကြောင်း ဆင့်ပွားသင်တန်းကို မြိတ်မြို့ ကန်ဖျားရပ်ရှိ ခရိုင်စိုက်ပျိုး ရေးဦးစီးဌာနရုံးခန်းမ၌ မတ် ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စောရီက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်မြင့်မြင့်တင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သင်တန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ရာသီဥတုပြောင်းလဲမှုများအကြောင်း၊ စိုက်ပျိုးမြေနှင့် ရေကို စီမံခန့်ခွဲခြင်း၊ မြေဆီလွှာ အာဟာရ ဖြည့်တင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များ ၏ ရည်ရွယ်ချက်များ၊ သဘာဝအရင်းအမြစ် မြေသြဇာ များ အသုံးပြုခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက် လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် မဟာဗျူဟာများအကြောင်း စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေး ပို့ချခဲ့ကြောင်းနှင့် သင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။
**မြင့်ဦး (မြိတ်)**

## မြန်မာ့ ဆင်ရုပ်ချိုးအနုပညာနှင့် ကျောက်ဆည်မြို့ဒေသ

မြန်မာတို့သည် ရှေးယခင်ကတည်းကပင် ဆင်ရုပ်ချိုး၍ ရန်သူကို လှည့်ဖျားစစ်ဆင်ဖူးကြောင်း ရာဇဝင်ကျမ်း များ၌ အဆိုရှိခဲ့၏။ ဝါး၊ နီး၊ ကြိမ်၊ စက္ကူတို့ဖြင့် ပြုလုပ် သောမြန်မာတို့၏ ဆင်ရုပ်ချိုးအတတ်ပညာမှာ စိတ်ဝင် စားဖွယ် ကောင်းလှပေသည်။

မြန်မာ့ ဆင်ရုပ်ချိုးပညာ၏ အစသည် မည်သူကဟု ဆိုလျှင် အတိအကျ ဖြေဆိုနိုင်ခြင်းမရှိသော်လည်း စာပေကျမ်းဂန်များတွင် ပါဝင်သည်တို့ကို အခြေခံ၍ အနီးစပ်ဆုံးဖြစ်အောင် တွေးဆယူနိုင်မည်ဖြစ်သည်။ ဓမ္မပဒတွင် စဏ္ဍပဇ္ဇောတမင်းသည် သစ်သားနှင့်ပြီး သော စက်ယန္တရားနှင့်ယှဉ်သော ဆင်ရုပ်ကို ပြုလုပ်၍ အပ၌ ပုဆိုးပိုင်းတို့နှင့် ရစ်ပတ်ဖုံးလွှမ်းပြီးလျှင် ပန်းချီ ဆေးရေးမှုကို ဆန်းကြယ်စွာပြုလုပ်၍ ဥတေန မင်းကြီး၏ တိုင်းနိုင်ငံအနီး အရပ်ဖြစ်သော၊ တစ်ခု သောအိုင်၏ ကမ်းနား၌ လွှတ်ထား၏။ ဆင်ရုပ်၏ဝမ်း၌ ခြောက်ကျိပ်သော ယောကျ်ားတို့သည် လူးလားတုံ့ ခေါက် ဝင်ထွက်သွားလာပြီး ဥတေနမင်း နယ်ကျွံလာ သောအခါတွင် ဆင်ရုပ်၏ ဝမ်းဗိုက်အတွင်းရှိ စစ်သား တို့က ဥတေနမင်းကို ထွက်ဖမ်းသည့်အကြောင်း ရေးသားထားသည်။

စောလူးမင်းလည်း ငရန်မန်ကန်း ချီလာ၍ ပြည် တော်သာကျွန်းရောက်သည်ဟုကြားသော် ရဲမက်ဗိုလ် ပါ ဆင်လုံး၊ မြင်းရင်းများနှင့် ကျန်စစ်သားကို ချီစေ သည်။ မင်းကြီးက နောက်တပ်ချီတော်မူသည်။ ငရန် မန်ကန်းလည်း ဤသို့ကြံ၏။ ကျန်စစ်သားသည် စစ် အရာ၌ လိမ္မာလှ၏။ ဆင်ခင်း မြင်းခင်း မသာ၊ ရွှံ့ညွန် များသောအရပ်တွင် နီးဖြင့် ဆင်ရုပ်လုပ်ပြီးသော် ပေါင်း ဝန်တင်၍ လူရုပ်ကို ဒိုင်း၊ ကာ၊ လွှားစေ၍ ဦးရန်း တင်လျက်ထား၏ဟု ဖော်ပြထားသည်ကိုထောက်၍ လည်း ဆင်ရုပ်ချိုး အတတ်ပညာကို စစ်မက်ရေးရာ များတွင် အသုံးပြုခဲ့ကြောင်း တွေ့နိုင်သည်။

ဝါး၊ နီးတို့ကို အရုပ်ချိုး၍ ရုပ်လုံးပေါ်အောင် ဖော်ရ သည့်အလုပ်သည် အတတ်ပညာတစ်ရပ်ပင် ဖြစ်သည်။ ဤပညာရပ်ကို မြန်မာပြည်သားတို့သည် ရှေးဘိုးဘွား ဘီဘင်အဆက်ဆက် လက်ထက်ကတည်းက တတ် မြောက်ခဲ့ကြသည်။ ပဲခူးစား ငရန်မန်ကန်းနှင့် အနော်ရထာ ဘုရင်၏သားတော် စောလူးမင်းတို့၏ စစ်ပွဲတစ် နေရာတွင် ငရန်မန်ကန်းသည် ဆင်ရုပ်ချိုးပြီး စောလူး မင်းအား အငိုက်ဖမ်းခဲ့သည့် သာဓကကား ထင်ရှားလှ ပေသည်။

ယဉ်ကျေးမှုအနုပညာဆိုင်ရာ အမြင့်သဘင်ဟု ခေါ်တွင်သည့် ရုပ်သေးစင်တော်တွင်လည်း ဆင်သည် ကမ္ဘာတည်ခန်းတွင် ပါဝင်ရသည့်အပြင် ဇာတ်လမ်း ဇာတ်ကွက်များတွင်လည်း ပါဝင်ကပြရသည်။ ရုပ်သေး ရုပ်များတွင် ဆင်ရုပ်များသည် ဆင်ဖြူနှင့် ဆင်မည်းဟု နှစ်ရုပ်ပါဝင်လေ့ရှိကာ အချို့ ရုပ်သေးစင်များတွင်မူ ဆင်ရုပ်တစ်ရုပ်သာ ပါဝင်သည်။ ထီးနန်းစိုက်ထူခန်း များကို ကပြရာ၌ ထီးနန်းစိုက်မည့်ဘက်မှ ဆင်ရုပ် ထွက်ရသည်။ မြန်မာ့အမြင့်သဘင်တွင် ဆင်ရုပ်၏ အခန်းကဏ္ဍသည် အရေးပါသည်ဟု ဆိုနိုင်သည်။

လက်ရှိအချိန်တွင်မူ ဆင်ရုပ်နှင့် ပတ်သက်လျှင် မြန်မာနိုင်ငံ၌ ကျောက်ဆည်သည် ထင်ရှားသည်။ ရှေး ယခင်က ကျောက်ဆည်ဆင်လှူပွဲတွင် မုန့်ဖြူ၊ မုန့်နီ နှင့်လုပ်သည့် ဆင်ရုပ်ကလေးများကို လှူကြခြင်းဖြစ် သည်။ နောက်မှ စက္ကူနှင့်လုပ်သည့် ဆင်ရုပ်ကလေး များ၊ ထို့နောက်မှ ဝါးနှင့်လုပ်သည့် ဆင်ရုပ်ကလေး များကို ပြုလုပ်လာကြခြင်းဖြစ်သည်။ ကျောက်ဆည်မှ ပြုလုပ်သော ဆင်ရုပ်များတွင် ဝပ်ဆင်၊ ရပ်ဆင် အရုပ် များနှင့် ခြေလှုပ်ခေါင်းလှုပ် ဆင်ရုပ်များကိုပါ ပြုလုပ် ကြသည်။ ယခုအချိန်တွင်မူ ကျောက်ဆည်သည် ဆင် ရုပ်ချိုးခြင်းသာမက ဆင်ရုပ်အတွင်း လူဝင်၍ ကပြ သည့် ကျောက်ဆည်ဆင်အကမှာလည်း ထင်ရှား လျက်ရှိသည်။

**ဆောင်းပါး-ခင်မောင်လွင်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ပန်းချီဆရာကြီးဦးငွေကိုင် အမှတ်တရ ပန်းချီပြပွဲကျင်းပ

**ထားဝယ် မတ် ၅**

မြိတ်မြို့ဇာတိဖွား နိုင်ငံကျော်ပန်းချီဆရာကြီး အလင်္ကာ ကျော်စွာ ဦးငွေကိုင် ကွယ်လွန်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲနှင့် စာအုပ်မိတ်ဆက်ပွဲကို ဆရာကြီးကွယ်လွန်သည့် နေ့ဖြစ်သည့် မတ် ၃ ရက်က ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်းရှိ ဓမ္မာရုံတော်၌ ကျင်းပခဲ့သည်။

ပန်းချီပြပွဲနှင့် စာအုပ်မိတ်ဆက်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထားဝယ်ခရိုင် ပန်းချီပန်းပု အစည်းအရုံးဝင်များ၊ ပန်းချီဝါသနာရှင်များ တက်ရောက်ကြပြီး ဧည့်ပရိသတ်များက ဆရာကြီး ဦးငွေကိုင်အား ရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး သီလခံယူ ဆောက်တည်ကြသည်။

ဆရာကြီးဦးငွေကိုင်ကွယ်လွန်ခြင်း နှစ်(၅၀) ပြည့် အထိမ်းအမှတ် အမှတ်တရပန်းချီပြပွဲကို မတ် ၃ ရက် တစ်ရက်တည်း ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် ဆရာကြီး၏ လူသိနည်းသေးသော ပန်းချီကားများနှင့် မှတ်တမ်းမှတ်ရာများကို ပြသခဲ့ကြောင်း သိရသည်။ ထို့အတူ ဆရာကြီး၏ အကြောင်း၊ ဆရာကြီးနှင့် ပတ်သက်ခဲ့ဖူးသူများ၏ အမြင်၊ တွေ့ဆုံခဲ့ချိန်က အမှတ်တရ အဖြစ်အပျက်များ စသည့် အကြောင်းအရာများကို ကလောင်ရှင်များ က စုစည်းရေးသားကြသည့်လွမ်းငွေ့တဝေဝေ မော်ကွန်း မှတ်တမ်း စာအုပ်ကိုလည်း မိတ်ဆက်ခဲ့ကာ ကလောင်ရှင်များအား စာအုပ်ကို မေတ္တာလက်ဆောင် ပေးအပ်ခဲ့သည်။

ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးငွေကိုင်သည် မြိတ်မြို့ဇာတိဖြစ်ပြီး ၁၉၀၁ ခုနှစ် ဩဂုတ် ၂၆ ရက်က မွေးဖွားကာ ၁၉၆၇ ခုနှစ် မတ် ၃ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



(အလင်္ကာကျော်စွာပန်းချီဆရာကြီး-ဦးငွေကိုင်)

# ဂျပန်နိုင်ငံမှ ထောက်ပံ့လှူဒါန်းသည့် ကျေးရွာကျောက်ချောလမ်းဖွင့်

**ကျောင်းကုန်း မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွာသာကုန်းကျေးရွာ၌ ဂျပန်နိုင်ငံ အစိုးရနှင့် ဂျပန်ပြည်သူများ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ခင်းကျင်းပြီးစီးခဲ့သော ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၃ ရက်က ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် ကျေးရွာလမ်းကော်မတီ ဥက္ကဋ္ဌ မန်းသန်းဝင်းဌေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်သံရုံး၏ ဒုတိယအတွင်းဝန် Mr.Keita Iwase က လှူဒါန်းခြင်းရည်ရွယ်ချက်ကို ပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ဂျပန်သံရုံး ဒုတိယအတွင်းဝန်နှင့် သိက္ခာတော်ရဆရာတော်ကြီး မန်းဝင်းဖေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အထိမ်းအမှတ် ခရေပင်ကို စိုက်ပျိုးခဲ့ကြသည်။

ရွာသာကုန်းကျေးရွာရှိ ယခင် မြေသားလမ်းသည် မိုးရာသီတွင် ရေမြုပ်သဖြင့် ၂၀၁၅ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ထောက်ပံ့ငွေ ဒေါ်လာတစ်သိန်းဖြင့် လမ်းအရှည် ၄၄၈၃ ပေကို ရေလွှတ်အောင် လေးပေမြှင့်၍ အကျယ် ၁၄ ပေ၊ ထု ၁၄ လက်မ ကျောက်ချောခင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလမ်းသည် ရွာသာကုန်းကျေးရွာအပြင် ပတ်ဝန်းကျင်ကျေးရွာခြောက်ရွာရှိ အိမ်ထောင်စု ၆၀၀ ကျော်အတွက် အသုံးဝင်သည့်လမ်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သဘာဝဘေးကြောင့် သီးနှံပျက်စီးထိခိုက်သည့် တောင်သူများအား ထောက်ပံ့

**ဆိပ်ဖြူ မတ် ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မိုးစပါး စိုက်ခင်းများ ထိခိုက်ပျက်စီးခဲ့သည့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မြင်ကဝကျေးရွာ၌ မတ် ၃ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရန်နိုင်ဝင်းက စိုက်ပျိုးရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးအေးက ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီတွင် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့် တောင်သူများအား သဘာဝဘေးအန္တရာယ် ခံစားရချိန်တွင် မျိုးစပါးထောက်ပံ့ပေးခြင်း၊ ပျက်စီးခဲ့သော မိုးစပါးများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာ၊ လုပ်သား အခက်အခဲများ ဖြေရှင်းနိုင်ရန် စပါးစိုက်ကိရိယာများ ချိတ်ဆက်ပံ့ပိုးပေးခြင်း ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် မိုးစပါးခင်းများ ထိခိုက်ပျက်စီးခဲ့သည့် အောက်ဆိပ်မြစ်ရေတင် ရေသောက်စနစ်အတွင်းရှိ လယ်မြေ ၃၅ ဧကမှ တောင်သူ ၂၄ ဦးအား တစ်ဧကလျှင် ကျပ်တစ်သောင်းကျပ်နှုန်းဖြင့် ထောက်ပံ့ငွေများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဆိပ်ဖြူမြို့နယ်တွင် ၂၀၁၆ မိုးစပါး စိုက်ပျိုးချိန်က မြစ်ရေဝင်ရောက်မှုကြောင့် လယ်မြေ ၃၅ ဧက ထိခိုက်ပျက်စီးခဲ့ပြီး ရေကျချိန်တွင် လယ်မြေများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စပါးမျိုးတစ်ဧကလျှင် တစ်တင်းခွဲနှုန်းဖြင့် ပံ့ပိုးပေးခဲ့ကာ နည်းပညာပံ့ပိုးကူညီမှုများလည်း ဆောင်ရွက်ခဲ့သဖြင့် မိုးစပါးအထွက်နှုန်း လျော့ကျမှုမရှိပဲ တစ်ဧကလျှင် တင်း ၈၀ အထက်ထွက်ရှိခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ဆရာ ဆရာမများအား မဲရုံဆိုင်ရာလုပ်ငန်း သင်ကြားပို့ချ

**ကျောက်တံခါး မတ် ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဧပြီလတွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား မဲရုံဆိုင်ရာလုပ်ငန်းသင်တန်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစောဘီသိန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ အနက် ၁၀၀ အား မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၏ မဲရုံဆိုင်ရာလုပ်ငန်းများကို သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် ဆရာ ဆရာမ ၁၀၀ အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၅၀ နှင့် မြို့နယ်အားကစားရုံတွင် ၅၀ နှစ်ဖွဲ့ခွဲ၍ နည်းပြအဖြစ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းဦးနှင့် ဦးမောင်အေးတို့က နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကာ ကျန်ရှိသည့် သင်တန်းသား ၃၀၀ ကိုလည်း အဖွဲ့ ခြောက်ဖွဲ့ခွဲ၍ မတ် ၁၀ ရက်အထိ မဲရုံတာဝန်များ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဝါးလက်မှုထည်ပြုလုပ်နည်း အခမဲ့သင်တန်းဖွင့်



**စစ်တွေ မတ် ၅**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေ တိုးတက်ရရှိစေရန်အတွက် ဝါးလက်မှုထည်ပြုလုပ်နည်း အခမဲ့ သင်တန်းကို စစ်တွေ ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း ခန်းမဆောင်၌ မတ် ၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းကို ဒေသခံ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်ပိုင်တစ်နိုင် ဝါးလက်မှုထည်များ ထုတ်လုပ်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေရန် ရည်ရွယ်၍ ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄ ဦး တက်ရောက်ပြီး သင်တန်းကာလ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း ပညာပေးဟောပြောသော်လည်း လိုက်နာမှု အားနည်းနေဆဲဖြစ်

**သုဝဏ္ဏဝတီ မတ် ၅**

မွန်ပြည်နယ် သထုံခရိုင်အတွင်း မှုခင်းဖြစ်ပွားမှုများနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေး ဟောပြောမှုများကို ခရိုင်အတွင်း နေရာအနှံ့အပြားတွင် ဆောင်ရွက်လျက်ရှိသော်လည်း သုဝဏ္ဏဝတီမြို့တွင် ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုတွင် အားနည်းနေဆဲဖြစ်ကာ ယာဉ်တိုက်မှုများလည်း ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

ခရိုင်ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းများကျဆင်းစေရေးအတွက် ကြိုးစားဆောင်ရွက်နေသော်လည်း ပြည်သူများအနေဖြင့် စိတ်ဝင်စားမှုနှင့် စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းများကြောင့် သုဝဏ္ဏဝတီမြို့နှင့် အနီးပတ်ဝန်းကျင် နေရာများ၌ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားနေပြီး လူထိခိုက်သေဆုံးမှုများလည်း ဖြစ်ပွားလျက်ရှိရာ သုဝဏ္ဏဝတီမြို့သိမ်ဆိပ်နယ်မြေရဲစခန်းအပိုင်အတွင်း၌ ၂၀၁၇ ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ယာဉ်မတော်တဆမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကာ ၁၀ ဦး သေဆုံး၍ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါရဲစခန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# ပြည်သူလူထု ပူးပေါင်းပါဝင်မှုကြောင့် မူးယစ်ဆေးဝါးမှု ပိုမိုဖော်ထုတ်ဖမ်းဆီးနိုင်

**ရေး မတ် ၅**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း စိတ်ကြွဆေးပြား ဖမ်းဆီးရမိမှု ခြောက်မှုရှိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၀၇ ပြား၊ တန်ဖိုးကျပ် ၁၄ သိန်းကျော်ခန့်ကို ဖမ်းမိခဲ့ကြောင်းနှင့် အမှုများတွင် အမျိုးသားတရားခံ ၁၅ ဦးအနက် နှစ်ဦးက ထွက်ပြေးတိမ်းရှောင်နေ၍ အမျိုးသားတရားခံ ၁၃ ဦးနှင့် အမျိုးသမီးတရားခံ နှစ်ဦးကို ဖမ်းဆီးရမိထားကြောင်း သိရသည်။

ရေးမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမွန်က ယခု ဖမ်းဆီးရမိမှုများမှာ နယ်ထိန်းအဖွဲ့၏ သတင်းရယူဆောင်ရွက်မှုအားသာချက်အပြင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှု မြင့်တက်လာခြင်းကြောင့် ဖြစ်ကြောင်း၊ နှစ်လအတွင်း ခြောက်မှုအထိ ဖမ်းဆီးမိမှုမှာ ယခင်ကာလများထက် ပိုမိုဖော်ထုတ်ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရေးမြို့နယ်တွင် မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်နိုင်ရန်အတွက် လူစည်ကားရာ နေရာများတွင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် ပြစ်မှုပြစ်ဒဏ်များကို ပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးတွင် ပူးပေါင်းပါဝင်ရန် ပြည်သူများအား စည်းရုံး လှုံ့ဆော်ခြင်းများကို မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး ပြခန်းယာဉ်ဖြင့် ဆောင်ရွက်လျက်ရှိကာ ရေးမြို့နယ်အတွင်း ခရီးစဉ် ငါးကြိမ်ခန့်တွင် မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများအထိ လှည့်လည်ပြသ အသိပညာပေးထားပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေး

**သုံးခွ မတ် ၅**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့တွင် မြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများအတွက် နွေရာသီ အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အားကစားသင်တန်းများမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ဝူရှူး၊ ခြင်းလုံး၊ မြန်မာ့သိုင်း အားကစားများဖြစ်ပြီး သင်တန်းများကို အားကစားနည်း အမျိုးအစားအလိုက် မြို့နယ်အားကစားခန်းမ၊ လောကမာရဇိန်ကျောင်းသစ်၊ ဘုရင့်နောင်အားကစားကွင်းနှင့် လွတ်လပ်ရေးအားကစားကွင်းများ၌ မတ် ၅ ရက်မှ စတင်ဖွင့်လှစ်ခြင်းဖြစ်ကာ ဧပြီ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်း ပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းများသို့ တက်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဖုန်း-၀၉-၄၂၀၁၂၃၆၈၁ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(၀၂၈)**

# နောင်ချိုမြို့နယ်၌ ဖရဲသီးစိုက်ပျိုးသူများပြားလျက်ရှိ

**နောင်ချို မတ် ၅**

တစ်ဖက်နိုင်ငံတရုတ်ပြည်၌ ဖရဲသီးဈေးကွက်ဝင်အရောင်းအဝယ်ဖြစ်နေသောကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်၌ ယခုအခါ အရည်အသွေးပြည့်မီသော ဖရဲသီးမျိုးကောင်း၊ မျိုးသန့်များ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ဖရဲသီးစိုက်ပျိုးသူတစ်ဦးက “ဖရဲသီးဈေးက မနှစ်ကထက်ကောင်းတယ်။ ဖရဲသီးဈေးကောင်းမွန်တော့ စိုက်ပျိုးသူတွေဝင်ငွေတိုးတယ်။ ဖရဲသီးဈေးက မကောင်း၊ ကားလမ်းပိတ်ပြီဆိုရင် ဆုံးရှုံးဖို့သေချာနေပြီ”ဟု ပြောပြသည်။

**စိုးဝင်း(နောင်ချို)**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax) စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်းမိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀ % |
| ၄။ | မလေးရှား | ၆ % |
| ၅။ | ဖိလစ်ပိုင် | ၁၂ % |
| ၆။ | စင်ကာပူ | ၇ % |
| ၇။ | ထိုင်း | ၇ % |
| ၈။ | ဗီယက်နမ် | ၁၀ % |

(ကမ္ဘာ့နိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည် နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇ % |
| ၂။ | ပြင်သစ် | ၂၀ % |
| ၃။ | ဂျာမနီ | ၁၉ % |
| ၄။ | ဒိန်းမတ် | ၂၅ % |
| ၅။ | အိန္ဒိယ | ၁၄ % |
| ၆။ | ဂျပန် | ၈ % |
| ၇။ | နယူးဇီလန် | ၁၅ % |
| ၈။ | နော်ဝေ | ၂၅ % |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/ တန်ဖိုးဖြည့်ခွန် (Value-Added Tax)/ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax) ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅.၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www.kpmg.com/taxrates တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၇)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ(MPPE Warehouse Mandalay, Yangon, & Nay Pyi Taw)တို့ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (၁) | Fire Fighting Truck (Water and Foam) | 1 Uint | (MPPE Warehouse Yangon) |
| (၂) | Air Conditioner | 2 Items | (MPPE Warehouse Nay Pyi Taw) |
| (၃) | Fire Extinguisher | 2 Items | (MPPE Warehouse Yangon) |
| (၄) | 600 IGPM Water Pump (Engine Driven) | 2 Nos | (MPPE Warehouse Mandalay) |
| (၅) | Air Compressor (4" ϕ Vertical Type)(2 Cylinder) | 2 Nos | (MPPE Warehouse Mandalay) |
| (၆) | Air Compressor with motor | 1 No | (MPPE Warehouse Yangon) |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၃-၂၀၁၇ ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၃-၂၀၁၇ ရက် ၁၂:၀၀ နာရီ
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူ လိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် ( ၆ .၃. ၂၀၁၇) ရက်
၃။ တင်ဒါပိတ်မည့်ရက် ( ၉ .၃. ၂၀၁၇) ရက်
၄။ တင်ဒါပိတ်မည့်အချိန် ( ၁၂ : ၀၀ ) နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉,၄၁၀၂၈၂

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲတွင် လိုအပ်လျက်ရှိသော ဂွမ်းမွေးစမ်းသပ်ခန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့် တင်ဒါများခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၂၆နှင့် ၀၆၇-၄၁၁၁၆သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်** - ၆-၃-၂၀၁၇ရက်
**ပစ္စည်းတစ်ခုချင်းအတွက်** နံနက် ၉း၃၀နာရီ
**ဈေးနှုန်းတင်သွင်းလွှာစတင်ရောင်းချမည့်ရက်**
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၁၃-၃-၂၀၁၇ရက်
မွန်းလွဲ ၁း၀၀နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

# မြန်မာဂေါက်သီးရိုက်အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း ဇမိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၏ ၂၀၁၆-၂၀၁၇ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေးအား ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင်လည်းကောင်း၊ ၂၀၁၇-၂၀၁၉ခုနှစ် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယင်းနေ့ နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိလည်းကောင်း ကျင်းပရန်ရှိပါသဖြင့် အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းသားများ အနေဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ၁-၄-၂၀၁၆ရက်မှ ၃၁-၁၂-၂၀၁၆ရက် အထိ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ၁၁-၃-၂၀၁၇ ရက်မှစ၍ အသင်းတိုက်ကောင်တာတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
## ယာဉ်၊ စက်ယန္တရားများနှင့် စက်ပစ္စည်းများ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီများမှ လိုအပ်လျက်ရှိသော ယာဉ်၊ စက်၊ ယန္တရားများအား ဝယ်ယူလိုပါသည်-

| စဉ် | ယာဉ်အမည် | အရေအတွက် | အမျိုးအစား |
|---|---|---|---|
| (က) | အမှိုက်သိမ်းယာဉ်(Truck) | (၅)စီး | အင်ဂျင်မြင်းကောင်ရေ (၁၁၅-၁၃၀) (၈တန်မှ၁၀တန်) |
| (ခ) | ရေပုပ်စုပ်ယာဉ် | (၁)စီး | ဂါလန်(၁၂၀၀) |
| (ဂ) | လမ်းကြိတ်စက် | (၄)စီး | (3 Wheel) (၈တန်မှ၁၀တန်) |

၂။ ယာဉ်၊ စက်၊ ယန္တရားများ၏ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများသည် လျှောက်လွှာနှင့်အတူ ယာဉ်၊ စက်၊ ယန္တရားများ ထုတ်လုပ်သည့်နိုင်ငံ၊ အမည်၊ ဈေးနှုန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty) ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ယာဉ်၊ စက်၊ ယန္တရားများဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ပုံစံများ၊ ကုမ္ပဏီ Profile များ၊ ယာဉ်များအတွက် လိုင်စင်အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်-

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူနိုင်မည့်ရက်**
**ရက်** - ၇-၃-၂၀၁၇ရက်(အင်္ဂါနေ့)
**အချိန်၊ နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်**
**ရက်** - ၁၃-၃-၂၀၁၇ရက်(တနင်္လာနေ့)
**အချိန်၊ နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်**
**ရက်** - ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့)
**အချိန်၊ နာရီ** - နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ
**နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၄။ ယာဉ်၊ စက်၊ ယန္တရားများ ဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် (၅%)ပေးဆောင်ထားခြင်းမရှိပါက ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax) (၂%)နှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%) နှစ်ရပ်ပေါင်းအားခုနှိမ်ပြီး ကျန်ငွေအားအရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၃၉၁၅နှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းသူကိုယ်တိုင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများသို့ ခွဲဝေထောက်ပံ့ပေးနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနရန်ပုံငွေဖြင့် ခန့်မှန်းကတ္တရာ ၆၀၀ တန်ကို ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရယူနိုင်မည့် နေ့ရက် - ၇-၃-၂၀၁၇ ရက် (အင်္ဂါနေ့)
အချိန်နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ခ) တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက် - ၁၃-၃-၂၀၁၇ ရက် (တနင်္လာနေ့)
အချိန်နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက် - ၁၄-၃-၂၀၁၇ ရက် (အင်္ဂါနေ့)
အချိန်နာရီ - နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာအား ထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင် ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန်(Custom Duty)ပေးဆောင်ပြီးကြောင်း ထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာအရည်အသွေးထောက်ခံချက် တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

| | | |
|---|---|---|
| Specific Gravity @ 25/25 deg C | 1.01-1.04 | D-20 |
| Penetration @ 25 deg C | 80-100 | D-5 |
| Softening Point deg C | 43-48 | D-36 |
| Ductility at 25 deg C(cm) | 100 Min; | D-113 |
| Loss on Heating (%) | 0.5 Max; | D-6 |
| Droap in Penetration after Heating Point | 20 Max; | D-5 |
| Flash Point deg C | 220 Min; | D-92 |
| Solubility in Trichloroethane % wt | 99.5 Min; | D-2042 |
| Organic Matter in Soluble in Trich wt | 0.2 Max; | D-2042 |
| Wax Content PCT | 2.0 Max; | DIN-52015 |

၃။ တင်သွင်းမည့် ကတ္တရာဈေးနှုန်း ပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မ တန်ဖိုး (အထိုင်ဈေးပေါ်)တွင် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကိုခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ အား သိရှိလိုပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅ သို့ဖြစ်စေ၊ တင်ဒါတင်သွင်းသူကိုယ်တိုင် လာရောက်၍ဖြစ်စေ ရုံးချိန် အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၄)၊ ဦးပိုင်အမှတ်(၁၈) ၇၀×၇၁လမ်း၊ မြဝတီမင်းကြီး× မြို့ရိုးလမ်းကြားရှိ ဦးတင်အေးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်မြငွေ ၅/ဝလန(နိုင်)၀၀၆၆၃၈မှ မြေချထားမိန့်မူရင်း ငွေသွင်းပြေစာမူရင်းများပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၅၇×၅၈၊ ငကြွဲ×ခိုင်ရွှေဝါ လမ်းကြားရှိ ဒေါ်ခင်ခင်မာအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်အေးထွေး ၉/အမဇ(နိုင်)၀၀၇၅၆၇မှ မြေစာလစ်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေး ဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

# ကြေညာချက်

## ၂၀၁၇ခုနှစ် မတ် ၃ရက်

၁။ ၂၀၁၇ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေ ထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ထုတ်ဝေထားပါသည်-

(က) အက္ခရာအရေအတွက် = ၅၂ လုံး
(ခ) ထီစာအုပ်ပေါင်း = ၄၂၅၄၅၃၆ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၄၆၇၉၉၈၉၆ စောင်

၂။ (၁) ကြိမ်မြောက်အတွက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်းရောင်းချပြီးဖြစ်ပါသည်-

(က) အက္ခရာအရေအတွက် = ၃၅ လုံးကျော်
(ခ) ထီစာအုပ်ပေါင်း = ၂၈၈၈၈၈၉ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၃၁၇၇၇၇၇၉ စောင်

၃။ (၁) ကြိမ်မြောက်အတွက် ကျပ် ၅၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချရန် ကျန်ရှိနေပါသည်-

(က) အက္ခရာအရေအတွက် = ၁၆ လုံးကျော်
(ခ) ထီစာအုပ်ပေါင်း = ၁၃၆၅၆၄၇ အုပ်
(ဂ) ထီစောင်ရေပေါင်း = ၁၅၀၂၂၁၁၇ စောင်

၄။ ရောင်းချရန်ကျန်ရှိသည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုပါက TF-1 ချလန်ဖြင့်ဘဏ်သို့ငွေသွင်းပြီး အောက်ပါအတိုင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) **ရောင်းချမည့်နေရာ** = အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်
(ခ) **ရောင်းချမည့်ကာလ** = ၃-၃-၂၀၁၇ရက်မှ ၂၄-၃-၂၀၁၇ရက်ထိ

**အောင်ဘာလေသိန်းဆုဌာနခွဲ**

---

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**ကချင်ပြည်နယ်-မြစ်ကြီးနားမြို့**
**စက်မှုကုန်ကြမ်းသစ်မာ (သစ်လုံး/တိုင်/ခွဲသား/ဓားရှွေ)များ**
**အိတ်ဖွင့်လေလံကြော်ငြာအမှတ်-၀၃/၂၀၁၆-၂၀၁၇**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနနှင့် စက်မှုကုန်ကြမ်းသစ်မာ(သစ်လုံး/တိုင်/ခွဲသား/ဓားရှွေ)များကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၃-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - (သတ-ဖ)အုပ်စု(၁)တိုင် ၈၄ ဒသမ ၆၆၃ တန်
- (သတ-ဖ)အုပ်စု(၁)ဓားရှွေ၀၄ဒသမ၃၄၄၂ တန်
- (သတ-ဖ)အခြားခွဲသား ၃ ဒသမ ၇၇၂၄ တန်
- (သတ-ဖ)အုပ်စု(၄/၅)သစ်လုံး ၃၆ဒသမ ၃၄၀တန်
- (သတ-ဖ)အုပ်စု(၂)သစ်လုံး/တိုင် ၁၁၁ ဒသမ ၅၄၂တန်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်း ရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း၏ Website ဖြစ်သော www. myanmar timer com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

---

**ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် မတ်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်**

"Marketing Management Course for Entrepreneurs"

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၇-၃-၂၀၁၇ မှ ၁၆-၃-၂၀၁၇ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန်- ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)

**ဖုန်း-၀၁-၅၂၂၈၇၅၊ ၀၁-၅၂၂၈၇၆၊ ၀၉-၂၅၂၈၅၄၃၃၉**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၃၀/ကြပ်ပြင်ကြီးကွင်း၊ ဦးပိုင်အမှတ်(၇-ဃ)၊ ဧရိယာ ၀ဒသမ၁၁၀ ဧကရှိ ဒေါ်ငွေငွေသန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးသန်းအေး(ဘ)ဦးလျှောင် ၇/ရတရ(နိုင်)၀၇၂၈၇၃ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်မူရင်းတင်ပြ၍ မြေငှားစာချုပ်မြေအမည်ပေါက်ပြောင်းလဲပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်မြေအမည်ပေါက် ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၆၀၅၉)၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ ဦးညဏ်မိုးသင်း(ဘ) ဦးလှသင်း ၁၂/ရကန(နိုင်)၀၂၆၈၄၅ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝင်းစိန်(ဘ)ဦးမောင်ညို ၁၃/ကတန(ဧည့်)၀၀၀၂၅၀ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (ဒ-၆၀၇၉၊ ၆၀၈၀)၊ ဧရိယာ ၀ဒသမ၁၁၀ဧက၊ ဒေါ်စောအေး၊ ဒေါ်ခိုင်သန္တာဇင်(ဘ)ဦးဖိုးအေး၊ ဦးသန့်ဇင်၊ ၉/ပမန(နိုင်)၀၇၆၂၇၄၊ ၉/ပမန(နိုင်) ၁၄၆၀၆၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုင်းအိုက်ရီ (ဘ)ဦးလောလီး ၁၃/တခလ(နိုင်)၀၆၆၂၂၂ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

---

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/3555 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရှာသာကြီး)**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7A/8320 Nissan Petrol P/U(4x4) R ယာဉ်လက်ဝယ်ရှိသူ U Bo Kyaw Kyaw Thein Win ၁၂/ပဘတ(နိုင်)၀၀၂၂၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

မုံရွာမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါမြေနေရာများအားမြေငှားစာချုပ်(အသစ်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အမှုတွဲအမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးလှမိုး ပါ ၂ | ၅/မရန(နိုင်)၀၁၅၇၇၈ | ၂၀၂ V ၄ား ၂၀၁၅-၂၀၁၆ | ၈၉-အင်းစပ် | ၁၆-ခ | ၀.၁၁၅ | ထန်းတော |
| ၂ | ဒေါ်ပြုံးရီ | ၅/ဟမလ(နိုင်)၀၂၉၅၆၉ | ၁၃၇ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၃-တ | ၇၇ | ၀.၁၄၇ | မြို့သစ် |
| ၃ | ဦးဝင်းဗိုလ် ပါ ၂ | ၅/မရန(နိုင်)၁၇၀၄၅၉ | ၄၇၃ V ၄ား ၂၀၁၄-၂၀၁၅ | ၆၇၄ | ၃ | ၀.၀.၃၉ | မြဝတီ |
| ၄ | ဦးကျော်မြိုင် | ၅/ကနန(နိုင်)၀၁၀၁၉၄ | ၆၂၉ V ၄ား ၂၀၁၆-၂၀၁၇ | ၄၃-သီရိနန္ဒာ | ၁၈၃ | ၀.၀၈၄ | ရတနာပုံ |
| ၅ | ဦးကျော်သူစိုး | ၅/ဘတလ(နိုင်)၀၅၈၉၆၇ | ၆၃၂ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၃-က | ၁၂လမ်း-၁၀၂ | ၀.၁၄၇ | မြို့သစ် |
| ၆ | ဦးအောင်သိုက် ပါ ၂ | ၅/ခဥတ(နိုင်)၀၂၁၉၀၇ | ၂၁၀ V ၄ား ၂၀၁၅-၂၀၁၆ | ၈၁ | ၁၁၈ | ၀.၀၂၉ | ရန်ကင်း |
| ၇ | ဒေါ်ခင်ညို | ၅/မရန(နိုင်)၀၃၉၅၅၈ | ၆၂၇ V ၄ား ၂၀၁၆-၂၀၁၇ | ၃၆-အောင်ချမ်းသာ-ဃ | ၁၀၇-က၊ ၁၈၇-ဌ | ၀.၀၇၉ | အောင်ချမ်းသာ |
| ၈ | ဒေါ်သန်းသန်းဆင့် | ၅/မရန(နိုင်)၀၁၈၂၀၄ | ၂၉၅ V ၄ား ၂၀၁၆-၂၀၁၇ | ၆၇၀ | ၆၇-ခ | ၀.၀၉၂ | ထန်းတော |
| ၉ | ဒေါ်ညွန့်ညွန့်သန်း | ၂/လကန(နိုင်)၀၁၅၀၇၆ | ၆၂၈ V ၄ား ၂၀၁၆-၂၀၁၇ | ၇၃-ရွှေဝါရောင် | ၀၇၁-က | ၀.၀၇၃ | ချမ်းမြသာစည် |
| ၁၀ | ဒေါ်ခင်စိုးမြင့် | ၅/မရန(နိုင်)၂၃၉၆၁၃ | ၆၃၀ V ၄ား ၂၀၁၆-၂၀၁၇ | ၆၇၅-တလုံးတောရ | ၇/၁ | ၀.၁၄ | ရတနာပုံ |
| ၁၁ | ဒေါ်စန်းစန်းမြင့်စိန် | ၅/မရန(နိုင်)၁၈၉၂၆၉ | ၆၁၂ V ၄ား ၂၀၁၆-၂၀၁၇ | ၃၃၃-က | ၈၄/က | ၀.၁၁၀ | အိုးဘိုတောင် |

**ကော်လိတ္တော်အရာရှိ(မုံရွာခရိုင်)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၅၄၊ မြေကွက်တည်နေရာအမှတ် (၅/၈၅၄)၊ သပြေကုန်းလမ်းမကြီး၊ ညောင်ကုန်းရပ်ကွက်၊ ဒလမြို့နယ် ဒေါ်မြင့်မြင့်ခိုင် အမည်ပေါက် ပါမစ်မြေအား (က)ဒေါ်မြင့်မြင့်ခိုင် ၁၂/ခရန(နိုင်)၀၀၀၀၇၇၊ အမည်ပေါက် မြေချပါမစ်မူရင်း၊(ခ) ဒေါ်မြင့်မြင့်ခိုင်ထံမှ ဦးအေးမင်း ၁၂/ဒလန(နိုင်)၀၄၃၅၆၃ ဝယ်ယူသည့် ၂၂-၁၁-၂၀၀၅ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ (ဂ)ဦးအေးမင်းထံမှ ဦးကျော်မြင့် ၁၃/တကန(နိုင်)၁၈၂၂၉၃ ဝယ်ယူခဲ့သည့် ၇-၂-၂၀၁၄ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်တို့အား တင်ပြ၍ ဦးကျော်မြင့် ၁၃/တကန(နိုင်)၁၈၂၂၉၃ မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဈေးကွက်ဗဟိုချက်အဖြစ် ပေါ်ထွန်းလာတော့မည့် တညင်းကုန်းအဆင့်မြင့်ဈေးကြီး



ပုလဲလမ်းနှင့် ရွှေပြည်သာတံတားလမ်းထောင့်တွင် တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့်ဈေးကြီး တည်ဆောက်နေမှုကို တွေ့ရစဉ်

**သတင်း- မောင်သင်းပျံ့၊ ဓာတ်ပုံ - မောင်ဘုန်း**

**ရန်ကုန် မတ် ၅**

မြန်မာ့စိုက်ပျိုးရေးနှင့် သစ်သီးဝလံ၊ ပန်းမန်ဥယျာဉ်စိုက်ပျိုးခြင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ရောင်းချသူတို့၏ လူမှုဘဝများ တိုးတက်မြှင့်မားလာစေရန် မြန်မာနိုင်ငံတွင် လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်အဆင့်မြင့်ဈေးကြီးကို ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်က တညင်းကုန်းဈေးအနောက်ဘက်ရှိ စီမံကိန်းမြေနေရာ ၈၂ ဧကတွင် အဆင့်မြင့်လက်ကားဈေးကြီးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ တညင်းကုန်းလက်ကားဈေးကြီးသည် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်သော လက်ကားဈေးကြီးလည်း ဖြစ်သည်။

ဈေးကြီးတည်ဆောက်ရာတွင် အဆောက်အအုံဆောက်မည့် အကျယ်အဝန်းမှာ ၂၆၅၂၄၇၈ စတုရန်းပေခန့်ရှိပြီး လူနေ ဆိုင်ခန်း အလုံး ၂၀၀ တွင် သုံးထပ်အမြင့် လူနေဆိုင်ခန်း ၁၃၉ လုံးနှင့် လေးထပ်အမြင့် လူနေဆိုင်ခန်း ၆၁ လုံး ပါဝင်ပါသည်။ လူနေဆိုင်ခန်း ဧရိယာမှာ စတုရန်းပေ ၁၅၀၆၁၀၅ ဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

## ချင်းပြည်နယ်အတွက် ဝင်ငွေတိုးပွားစေမည့် တစ်ပိုင်တစ်နိုင် နွားနောက်မွေးမြူရေးလုပ်ငန်း



စာ ➤ ၁၆

## ပွင့်ဖြူမြို့နယ်အတွင်းရှိ မတ်ပဲစိုက်တောင်သူများ အထွက်နှုန်းကျ၍ တွက်ခြေမကိုက်

စာ ➤ ၁၇



## မွေးမြူရေးလုပ်ငန်းရှင်များအား ဥပဒေလိုက်နာရန် ရန်ကုန်တိုင်းလွှတ်တော် ကော်မတီတိုက်တွန်း

စာ ➤ ၁၈



# စပါးအသင်း အိမ်ကွင်း၌ အဲဗာတန်ကို အနိုင်ယူ

**သီဟ**

ပရီမီယာလိဂ်ပွဲစဉ် (၂၇) တနင်္ဂနွေနေ့က အစောပွဲစဉ်အဖြစ် စပါးအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပါးအသင်းက အိမ်ကွင်းတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ စပါးအသင်းဟာ ပွဲစဉ်(၂၇)ကို ကစားပြီးချိန်မှာတော့ ရမှတ် ၅၆ မှတ်ဖြင့် ဇယားအဆင့်နှစ်တွင် ရပ်တည်နေသည်။

စပါးအသင်းသည် အိမ်ကွင်းတွင် အနိုင်ရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် မိနစ် ၂၀ တွင် ဟယ်ရီကိန်းက ဦးဆောင်အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ အဲဗာတန်အသင်းသည် ဦးဆောင်ဂိုးပေးလိုက်ရသည့်အတွက် ချေပဂိုးပြန်လည်ရရှိရေးအတွက် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၂၉ မိနစ်တွင် ဂါနာက ချေပဂိုးသွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်း ပြီးဆုံးသွားခဲ့သည်။

စပါးအသင်းဟာ ဒုတိယပိုင်းတွင် အနိုင်ဂိုး ပြန်လည်ရရှိရေးအတွက် ကြိုးစားခဲ့ရာ ပွဲချိန် ၅၆ မိနစ်အရောက်မှာ ဟယ်ရီကိန်းကပင် ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။ အဲဗာတန်အသင်းသည် နောက်ထပ်ဦးဆောင်ဂိုး ပေးလိုက်ရသည့်အတွက် ဂိုးပြန်လည်ရရှိရေးအတွက် ကြိုးစားခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် လူကာကူက ချေပဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ အရောက်မှာတော့ စပါးအသင်းအတွက် အနိုင်ဂိုးကို ဒယ်လီအလီက သွင်းယူပေးခဲ့ပြီး သုံးဂိုး-နှစ်ဂိုးဖြင့် စပါးအသင်း အနိုင်ရရှိကာ ပွဲပြီးဆုံးသွားခဲ့သည်။




စပါးအသင်းအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ဟယ်ရီကိန်း သွင်းယူစဉ်

ငွေစုချင်သူများအတွက်
အထူးအစီအစဉ်
FIXED DEPOSIT
FOR THREE MONTHS
10% p.a
INTEREST
AGDBANK
Asia Green Development Bank Limited.
Tel: 01-23 99 333
(၃၁-၃-၂၀၁၇)ရက်အထိ ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)နှင့်အထက် (၃)လတိတိအပ်နှံသူများ ခံစားခွင့်ရှိပါသည်။

